www.burmeseclassic.com

# မယ်ခိုင်

# ကြယ်တံခွန်ထဲက ခရုအိမ်

အချစ်

လုံးချင်းဝတ္ထုသစ်



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၉၂၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၀၃၀၆၁၁
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၁၊ ဇန်နဝါရီ
ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ - ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်
ဖြန့်ဈေး - ၁၀၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မယ်နိုင်
ကြယ်တံခွန်ထဲက ရေအိမ်/ မယ်နိုင်။ - ရန်ကုန်
ရွှေဥစာပေ၊ ၂၀၁၁။
၂၈၄ - စာ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) ကြယ်တံခွန်ထဲက ရေအိမ်

မင်းအတွက်ဆို
ရင်ထဲက ကလီစာတွေ
ရင်ထဲက သယံဇာတတွေ
စုတ်ပြတ်သွားပါစေ
ငါ မမှုဘူး ချစ်သူ။
အကယ်၍ နင်ဟာ
ဗျတ္တိဖြစ်ခဲ့မယ်ဆိုရင်တောင်
ငါက . . .
မအိုစာလို
ကွမ်းတစ်ယာ၊ ရေတစ်မှုတ်နဲ့
အသက်ကိုမချော့ဘဲ
စားခွဲပြီး
ငို့ရင်နှစ်မြှာကို
ခွဲပြမည့်လူမျိုးပါ . . .။
အဲဒီအချိန်မှာ
မျက်ဝန်းတွေကို
ဝိတ်မထားလိုက်ပါနဲ့
နောက်ဆုံးထွက်သက်အတွက်
အကြည့်လေးတစ်ချက်တော့
လက်ဆောင်ပေးသင့်သေးတယ်လေ . . .



ရွှေပဒေသာ

www.burmeseclassic.com



"ဂျက် . . . မင်းခေါင်းကြီးတော့ငင်းနေပြီ"

ဟု နောက်လိုက်လျှင် အသက်ဆယ့်ကိုးနှစ်သာ ရှိသေးသော ဂျက်မှာ သူ၏စကိတ်ကို ဖက်လိုက်ပြီး လျှပ်စီး လက်သလိုပင် ရင်ဘတ်ကိုကော့ပြီး ထရပ်ကာ . . .

"သိပ်လှတယ်ကွာ"

ဟု လှိုက်လှိုက်လှဲလှဲကြီး ပြောချပစ်လိုက်သည် တွင် ကျန်သူငယ်ချင်းများမှာ လက်ကာပြသူကပြ၊ ခေါင်း ယမ်းသူက ယမ်း၊ နှာခေါင်းရှုံ့သူက ရှုံ့နှင့် ဂျက်ကို အမျိုးမျိုး သရော်ပြနေကြပါတော့သည်။ သို့သော် ဂျက်ကတော့ ဟန်ပုံး လေးတွန့်၍ သူ၏သူငယ်ချင်းများကို ကြည့်ကာ . . .

ရွှေဥဒေသာ

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ဆို ရုနစ်ရက်မြောက်ပဲ။ ငါ ကြိုးစားသင့်ပြီ လို့ မထင်ဘူးလား"

ဟုဆိုတော့ ပြုံးသလိုနှင့် စိုက်ကြည့်လာကြပါသည်။

"အားမပေးဘူးလား"

"ဒီကောင်မလေးပုံစံကြည့်ရတာ နည်းနည်းအထာကြီးမယ့်ပုံပဲ"

"ပယ်တာလား"

"ကြည့်လုပ်ပါကွာ။ ငါတို့ထက် အသက်ကြီးပုံရတယ်"

"မ.ဇာတ်လမ်းပေါ့ကွာ"

"အဲ့လိုအသက်ကြီးရင် ဆရာလုပ်တတ်တယ်ကွ"

"နိုင်တူး . . . ငါ့ရင်ဘတ်ကို စမ်းကြည့်စမ်း"

ဟုဆို၍ နိုင်တူးရဲ့လက်ကိုကိုင်ပြီး ဂျက်က သူ၏ဘယ်ဘက်ရင်အုံတွင်ကပ်လိုက်လျှင် အားလုံးမှာ ခေါင်းယမ်းကုန်ကြပါသော်လည်း ဂျက်က အပြုံးမပျက်ပင် . . .





"မင်းတို့ စောင့်ကြည့်နေ"

ဟုဆိုပြီး စက်ဘီးကိုချနင်းကာ ကျွမ်းကျင်စွာပင် စာအုပ်ပိုက်ပြီး တစ်လှမ်းချင်းသွားနေသော ဆံပင်ရှည်ရှည်နှင့် လှပသောမိန်းမလှလေးနား ကားသွားခဲ့သည်တွင် အရှိန်က များသွား၍ သူ့အဖြတ်တွင် ဝေ့ဝဲလာသော သူမရဲ့ ဆံနွယ်ရှည်လေးများက သူ့အင်္ကျီဇစ်နှင့် ငြိတွယ်သွားပြီး .

"အား"

"ဆောရီး"

အကြံသမားလေး ဂျက်မှာ သူ့အင်္ကျီဇစ်မှ သူမရဲ့ ဆံနွယ်လေးများကို ဖြေပေးလိုက်ပါသည်။

သူမမှာ အမှန်တကယ်နာသွား၍ထင်သည် နှာသီးဖျားလေးတွေပင် ရဲစိုနေ၍ ရုတ်တရက်ဆိုသလို ဂျက်ရဲ့စိတ်ထဲ မကောင်းဖြစ်သွားရပါသည်။

အမှန်က ဂျက် အဲ့လောက်ထိ သူမကိုနာကျင်စေဖို့ မည်ရွယ်တာ အမှန်ပါ။

စာအုပ်ကိုပွေ့ထားသော သူမရဲ့တံတောင်ဆစ်ကို



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင်တိုက်မိဟန်မျိုးနှင့် ဖန်တီးပြီး စာအုပ်ကျသွားခဲ့လျှင် ကောက်ပေးကာ သူမရဲ့နာမည်ကိုကြည့်ချင်ရုံ ကြံရွယ်မိခဲ့တာပါ။

"နာသွားလား"

"ရပါတယ်"

ဟုသာ ခပ်ပြတ်ပြတ်ဆို၍ ထွက်သွားသည်တွင် သူက နောက်မှကပ်လိုက်ကာ . . .

"မက သိပ်လှတာပဲ"

"ကျေးဇူးပဲ"

"မနဲ့ခင်လို့ရမလား"

"ဆောရီးပါ။ တို့က တို့ထက်ငယ်တဲ့လူခဲတွေကို မခင်တတ်ဘူး"

"အဲဒါဆိုလည်း မ နာမည်လေးတော့ ပြောခဲ့ပါလား"

"ဟုတ်ပြီလေ။ မင်း တို့နောက်ကို အဲဒီလို သရုပ်ပျက်ပျက်မလိုက်ပါဘူးလို့ ကတိပေးရင် ပြောခဲ့မယ်"





"right! promise"

"ခရုအိမ်။ တို့နာမည် ခရုအိမ်။ ကဲ . . . ရပြီလား"

ဟုဆိုကာ ခပ်သုတ်သုတ်ထွက်သွားသော လှပတဲ့ ကျောပြင်လေးကို ကြည့်ရင်း ရပ်ကျန်နေခဲ့သည်တွင် သူ၏သူငယ်ချင်းများက ရောက်လာကြပြီး . . .

"ဂျက် . . . မင်းကို ရဲတိုင်မယ်လို့ ခြိမ်းခြောက်သွားလို့လား"

"နိုး"

"ဘာဖြစ်လို့ ဆက်မလှုပ်ရှားတာလဲ။ မင်းရာဇဝင်မှာ ဒါမျိုးမှမရှိတာကို"

"ဟတ်ထိသွားပြီကွာ။ ဟတ်ထိသွားလို့ကွာ"

"ဘာ!"

"မတူဘူး . . . ကောင်မလေးတွေနဲ့မတူဘူး"

"ဘယ်တူမလဲ။ ကောင်မကြီးပဲဟာကို"

"ခရုအိမ်တဲ့။ Her name is ခရုအိမ်"

"လွယ်လှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"မလွယ်ဘူး။ ငါ ဆက်လိုက်လို့မရတာဘဲ ကြည့်လေ။ မလွယ်ဘူး"

"ဩော် . . . ဒီလိုလား"

"ငါစွဲသွားပြီ . . . သေချာတယ်။ နောက်နေ့တွေလည်း ငါ လူရှင်တော်လုပ်တော့မယ်"

"အကြောင်းမသင့်ရင် ပါးထတီးခံရနိုင်တယ်နော်။ မျက်နှာက အတင်းကြီးရယ်"

"မှန်တိုင်းပေါ့ကွာ။ မှန်တိုင်းရဲ့နောက်မှာ လေပြည်လေညင်းလေ"

ဟု အားတက်သရောဆိုလိုက်တော့ အားလုံးမှာ ခေါင်းခါကုန်ရပါသည်။ သို့သော် နိုင်တူးက . . .

"အေးကြည်သာကို ဘယ်လိုလုပ်မလဲ"

"ဟုတ်တယ် . . . ကေမီချိန်ကိုရော"

"ခေါက်ထားမှာပေါ့။ အေးကြည်သာက မီးနဲ့တူတယ်။ ကေမီချိန်က ရေနဲ့တူတယ်။ တော်မီလင်းက နေနဲ့တူတယ်။ လင်းသော်တာက လေနဲ့တူတယ်"





"ဘယ်လိုခေါက်မလဲ။ သူတို့က မင်းကို ဝါးမျိုမယ့်အမျိုးတွေနော်"

"အခု ငါ့ရင်ခုန်သံအသစ်က ခရုအိမ်။ ကဲ . . . ရပြီနော်"

"မလွယ်ဘူးပဲ"

"အင်း! မကြာခင် မိန်းကလေးတွေ ပါးရိုက်ပွဲ ကျင်းပကြမလား။ ဆံပင်ဆွဲပွဲ ကျင်းပကြမလား။ ဒါမှမဟုတ် မင်းခေါင်းပေါ် ခဲမိုးပဲ ရွာမလား။ စောင့်ကြည့်ရမယ့်အနေအထားပဲ"

"စောင့်ကြည့်ပါ။ ဘယ်လောက်ပဲ အခြေအနေဆိုးဆိုး တို့ရဲ့ ချဲလ်ဆီးအသင်းကတော့ ခြေဆွမ်းတွေ မလျှော့ထွက်ပါဘူး . . . အဟဲ။ ဒရော့ပါကလည်း အရှောင်သော သွင်းမှာပဲ။ ဝီတာချက်လည်း ကြိုးစားပြီး ဖမ်းမှာပဲ။ သဘောပေါက်တယ်နော်"

"အေးပါ . . . အရှောင်သောက မှန်နေရင်တော့ ဂိုးတာပေါ့။ လွှကျံနေရင်တော့ မောတာပဲအဖတ်တင်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ပျော်ချိန်တောင်ရလိုက်မှာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် တို့တွေက တိုက်စစ်မှူးလေ။ ကန်ခွင့်ရှိတယ်။ တစ်ကွင်းလုံးမှာ ဒိုင်လူကြီးလိုတော့ ဘောလုံးနားကပ်လိုက်ပြီး မရှောင်နေရရင်ပြီးတာပဲ"

"မင်းက ဘောလုံးကို ကန်မှာပေါ့"

"ဒါပေါ့"

"ဂိုးသမားကတော့ ဘောလုံးကို မိမိရရကို ဖမ်းတာနော်"

"ဘောလုံးလေးကို ကစားမယ်။ ဂိုးသမား မျက်စိလည်သွားမှာ ဖမ်းမိအောင် ကန်သွင်းမယ်။ ကဲ . . . ငါ့တိုက်စစ်က ဘယ်လောက်အဆင့်မြင့်သလဲ"

"မင်းကန်မယ့်ဘောလုံးက တံဆိပ်ကြီးနဲ့ဆိုရင်တော့ မင်း နားကားဦးမယ်"

"မင်းပါးစပ်ကို အိမ်သာရေနဲ့ဆေးလိုက်စမ်း . . . ရဲဘော်"

"အနည်းဆုံး နှစ်ဆယ့်ငါးတော့ရှိလောက်ပြီ။ ဒီ





အရွယ်မှာ အပုံမရှိဘူးဆိုတာ လုံးဝ မရှိလောက်ဘူး"

"ဒီနေ့ မင်းတို့ကို လက်ဖက်ရည်တိုက်မည့် အစီအစဉ်ကို ခုပဲဖျက်တယ်"

ဟု ဂျက်ကဆိုလိုက်လျှင် အားလုံးမှာ မြူးတူးပျာတာပင် . . .

"ဟာ . . . ပေ့ကောင် ဂျက်။ မဟုတ်ဘူး။ အဲဒီစကားတွေကို ပြန်ရုပ်သိမ်းတယ်ကွာ"

ဟုသာ တညီတညွတ်ကြီး ပြောပစ်ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မ"

ဟုခေါ်လိုက်သည်နှင့်တစ်ပြိုင်နက် သူမက ဆတ်ခနဲလှည့်ကြည့်လိုက်ရာ လူငယ်ချောလေးက စကိတ်ကို စလိုးလေးစီးနေရာမှ အရှိန်တန့်သွားပြီး စကိတ်ရဲ့ထိပ်တစ်ဖက်ကို ဆတ်ခနဲနင်းလိုက်ပြီး မြောက်တက်လာသော စကိတ်ကို ကျင်လည်စွာ ဖမ်းလိုက်ပါ၏။

"မကို ကျွန်တော် တွေ့ဖူးတာ ဒါဆို ကိုးကြိမ်မြောက်ပဲ၊ အဲဒါဆို နှောင့်ယှက်တယ်လို့ မဆိုနိုင်တော့ဘူး။ ဒါ ရေစက်ပဲ"





ဟု သူမရဲ့မျက်နှာရိပ်ကို ကျင်လည်စွာအကဲခတ်ပြီး သူမ ဘာမှမပြောရသေးခင်ပင် ဖြေရှင်းချက်ပေးပြီး နေသော ထိုကောင်ချောလေးကို သူမစိတ်ထဲ ခါးခါးသီးသီးကြီး မရှိတာတော့ အမှန်ပါ။

"ကဲ . . . ဒါဆို အခု တို့နောက်မှာ စလိုကပ်ပါး ကောင်လုပ်နေတာ ဘာကြောင့်လဲ"

"ဟာ . . . မကလည်း ဒါက ဖြေရခက်တဲ့မေးခွန်းကြီးပေါ့"

"ဝေ့လည်ကြောင်ပတ်မလုပ်နဲ့ ကောင်လေး"

"မကို သဘောကျလို့။ အဲလိုဆို ရပြီလား"

"တို့ သဘောမကျဘူး"

"ဟား . . . !"

"ဂုဏ်သရေရှိတဲ့ယောကျ်ားတိုင်းဟာ သိက္ခာရှိရှိ နေထိုင်ကြတယ်၊ မင်းဟာ ဂုဏ်သရေရှိတဲ့ယောကျ်ားလား၊ ဂျက်ပစီလားဆိုတာ မင်းကိုယ်မင်း သက်သေထူပေါ့။ တင်းမှ တော့ ပြောခဲ့နိုင်တယ်။ တို့က ဂျက်ပစီမျိုးကို သိပ်အထင်



www.burmeseclassic.com

www.burmeseclassic.com



မကြီးဘူး"

ဟုသာ ခပ်ပြတ်ပြတ်ပြောပြီး ကျော့ကျော့လေး ထွက်သွားသော အမျိုးသမီးလှလှကြောင့် ဂျက်မှာ ရင်ဘတ်ကလေးဖိပြီး ပြုံးတုံးတုံးလေး မချိတင်ကဲ ကျန်ရစ်ခဲ့ရပါတော့သည်။

"ဘာပြောသွားပြန်ပြီလဲ ဂျက်"

ဟု ရဲဇော်တို့အုပ်စုက အနားရောက်လာကာမေးလျှင် ဂျက်က ရင်ဘတ်ကြီးပုတ်ပြကာ . . .

"ဒီအထဲကို ရောက်သွားပြီ"

"အရင်ကောင်မလေးတွေကိုလည်း ဒီလိုပဲပြောခဲ့တာပါပဲကွာ"

"တူမလားကွ။ မမခရုအိမ်က ငါ့နှလုံးသားရဲ့သော့တံလေး"

"ဒါဆို ဆက်လိုက်လေကွာ။ ဘာဖြစ်နေတာလဲ"

"လိုက်လို့မရတော့ဘူး။ ဆက်လိုက်ရင် ငါက သူ့မုန်းတဲ့ ဂျက်ပစီဖြစ်သွားတော့မှာ . . . ဟဲ . . . ဟဲ . . .



အချိန်တွေ ရှိပါသေးတယ်ကွာ"

"မလွယ်ဘူးပဲ။ ငါတို့ရဲ့ဆရာကြီးဂျက်ကို ဆရာမကြီးက ကြီးစိုးသွားပါပြီရော"

"ဒီလမ်းထဲမှာနေတာလား။ ဒါမှမဟုတ် အကြောင်းရှိလို့လာတာလား"

"ပုံမှန်အားဖြင့် အချိန်က ဒီညနေလေးနာရီချည်းပဲဆိုတော့ စဉ်းစားစရာပဲ"

"ဘာပဲဖြစ်ဖြစ် ငါကတော့ မနက်ဖြန် ဆက်စောင့်ဦးမယ်"

"ပျင်းစရာကြီးပါ ဂျက်ရာ"

"ဆွဲထိုးမှာနော်"

"အတည်လား ဂျက်"

"အတည်မဟုတ်ဘဲ ငါ ဒီလောက်စိတ်ရှည်တာမင်းတို့ ဘယ်နှကြိမ်ကြုံဖူးလို့လဲ"

ဟု ဂျက်က ရုပ်တည်ကြီးနှင့် ပြောလိုက်လျှင် တျန်ငါးယောက်မှာ တစ်ယောက်ကိုတစ်ယောက် မြုံးပြ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြပြီး . . .

"ဟ . . . တကယ်ကြီးပဲ"

ဟု နောက်ပြောင်ခြင်းရောယှက်ကာ အတည်ကြီး ပြောလိုက်ကြပါသည်။

"ငါသိချင်တယ်။ မက ဒီကိုကိစ္စရှိလို့လာတာလား။ အိမ်လားလို့"

"ဒါဆို ထိုင်စောင့်ပေါ့။ သုံးနာရီကြာလို့မှ ပြန်ဖြတ် တာ မတွေ့ဘူးဆို ဒါကိစ္စရှိလို့။ အဲ . . . ဒါမှမဟုတ် သုံးနာရီ အတွင်း ပြန်လာရင် အိမ်ပဲ"

"အင်း . . . ရဲဖော်ရဲ့ခေါင်းက ဒီတစ်ကြိမ်တော့ ရှောင်သွားပြန်ပြီ"

"ရှောင်သွားတာကို ထားလိုက်ပါဦး။ ဒီသုံးနာရီကို ဒီမှာအချိန်ဖြုန်းရမှာ အလကားကြီးလိုဖြစ်နေတယ်"

"အဲဒါဆို ဘာလုပ်ချင်သလဲ"

"အကစွမ်းရည်တွေ ဘယ်သူပိုတိုးတက်နေပြီလဲ"

"ဆုကြေးကရော"





"လာမယ့် နယူးရီးယားမှာ ဟိုတယ်ခရော၊ လေယာဉ်ခရော တာဝန်ယူကြေး"

"နေရာကရော"

"မဲစနစ်ပေါ့။ ဘန်ကောက်ဆိုရင်တော့ ခံရတဲ့လူ ချောင်ဘူးပဲ"

"မပြိုင်ရဲလည်း ငကြောက်ပေါ့။ စောစောစီးစီး ထွက်လို့ရတယ်"

"အိုကေလေ . . . အဖွဲ့ဘယ်လိုခွဲမလဲ"

"မလိုပါဘူး။ ကိုယ်ညှံ့ကိုယ်ခံပေါ့"

"သဘောတူလား"

ဟုဆိုပြီး အရင်စိန်ခေါ်လိုက်တဲ့ ဂျက်က လက်ဝါး ပြန့်လိုက်စဉ် အားလုံးထဲတွင် ခြေတော်တော်လှသော ရဲဖော်က အရင်ဦးဆုံး ဂျက်ရဲ့လက်ဝါးကို ရိုက်လိုက်ပါ၏။

ရဲဖော်ပြီး အကအညံ့ဆုံးဟု သတ်မှတ်ခြင်းခံထား ရှိသော အငွန်းကပါ အားကျမခံ ဂျက်ရဲ့လက်ဝါးကို ရိုက် လိုက်သဖြင့် အားလုံးမှာ အငွန်းရဲ့သတ္တိကို ချီးကျူးသူကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အသီးသီး ကကြဖို့အဆင်သင့်ဖြစ်သွားရပါတော့သည်။

ဆိတ်ငြိမ်ရပ်ကွက် လမ်းရိုးကျဉ်းလေးမှာမို့ တော်ပါသေးသည်။

နို့မဟုတ်ရင်တော့ လူတွေ အုံခဲပြီးကြည့်နေကြမှာ မလွဲမကေန်ပင်ဖြစ်ပါသည်။

ဒီရပ်ကွက်ထဲမှာနေသော တူးလာက မိမိအိမ်မှ ကြီးမားသော ကက်ဆက်ကြီးကို မ,လာ၍ တီးလုံးသံက မြိုင်၍ဆိုင်၍ပင်ဖြစ်ပါသည်။

တစ်ယောက်ကိုတစ်ယောက် အရှုံးမပေးစတမ်း အားကျမခံကနေကြသည်မှာ မောလို့မောရကောင်းမှန်း မသိ၊ အချိန်ကုန်သွားလို့ ကုန်သွားမှန်းမသိပေမယ့် သူတို့ရဲ့ ခြေထောက်တွေက သွက်လက်ဆဲ လန်းဆန်းဆဲပင်ဖြစ်ပါသည်။

သူတို့အဖွဲ့က ခြေထောက်တင်သာမက လက်တွေကလည်း နိုင်မာဖျတ်လတ်လှပါသည်။

ဒီရျေသံကလည်း မြိုင်မြိုင်ဆိုင်ဆိုင်နဲ့မို့ တကယ့်





ပွဲကြီးလိုပင် လှလှပပရှိလှပါသည်။

ထိုစဉ် . . .

"တီ . . . တီ"

လမ်းမကြီးကို ပိတ်မိသွားလိုက်၍ ဟွန်းတီးခြင်းခံလိုက်ရပေမယ့်လည်း ရှတ်တရက်ဆိုတော့ မဖယ်ပေးမိပါ။

"တီ . . . တီ"

နောက်တစ်ချက်တီးလာပေမယ့် ရပ်နားလိုက်လျှင် ရှုံးပြီမို့ ဂျက်က မိမိအလှည့်မှာ အရှုံးမခံချင်၍ မကြားချင်ယောင်ပြုနေလိုက်ပါသည်။ ဒီလောက်ထိ နားပင်းသော လူငယ်ကို ကောမက်မှာ စိတ်တိုသွားမိတာအမှန်ပါ။

"ဖယ်ားရှပ်တဲ့ကောင်တွေပဲ"

ဟု ကားမီးရောင်အောက်တွင် လှပစွာ ကနေသော လူငယ်ကို စိတ်ပျက်စွာညည်းတွားလိုက်ပါသည်။

သူကသာ ညည်းတွားနေပေမယ့် ညီမဖြစ်သူ ခရအိမ်ကတော့ ထိုလူငယ်ကို စိတ်ပါဝင်စားစွာကြည့်နေသေး၍ သူက စိတ်ပျက်စွာပင် . . .



www.burmeseclassic.com

www.burmeseclassic.com



"ခရုအိမ် . . . ဒါက ဘယ်လိုဖြစ်နေတာလဲ"

"လှတယ် . . . ကြည့်ကောင်းလို့ပါ။ သိပ်တော်တာပဲ၊ ညီမက အဆိုတော်တွေလို နာမည်ကြီးတဲ့လူတွေပဲ တတ်မယ်ထင်နေတာ"

"အလကား . . . ဂျက်ပစီတွေ"

ဟုသာဆိုပြီး ကားဟွန်းကို ဆက်တီးလိုက်တော့မှ ထိုအဖွဲ့ကြီးက ရှဲသွားရပါသည်။

ထိုအခါမှ အေးအေးနဲ့အလုပ်များတတ်သည့် ကောမက်က ပြဿနာရှာခြင်းနှင့် အချိန်ကို အလဟဿ အကုန်မခံတော့ဘဲ မောင်းထွက်လာခဲ့ပါသည်။

"ဟင် . . . ဟော့ကောင် ဂျက် . . . ဟိုမှာ မင်း မမပါသွားပြီ"

ဟုဆိုသဖြင့် ဂျက်မှာ ထိုကားထဲသို့ မိုက်ကန်းကန်းကြည့်လိုက်ရာ ဝိုးတဝါးသာမြင်လိုက်ရပါတော့သည်။ ဝိုးတဝါးသာဆိုပေမယ့် ဒါ သူ့မမမှန်း သိပ်ကိုသေချာနေ၍

"ဘေးက ဘယ်သူလဲ"





ဟု တီးတိုးလေးပြောလိုက်ရာ နိုင်တူးက ကြားအောင် ကြားလိုက်သေး၍ . . .

"သူ့ချစ်သူလား"

"ညကြီးအတူတူပြန်လာမှတော့ သူ့ယောက်ျားမှာပေါ့"

"လုံးဝမဖြစ်နိုင်ဘူး။ ဒါ အပျိုပုံပဲ၊ သေချာတယ်။ ဘ်ရဲ့မမက တကယ် အပျိုပဲ"

"နဖူးမှာ စာကပ်ထားလို့ အဲလောက်ထိ သေချာရတာလား"

"အဲဒါက လူပိန်းစကားကြီးပါကွာ။ ရာစုဟောင်း စကားတွေ သယ်မလာစမ်းပါနဲ့။ မျက်စိကို ဖွင့် နားကို ငြင့်လိုက်ဦး။ ဒီပုံက ပိုင်ရှင်ကြီးနဲ့ဖြစ်ပါ့မလားကွ။ ဟန်ပန် ရုအရာကိုကြည့်ပါဦး"

"ရဲဇော်ပြောတာ မှန်တယ် နိုင်တူး။ ငါ မနဲ့ စကား ပြောဖူးတော့ ငါပိုသိတယ်။ လုံးဝရဲတင်းခြင်း မရှိသလို န်လုပ်ပြီး ဣန္ဒြေရပြနေတာမျိုးလည်း မရှိဘူး။ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေက တကယ်တည်တည်ငြိမ်ငြိမ်ပဲ၊ မလွဲကေန် အပျိုစင်လေးပဲဖြစ်လိမ့်မယ်"

"မလွဲကေန် . . . ဟုတ်လား။ သေချာလှချည်လား။ ခေတ်သစ်မဟော်သတာရယ်"

"အဲ့တစ်ယောက်က သူ့ရည်းစားဆို မင်း ဘယ်လိုလုပ်မလဲ ဂျက်"

"သေချာအောင် စုံစမ်းရမှာပေါ့။ ရည်းစားရှိရင်လည်း ဘာအရေးလဲ၊ ခြင်ကိုရိုက်ချင်ရင် အသားပေါ် နားရုံလေးနဲ့မိဖို့ မမိဖို့ မသေချာဘူး။ သွေးလေး နည်းနည်း ပေးစုပ်စေပြီးမှ ခြင်ရဲ့ဗိုက်က ဖျတ်ဆိုတဲ့အသံအောက်မှာ ကြေသွားမယ်"

"မင်း တကယ်ကြီးခံစားလိုက်ပြီလား ဂျက်"

"ငါက မည်သို့သောလူကြောင့် နာရီဝက်ထက် အချိန်ပိုဖြုန်းဖူးသလား"

"နံပါတ်ကြီးနဲ့ဆိုရင်တော့ ကြည့်ကောင်းဦးမည့်ပွဲပဲ"





"ငါကတော့ ဂျက်နိုင်မယ်ဆိုပြီး လောင်းတယ်ကွာ"

"လောင်းကြေးကရော"

"နိုင်ရင် ကျန်တဲ့လေးယောက်ဆီက ကြိုက်တာ တစ်ခုစီတောင်းကြေး"

"အိုကေ . . . ငါကတော့ သူ့မှာ ရည်းစားရှိတယ်"

ဟု နိုင်တူးက ရည်းစားရှိတဲ့ဘက်က လောင်းလျှင်ရဲဖော်က . . .

"ငါကတော့ ဂျက် ရှုံးလိမ့်မယ်"

"ဘာဖြစ်လို့ ဒီလိုလောင်းတာလဲ"

"ခန့်မှန်းမိတာပါ။ သက်သေပြလို့တော့ မရဘူး"

"ငါကတော့ သူမမှာ လက်ထပ်မည့်သူရှိရမယ်"

"ဒါဆို မင်းကလည်း ဂျက်ရှုံးမယ့်ဘက်ကပေါ့"

"အဲလိုမဆိုလိုဘူး။ လက်ထပ်မည့်လူရှိပေမယ့် သူမရဲ့အချစ်ကို ဂျက်ရမယ်။ အဲလိုလောင်းမယ်"

"အိုကေ . . . မင်းတို့လေးယောက်က တစ်မျိုးစီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ငါကတော့ မင်းတို့ပြောတာတွေ တစ်ခုမှမဟုတ်တဲ့ဘက်က လောင်းမယ်"

"ဒါဆို မင်းရှုံးမှာသေချာတယ် အဂ္ဂန်း"

"ကမ္ဘာကြီးက လုံးလုံးကြီးပါ။ ထင်မှတ်ယူဆထားတာတွေချည်းသာဖြစ်လာရမယ်ဆိုရင် အခက်အခဲဖြစ်ချိန်တိုင်း အဆင်သင့်က ကြိုဆိုနေလို့ အန္တရာယ်က ရှိလာမှာမဟုတ်ဘူး"

"ဒါ မင်းယုံကြည်ချက်ပဲ။ ကောင်းပြီ . . . ဒါကိုပဲ အတည်သတ်မှတ်ကြတာပေါ့။ ဒါနဲ့ အချိန်ကာလ"

"သုံးလ"

ဟု ကာယကံရှင်ဖြစ်သော ဂျက်ကပဲ သတ်မှတ်ပေးလိုက်ရာ အားလုံးမှာ ထောက်ခံသဘောတူလိုက်ကြပါသည်။

ဂျက်ရဲ့ရင်ထဲမှာတော့ ဂျူဟာတွေကို စီရရီ အကွက်ချနေပေလိမ့်မည်။ သူကလည်း အသည်းစားဘုရင် မို့ပါ။



"ဩော် . . . သားနဲ့သမီး ပြန်လာကြပြီလား။ ဒီနေ့ စောတယ်နော်"

ဟု သိပ်ကျက်သရေရှိသော မေမေက နားဝင်ချိုဖွယ် ကြိုဆိုသမှုပြုလိုက်လျှင် မေမေ့သားကောမက်က မိခင်ဖြစ်သူကို သိုင်းဖက်ကာ နှုတ်ဆက်လိုက်ပါသည်။

"ဖေဖေရော ပြန်ရောက်ပြီလား မေမေ"

"နောက်ကျမယ်တဲ့။ ဖုန်းဆက်ထားတယ်"

ဟုပြောပြီး သမီးရဲ့မျက်နှာကို အကဲခတ်ကာ . . .

"သမီး . . . မျက်နှာမသာမယာနဲ့ ဘာဖြစ်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အွန့်ဟွန်း . . . ဘာမှမဖြစ်ပါဘူး မေမေ"

"သားကတော့ဖြစ်တယ်"

"ဟင် . . . ဘာဖြစ်တာလဲ သား"

"ဂျက်ပစီတွေကြောင့်ပေါ့။ လမ်းမကို စတိတ်စင် မှတ်နေသလား မသိဘူး"

"ဘာဖြစ်လို့လဲ သားရဲ့"

"လမ်းမှာ ကနေကြတယ်လေ။ ဒါကို ခရေအိမ်က လည်း မျက်စိအစာကျွေးလိုက်သေး"

"ကိုကိုနော် . . . ဘာမျက်စိအစာကျွေးသလဲ"

"မဟုတ်လို့လား။ ကျွတ်မှန်တော့မယ့်အတိုင်း ကြည့်နေပြီး"

"သားရယ် အသက်ပဲ နှစ်ဆယ့်ငါးနှစ်ရှိနေပြီ။ ညီမလေးကို ရန်ထောင်တဲ့အကျင့်က မပျောက်သေးဘူး။ ကလေးကျနေတာပဲ။ ကဲ . . . ကဲ . . . ပင်ပန်းလာပြီ အနား ယူကြတော့။ ဖေဖေပြန်လာရင် မိသားစုစုံစုံ ညစာစားရ အောင်"



ဟုမေမေကဆိုတော့မှ သူမတို့ မောင်နှမနှစ် ယောက်လုံးမှ မိမိအိတ်ကို မိမိကိုယ်စီကိုင်ကာ အပေါ်ထပ် သို့ တက်လာခဲ့ကြပါသည်။

သည်တွင် ညီမဖြစ်သူကို သိပ်စနောက်ချင်သော မောင်က . . .

"မင်း အဲဒီကောင်လေးကို ကြွေနေပြီမဟုတ်လား"

"ဘယ်ကကောင်လေးလဲ"

"ကနေတဲ့တစ်ယောက်လေ။ အဟဲ . . . မဆိုးဘူး ပဲ။ မင်္ဂလာဆောင်ရင် ခွက်တစ်လုံး လက်ဖွဲ့မယ်။ စီးပွားရေး တော်တော်ကောင်းမှာပဲ"

"ကိုကိုနော်"

"ကြိုက်ရင်လည်း ပြောပါ။ ငါကပဲ ရှေ့မျက်နှာ နောက်ထားပြီး ပြောပေးပါ့မယ်"

"ကိုကိုလည်း ဖိနပ်မစီးတဲ့မိန်းမကြီးကို ကြိုက်နေ တာ မဟုတ်လား"

ဟု ခရေအိမ်က အားကျမခံပင် ဖိနပ်မပါဘဲ ပန်း

www.burmeseclassic.com

www.burmeseclassic.com



တွေ ခေါင်းတစ်ခုလုံး မြက်ပင်တွေနှင့်ရောယှက်ပန်ထား တာ တားတိုင်းလိုက်တောင်းနေသော အရူးမကို ရည်ညွှန်း ပြီးပြောလျှင် ကောမက်မှာ နှာသီးဖျားလေးများပင် နီရဲသွား ရကာ . . .

"ခရုအိမ်"

"ဟုတ်ပါတယ်။ ကိုကိုကြိုက်နေပါတယ်။ ရင်ထဲ မှာ ကျိတ်ကြွေနေတာ ညီမ မသိဘူးမှတ်တယ်။ နေ့တိုင်း နစ်ရာတန်ဆောင်ထားပြီး ပေးနေကျပဲဟာ။ မရှက်ပါနဲ့ ဝန်ခံ လိုက်ပါနော်"

"ခရုအိမ်"

"နာမည်က သိပ်ခေါ်ကောင်းနေသလား။ ဒါမှ မဟုတ် သဘောမတူမှာစိုးလို့ လိုက်ဖားနေတာလား"

"ခရုအိမ်"

ဒေါသတကြီးနှင့်ခေါ်တော့ သူမက ကလေးဆန် စွာ လျှာကလေးတစ်လျစ်ထုတ်ပြပြီး အခန်းထဲသို့ လျစ်ခနဲ ပြေးဝင်သွားသောကြောင့် သူမှာ စိတ်ဆိုးမာန်ဆိုးကြီးပဲ





ကျန်ရစ်ခဲ့ရပါသည်။

သို့သော် မကျေမနပ်ပင် ခရုအိမ်၏အိပ်ခန်းတံခါး ဝတွင် ရပ်ကာ . . .

"ငါ့ကို အရူးမနဲ့ပေးစားရင် မင်းကိုလည်း အရူးနဲ့ ပေးစားမှာပဲ"

ဟုသာပြောပြီး မျက်နှာချင်းဆိုင်မှ အခန်းထဲသို့ ဝင်လာပြီး တံခါးကို ဆောင့်ပိတ်ပစ်လိုက်ပါ၏။ လည်ပင်းမှ နက်ခ်တိုင်ကိုဖြုတ်ပြီး ခုတင်ပေါ် ထိုင်လိုက်တော့မှ နှုတ်ခမ်း တွေက အလိုလိုပြုံးလာခဲ့ကာ စားပွဲပေါ်မှ ကြေးနီရောင် စားပွဲတင်နာရီလေးကို ကြည့်လိုက်ပြီး စက္ကူဘောလုံးလေး များကို တို့ထိကိုင်တွယ် လိုအပ်သည်နှင့် စိတ်က ပကတိ လန်းဆန်းသွားရပြန်ပါသည်။

ဒါ သူ့ကိုပေးခဲ့သော ညီမလေးရဲ့မွေးနေ့လက်ဆောင် တွေပဲ မဟုတ်ပါလားလေ။



www.burmeseclassic.com

www.burmeseclassic.com



"မ"

ဟူသော ခေါ်သံကြောင့် သူမမှာ စိတ်ပျက်စွာပင် ကြည့်လိုက်ရာ သူမကို ပြုံးပြနေသော ထိုကောင်လေး၏ မျက်နှာကြောင့် သူမမှာ စိတ်ဆိုးရမလား မဆိုးရဘူးလား ဆိုတာ ဝေခွဲမရဖြစ်သွားရပါသည်။

"မင်းက ဂျက်ပစီလေးလား"

"ကျွန်တော် ဂုဏ်သရေရှိတယ်ဆိုတာ မနေ့ကပဲ မ,ရှေ့မှာ သက်သေထူပြီးပြီလေ၊ ဒီနေ့ မလိုတော့ဘူး"

"ကဲ . . . ဆို . . . ဘာကိစ္စလဲ"





"ကိစ္စကို ပွင့်ပွင့်လင်းလင်းပြောရင် မ.စိတ်ပျက်ရလိမ့်မယ်"

"ကဲ . . . တို့သွားမယ်။ မင်း တို့ကိုမနှောင့်ယှက်နဲ့ . . . ဟုတ်လား"

"ဆယ်ရက်ပေါ့။ ဆယ်ရက်ဆိုရင် တစ်လရဲ့ သုံးပုံတစ်ပုံဖြစ်သွားပြီ။ လစာအရ အလုပ်ဆင်းရတယ်ဆိုရင် နေ့စ်သက်လို့ အလုပ်ဆက်မခန့်ချင်ဘူးဆိုရင်တောင် နစ်နာကြေးတော့ ရသင့်တဲ့ အခြေအနေမှာပဲ"

"နစ်နာကြေး . . . ဟုတ်လား"

"အင်း"

ဟုဆိုပြီး မျက်ခုံးလေးကိုပင့်ကာ နောက်ပစ်ထားသော လက်ကလေးကို ဆန့်ထုတ်လာသည်တွင် လှပသော ပန်းစည်းကြီးက ဘွားခနဲပေါ်လာ၍ သူမပင်လျှင် အံ့အားသင့်သွားရပါသည်။

မျက်လုံးလေးသာ ပြူးပြီး နှုတ်ခမ်းတို့က ဆွံ့အနေခဲ့သော လှပသော မိန်းကလေးကို သူက ကျော်ကြားလှ



www.burmeseclassic.com

www.burmeseclassic.com



သော မျက်ဝန်းတောက်တောက်လေးနဲ့ စွဲညို့စွာကြည့်ပြီး

"ကျွန်တော့်ကြောင့် မ. စိတ်အနှောင့်အယှက်ဖြစ်ရတဲ့အတွက် နစ်နာကြေးလေ"

ဟုသာ ညင်သာစွာဆိုတော့ သူမမှာ ထိုကောင်လေးကို မယုံနိုင်စွာပင် စိုက်ကြည့်နေခဲ့ပါသည်။

သူမ ဘယ်တုန်းကမှ စိတ်ကူးမယဉ်ခဲ့ဖူးတာအမှန်ပါ။ ထိုသို့လို လုပသောပန်းစည်းကြီးကို သူမထက် အတော်အတန်ကြီးကို အသက်ငယ်ရွယ်သူ ကောင်ရှောလေးဆီမှ လက်ခံရရှိလိမ့်မယ်ဆိုတာ အိပ်မက်ပင် မမက်ခဲ့ဖူးသောကိစ္စကြီးပါ။

ထိုကောင်ရှောလေးဟာ ငယ်ရွယ်လှပါတယ်ဆိုပေမယ့်လည်း သူမကလည်း မိန်းမထဲကမိန်းမတစ်ယောက်မို့ ယောကျ်ားတစ်ယောက်ရဲ့ အသားလွတ်ကြင်နာမှုမျိုးကိုတော့ ရင်ထဲမှာ မသိမသာ သာယာမိသားပင်။

ဇဝေဇဝါဖြစ်နေပုံရသော မျက်နှာရိပ်ကြောင့် ရည်းစားများသော ဂျက်က ထိုပုံကို ကောင်းကောင်း အတိ

ရွှေအသာ



သော်မိသွားပြီး သူက ကျင်လည်စွာပင် သူမရဲ့လက်ကို မထိအထိလေးဆွဲကာ သူမလက်ထဲသို့ ပန်းစည်းကြီး ထည့်ပေးလိုက်ပါသည်။ ပြီးနောက် . . .

"ကျွန်တော့်နှလုံးသားက မ.ဆီမှာ ရှုံးသွားပြီ"

ဟု ပြောပြီး ရှာခနဲလှည့်လာခဲ့ပြီးမှ . . .

"မနက်ဖြန်ဆိုရင်တော့ မ.ရဲ့ဖုန်းနံပါတ်ကို သိခွင့်ပေးပါ။ ဆယ့်နှစ်ရက်မြောက် အထိမ်းအမှတ်ပေါ့"

ဟု ရယ်ကျဲကျဲလေးပြောကာ ပြန်လှည့်လိုက်သည်တွင် . . .

"စောင့်မနေနဲ့တော့။ မျှော်မနေနဲ့တော့"

ဟူသောစကားလေးကို သူမက ကုန္ဒြေထိန်းပြီးပြောခဲ့တာပဲဟု ထင်မှတ်ထားပေမယ့် ထိုဆယ့်နှစ်ရက်မြောက်ရော နောက်သုံးရက်လောက်ပါ အချိန်မှန်သော မ.ဘ ထိုနေရာသို့ ဖြတ်မသွားတော့၍ ဂျက်ရင်ထဲမှာ ဟာတာတာကြီးဖြစ်ရပါသည်။ တကယ်ပဲ သူပေးလိုက်တဲ့ပန်းကနည်ဆက်ဖို့သက်သက် လက်ဆောင်ဖြစ်သွားတာလား။ ဒါမှ

ရွှေအသာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် သူ့ကို မျက်လှည့်ပြနေရှေ့သလား။ ဘယ်ရောက်သွားတာလဲ။ လမ်းပေါ်မှာ ဆုံ၊ လမ်းပေါ်မှာ လွဲနဲ့ သာမန်ဇာတ်လမ်းမျိုးထဲမှာ ရင်ထဲကဆန္ဒကို ဘာမှမဟုတ်တော့ဘဲ သွန်ချပစ်လိုက်ရတော့မှာတဲ့လား။

ဂျက် လက်မခံချင်ပါ။

ဂျက်ကတော့ ဘာမှန်းမသိဘဲ ဘုမသိ ဘမသိ ရပ်တန့်နေသော ထိုဇာတ်လမ်းကြီးကို မကျေမချမ်းပင် စိတ်မသက်မသာဖြစ်နေရပေမယ့် ကျန်သူငယ်ချင်း ငါးယောက်ကတော့ သူတို့၏လောင်းကြေးများကို အသီးသီး ငြင်းခုန်နေကြလေရဲ့။

"ဂျက်ရှုံးတဲ့အတွက် ငါနိုင်တယ်"

ဟု တစ်ယောက်ကပြောလျှင် ကျန်တစ်ယောက်ကလည်း အားကျမခံပင်။

"ဂျက်ရှုံးတယ်လို့ တိတိကျကျ အဖြေထွက်သေးလို့လား။ ခုမှ သုံးရက်ပဲရှိသေးတာ"

"ရှုံးဖို့ ရာခိုင်နှုန်းတော့ သိပ်ကိုများနေပြီနော်၊ တဲ





ပြော . . . သူမနာမည် ခရေအိမ်ဆိုတာကလွဲရင် ဘာသိသလဲ။ ဖုန်းနံပါတ်၊ လိပ်စာ၊ အလုပ်အကိုင်"

"ငါကတော့ ဂျက်ကို လုံးဝယုံတယ်၊ ဒီကောင့်နားမှာ မာနထိပ်ခေါင်တင် အေးကြည်သာကတောင် ဂျက်ရဲ့ ညွှတ်ကွင်းက လွတ်လို့လား"

"မင်း ကပ်မပြောနဲ့ နိုင်းန၊ အေးကြည်သာနဲ့ အဲဒီ ခရေအိမ် တူပါ့မလားကွ။ မင်းတို့ခေါင်းလေးကို သုံးကြည့်ဦး။ ဂျက်ပုံကိုကြည့်ဦး။ ပေါင်းခဲ့တာပဲ ဆယ်နှစ်ကျော်နေပြီ ခုထိ မသိသေးဘူးလား။ အေးကြည်သာက မာန ဘယ်လောက်ကြီးကြီး ဆယ်ရက်ပဲ။ ဂျက်အပေါ် မာနကြီးတယ်၊ ဂျက်ကလည်း တစ်လပဲတွဲတယ်။ ခုဟာက ဆယ်ရက်တွင်းမှာ ပန်းစည်းပို့တယ်။ နာမည်လေးတစ်ခုသိရရုံ အလကားသက်သက် အမိန့်ကို နာခံနေတယ်။ သေချာပါတယ်။ ငါ နိုင်မှာပါ"

"သိသလိုလိုနဲ့မပြောနဲ့ ရဲဇော်။ တစ်ဖက်လူရဲ့ ဝိသ ကို မင်း ဘယ်လောက်အကဲခတ်နိုင်မှာမို့လဲ၊ ငါ နိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



သေချာသလောက်နီးတယ်။ သူမမှာ ရည်းစားရှိလို့ ဂျက်ကို နိုက်သွားပြီး ဆုံးဖြတ်ရခက်လို့ ရှောင်တာပဲနေမှာ"

"တူးလာ . . . မင်းရဲ့ထင်တစ်လုံးနဲ့ ရမ်းပြီးမပြောနဲ့။ ဒီလောတ်ကြွခြေရပြီး တည်ငြိမ်တဲ့မျက်လုံးရယ်၊ ပြတ်တဲ့ စကားသံက ပိုင်ရှင်ရှိပြီးသားမို့ပေါ့ကွ။ မကြာခင် စောင့် ကြည့်နေ။ သတင်းစာထဲမှာ စေ့စပ်ပြီးခြင်းပါလိမ့်မယ်။ ဂျက် ကို ချစ်လျက်ကြီးနဲ့ပေါ့ကွာ။ လက်ထပ်မယ့်ရက်မှ နှလုံးသား ကို သိပြီး ဂျက်ဆီ ပြေးလာ။ အဲ . . . အဲ့ဒီအချိန်မှာမှ ဂျက် ကလည်း အသည်းတွေကွဲပြီး လေလွင့်လို့ ခရီးထွက်အသွား နဲ့ လွဲ။ ဒရမ်မာဇာတ်လမ်းလေးပေါ့ကွာ။ ဂျက်က အသည်း ကွဲနေချိန်မှာ ငါက အနိုင်ရ . . . ဟဲ . . . ဟဲ"

"ဒါတွေ လုံးဝမဖြစ်နိုင်ဘူး အငွန်း။ သေချာပါ တယ်။ မင်း ရှုံးမှာပါ"

"သုံးလမပြည့်သေးပါဘူး"

ဟု တစ်ချိန်လုံး ငြိမ်သက်နေခဲ့သော ဂျက်က ရုတ်တရက်ကြီးပြောချလိုက်လျှင် အားလုံးမှာ ဂျက်ဆီသို့





ပြုံးလာကြပါသည်။

"ငါ အခုမှစဉ်းစားမိတယ်။ ငါ့ကို စောင့်မနေနဲ့ ဆော့၊ မျှော်မနေနဲ့တော့လို့ နောက်ဆုံးပြောခဲ့သေးတယ်။ အဲဒါ ဘာအဓိပ္ပာယ်လဲ"

ဟု ဂျက်က တွေးဆဆလေးပြောလိုက်လျှင် တူး ဘာနဲ့ အငွန်းမှာ သူတို့လောင်းကြေးအတွက် ပြုံးလိုက်ကြ သေမယ့် ကျန်သုံးယောက်မှာ ဂျက်ကိုသာ အားမလို အား မရ ကြည့်နေကြပါ၏။

"ငါတို့ ဘာလုပ်ပေးရမလဲ ဂျက်၊ ကြိုက်တာပြော ကွာ"

ဟု မရှုံးလိုကြသော နိုင်တူးနှင့်နိုင်းခက အားတက် သရောပြောလိုက်လျှင် ရဲဇော်က . . .

"ရှုံး၊မရှုံး၊ နိုင်၊မနိုင်ဆိုတာ တိတိကျကျ သိရဖို့ အတွက် ငါလည်းပါမယ် ဂျက်။ လင်းတမှိုင်၊မှိုင်နေတဲ့ ငါ့ သူငယ်ချင်းရဲ့ပုံက ငါ့နှလုံးသားကို နာစေတယ်ကွာ"

"မင်းက Gay လား။ ဂျက်ကိုကြိုက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါသာ မိန်းကလေးဆိုရင် ကြိုက်မှာပေါ့။ ဂျက်က နတယ်လေ။ ကောင်မလေးတွေ ကြွေလောက်တဲ့ တော်ကီတွေ၊ အထာတွေ ချကျွေးတတ်တယ်"

"ဟုတ်တယ် . . . ငါတို့အဖွဲ့ထဲမှာ အဲဒါတစ်ခုတော့ ဂျက်က ဆရာကြီးပဲ"

"ဒါပေမဲ့ ဘယ်လိုလုပ်မလဲ။ ဆရာကြီး အီးကွဲနေပြီ"

"အီးကွဲရင် မင်းရှူလိုက်ကွာ"

ဟု ဂျက်က စိတ်ပေါက်ပေါက်နှင့် ပြောလိုက်လျှင် အားလုံးမှာ ပွဲကျသွားပါတော့သည်။





"သား . . . သားကို မာမီကြည့်နေတာကြာပြီ။ မျက်နှာလည်း မကောင်းဘူး။ ဘာဖြစ်နေတာလဲ သား"

ဟု ဒေါ်ဆည်းဆာဗျိုက မေးလိုက်လျှင် ကော်ဖီသောက်နေသော ဂျက်မှာ ကော်ဖီခွက်ကို ချလိုက်ပြီး ပေါက်မုန့်မီးကင်ကို ယူကာ စားလိုက်ပြီး . . .

"မာမီ . . . ဘာမှမတတ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးကိစ္စလား"

"မာမီ"

"အင်း"

"ဒယ်ဒီရော"

"ညဂျူတီလေ။ အင်း . . . ကိုးနာရီထိုးနေပြီ။ ပြန်ရောက်ရတော့မှာ။ ဘာဖြစ်နေလဲ မသိဘူး"

"မာမီ"

"အင်း . . . ဘာပြောမလို့လဲ"

"မာမီနဲ့ ဒယ်ဒီက အသက်ဘယ်လောက်ကွာသလဲ"

"ရှစ်နှစ်။ ဘာလုပ်မလို့လဲ။ ထူးထူးဆန်းဆန်း"

"မင်္ဂလာပုံထဲမှာတော့ မာမီက အရမ်းနုလွန်းနေတော့ သိပ်မလိုက်ဘူးထင်ရပေမယ့် ခုတော့လည်း လိုက်သွားရောပဲ။ ဒါနဲ့ မာမီ . . ."

"အင်း"

"ဒယ်ဒီနဲ့က ဘိုးဘိုးပေးစားလို့ ယူလိုက်တာဆို"

ရှေ့အသာ



"သားကို ဘယ်သူပြောလဲ"

"ဘိုးဘိုးပြောတာပေါ့။ မာမီက ဒယ်ဒီကို မချစ်ဘဲ နောက်တော့ချစ်လာတာလား"

"ဒီကလေး ဘာတွေမေးလဲ မသိဘူး"

"ဟာ . . . မာမီကလည်း ပြောပါ။ အဲ . . . မာမီ့မှာ ရည်းစားရှိလို့လား"

"မရှိပါဘူး"

"မဖြစ်နိုင်ဘူး။ မာမီ ညာပြောတာ"

"တော်ပြီ . . . တော်ပြီ . . . ဘာတွေပြောမှန်း မသိဘူး"

"မျက်နှာတွေ ဒီလောက်နီနေတာ သေချာပါတယ်။ မာမီ့မှာ ချစ်သူရှိတယ်။ ချောလား မာမီ။ အခု ဘယ်ရောက်သွားပြီလဲ။ သားနဲ့မိတ်ဆက်ပေးပါလား"

"ဒီကလေးဟာလေ"

"သားမေးချင်တယ်။ အဲဒီဦးလေးကို"

"ဘာကိုလဲ"

www.burmeseclassic.com

"ချစ်တယ်ဆိုတာ ဘာကိုဘယ်လိုခံစားရတာလဲ လို့"

"ဘယ်ကောင်မလေးနဲ့ ပြတ်စဲခဲ့ပြန်ပြီလဲ"

"မာမီ သား အဲလိုရည်းစားတွေ အများကြီးထားတာ မာမီ ဘာကြောင့် စိတ်မဆိုးတာလဲ"

"အရင်တုန်းက မာမီ့မှာ သူငယ်ချင်းတွေ ရှိခဲ့တယ်၊ သူတို့တွေရဲ့အရေးက သိပ်ကိုရှုပ်ထွေးကြတယ်။ တစ်ခါတစ်ရံမှာ နားမလည်နိုင်အောင်ဘဲ၊ သူတို့ရဲ့အချစ်တွေ စိတ်တွေက လေးနက်ခိုင်မာကြတယ်။ ဒါပေမဲ့ အဆုံးသတ်ကတော့ ဆိုးဝါးကြတယ်။ အဲဒါ အချစ်ကိုသိပ်ခံစားလွန်းကြလို့ပဲလို့ မာမီထင်တယ်။ ဒါကြောင့် မာမီက မာမီ့သားကို အဲလိုနာကျင်ခံစားရသူမျိုး မဖြစ်စေချင်ဘူး။ အချစ်ဆုံးလူက အရက်စက်ဆုံးလူဆိုတဲ့စကားကို သား ကြားဖူးမှာပေါ့"

"ဘာဆိုင်လို့လဲ မာမီ"

"ချစ်တဲ့လူနဲ့ဆို နှလုံးသားကို နုနုလေးထားတတ်





ဘယ်လေ။ အဲတော့ ခံစားလွယ်တာပေါ့။ မချစ်လေ ဆောင်းလေပဲ။ ကဲ . . . ခုပဲကြည့် . . . ငါ့သားက မချစ်ဘတ်တော့ မနာကျင်ဘူး။ တစ်ယောက်နဲ့မပြတ်ရသေးဘူး နောက်တစ်ယောက်က အဆင်သင့်ပဲ"

"မာမီရဲ့ အဲဒီသူငယ်ချင်းတွေက ဘယ်ရောက်ကုန်ကြပြီလဲ။ အိမ်လည်လာတဲ့အထဲမှာပါသလား"

"သား မသိတဲ့လူတွေပါ"

"အခု ဘယ်မှာလဲ။ သား သိချင်လာပြီ"

"သား တစ်သက်ပေါ့။ မတွေ့တာကြာသွားပြီ။ အရ်သာဖြစ်တာတစ်ယောက်ရှိတယ်ဆိုတာပဲ ကျိန်းသေ ပြောနိုင်တယ်"

"အဲဒီဖာရ်သာနာမည်က"

"နာမည်ရင်းတော့ မိုင်ဆောင်ပဲ"

"မိုင်ဆောင် . . . တိုင်းရင်းသားနာမည်ပဲ။ ကျန်ခဲ့လူတွေရော"

"လေဆန်နဲ့ ရွှန်"

www.burmeseclassic.com



"ဩော် . . . ! သုံးယောက်တောင်မှပါလား။ အဲဒီထဲမှာ မာမို့ရည်းစားက ဘယ်သူလဲ"

"တစ်ယောက်မှမဟုတ်ဘူး"

"ဘယ်ရောက်ကုန်ကြပြီလဲ"

"လေဆန်ကတော့ လွန်ခဲ့တဲ့ ဆယ့်ကိုးနှစ်လောက်ကပဲ ဆုံးသွားပြီ။ ရွှန်ကတော့ ဘယ်မှာ ဘာလုပ်နေမှန်း မသိတော့ဘူး။ လိမ္မော်ခြံပဲဆက်လုပ်နေသလား၊ ဒီရန်ကုန်မှာပဲလား မသိဘူး"

"လိမ္မော်ခြံ . . . အဲဒါက ဘယ်မှာလဲ"

"မြစ်ကြီးနားမှာ"

"မြစ်ကြီးနား . . . သားသွားချင်တယ်။ ဘိုးဘိုးရဲ့ အုတ်ဂူကို ကန်တော့ရင်းသွားရအောင်လား မာမီ"

"နှစ်ပတ်လည်နေ့တော့ တို့သားအမိ သွားကြတာပေါ့"

ဟုဆိုပြီး လက်ကျန်ကော်ဖီကို ငုံ့သောက်နေစဉ် တစ်စုံတစ်ရာကို အသည်းအသန် စဉ်းစားနေပုံရသော ဂျက်က





"မာမီ"

"အင်း"

"အဲဒီသုံးယောက်လုံးက တကယ်ပဲ မာမို့ရည်းစားတွေ မဟုတ်ဘူးလား"

"ဒီကလေး . . . ဘာတွေမေးနေတာလဲ"

"သိချင်လာလို့ပါ"

"ဟော . . . ကားသံကြားတယ်။ သားအယ်ဒီ ပြန်လာပြီ"

ဟုဆိုကာ ထထွက်သွားသော မာမီကြောင့် သူမှာ တောင်မကျကြီး ကျန်နေရစ်ပါသည်။

သူကလည်း သောက်လက်စကော်ဖီကို လက်စသတ်ကာ ထလိုက်ပြီး ဒယ်ဒီကို နှုတ်ဆက်ရန် ထွက်လာခဲ့သည်တွင် ဗိုင်အပြာရောင်လေးကို ကိုင်လာသော ဒယ်ဒီနှင့် တန်းတိုးပါ၏။

"သား . . . ဒီနေ့ ဘယ်သွားစရာရှိသလဲ"

"ဘာမိုင်းမလို့လဲ ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဖိုင်ကို ဆေးရုံကိုသွားပို့ပေးပါလား"

"ဟုတ်ကဲ့"

"ဒယ်ဒီ့နားနေခန်းကို သိတယ်မဟုတ်လား"

"သိတယ်"

"အဲဒီအခန်းရဲ့ ကပ်လျက်ခန်းမှာ ဆရာဝန်မတွေ နားနေခန်းရှိတယ်၊ အဲဒီမှာတွေ့တဲ့တစ်ယောက်ကို ပေးထား လိုက်"

"ဒယ်ဒီ့ဆရာဝန်မတွေက ချောလား"

"မင်းထက် အသက်ကြီးတဲ့လူတွေချည်းပဲ။ ကစား လို့ကောင်းမှာမဟုတ်ဘူး"

"ရင်ခုန်သံက ပြောင်းသွားပြီ။ သားက မမတွေကို စိတ်ဝင်စားပြုလာပြီ"

"ငါ့မျက်နှာ အိုးမည်းမသုတ်နဲ့။ မင်းဟာမင်း အပြင် မှာ ရှုပ်ချင်သလောက်ရှုပ် . . . ဟုတ်လား။ ဒါပေမဲ့ သိက္ခာ တော့ ထိန်း။ ကိုယ့်သမိုင်းကို ကိုယ်ရေးရမှာ။ ကိုယ့်နာမည် တော့ ထိန်း . . . ဟုတ်လား။ ကြားဖူးတယ်မဟုတ်လား။



ခုံးကောင်းတဲ့ရာဇဝင်မျိုး"

"ဟာ . . . ဒယ်ဒီကလည်း သားက စိတ်ပဲ ကမြင်း တား၊ ကိုယ် မတမြင်းပါဘူး"

"ကဲ . . . ကဲ . . . ဒီသားအဖတွေ ကမြင်းတာ တွေ၊ မကမြင်းတာတွေ ရပ်ကြပါ။ သားလည်း သွားစရာရှိ တာသွား။ အစ်ကိုလည်း ပင်ပန်းလာပြီ။ အနားယူပါတော့"

ဟု ဒေါ်ဆည်းဆာပျိုက ဝင်ဟန့်လိုက်တော့မှ ဂျက်က ပြုံးစိစိနှင့် မာမီနှင့် ဒယ်ဒီကို နှုတ်ဆက်ကာ သူ၏ ကား မီးခိုးရောင်လေးနှင့် ထွက်လာခဲ့ပါတော့၏။

ဂျက်၏ကားမှာ ပိုင်ရှင်က လူငယ်တစ်ယောက်ပါ ဟု ပြောစရာမလိုလောက်အောင်ပင် အလှဆင်ထားမှုတွေ က ခေတ်ရှေ့ပြေးလှပါသည်။ ထိုကားလေးကို ကိုယ်တိုင် မောင်းခွင့်ရခဲ့သည်မှာ ငါးလပင် မပြည့်သေးသော်လည်း အနှစ် နှစ်ဆယ်ကျော် မောင်းခဲ့တဲ့ ဒယ်ဒီထက် ပို၍ ကျွမ်း ကျင်နေခဲ့ပါသည်။

ရင်အုံလှသော ဂျက်မှာ အမြဲပင် စပို့ရှပ်ကြပ်ကြပ်

www.burmeseclassic.com

www.burmeseclassic.com



မျိုးကို လိုက်ဖက်အောင် ဝတ်ဆင်တတ်၍ စမတ်ကျပြီး ကြည့်ကောင်းနေပါသည်။

သူငယ်ချင်းတွေထဲတွင် ဂျက်က ထင်းခန့်ဖြစ်နေခြင်းကလည်း ဂျက် နာမည်ကြီးရခြင်းရဲ့ လျှို့ဝှက်ချက်တစ်ခုပင် ဖြစ်ပါသည်။

မိမိကိုယ် မိမိ ယုံကြည်မှုအပြည့်နှင့် ဂျက်ရဲ့ လမ်းလျှောက်ပုံကို အရိုးမိန်းကလေးများကဆို မသိမသာ ကြည့်ကြပေမယ့် အချို့က သိသိသာသာကြီးပင် အပျံစားပါလား ဟု ပြောလာခဲ့လျှင် ဂျက်က မထီတရီလေးပြုံးပြခြင်းဖြင့် မိန်းမလှလေးများရဲ့ အသည်းကို ဖမ်းစားလေ့ရှိပါသည်။

ထိုသို့ အသည်းစားဘုရင်လေး ဂျက်က ဆေး ဝင်းထဲသို့ ကားကိုမောင်းဝင်လိုက်ပြီး သတ်မှတ်ထားသော နေရာတွင် ကားကိုရပ်ကာ ဖိုင်အပြာရောင်လေးကို ထ ပါပါကိုင်ပြီး ဆေးရုံထဲသို့ ဝင်လာခဲ့သည်တွင် ဆေးနံ့ မနှစ်သက်သော ဂျက်ရဲ့ နှာခေါင်းထဲ စူးရှစွာပင် ဆေး ပြင်းပြင်းက ဝင်ရောက်လာ၍ အသက်ကို ရှူတစ်ချက် မ





တစ်ချက်ပင် ဟန်လုပ်ရှူနေရပါသည်။ အို၊ နား၊ ကျိုး၊ ကန်း ဆို့ စုဝေးရာ ထိုပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက် တော့ ဟိုမှဒီပြေးလွှားနေကြတဲ့ နာစ်တွေနှင့် လောင်းကုတ် ရှည်ကို ဝတ်ဆင်ထားသော ဆရာဝန်များ၊ အပူသည် ချက်နာများကို ပိုင်ဆိုင်ထားသူများတသော ပတ်ဝန်းကျင်မှာ ကြည့်နက်နေ၍ ဂျက်မှာ စိတ်ရှုပ်ထွေးစွာပင် ခေါင်းကို ခါယမ်းလိုက်ပါ၏။

"ဒါကြောင့် ငါ ဒီဆေးရုံကို မလာချင်တာ"

ဟုပင် ရှုပ်ယှက်ခတ်နေသူများကို ရည်ညွှန်းပြီး ခပ်တိုးလေးပြောကာ ဒုတိယထပ်သို့ လှေကားတိုင်းတက် ဖို့ပြင်ပြီးမှ လှုပ်ပုံလှုပ်ပုံနှင့် ဆင်းလာသူကြောင့် စိတ်ပျက် စွာပင် ဓာတ်လှေကားနှင့်ပင် ဒုတိယထပ်သို့ တက်လာခဲ့ ပါသည်။

သီးသန့်ခန်းတွေပဲရှိတဲ့ ဒီဒုတိယထပ်မှာတော့ လူ ရှင်းတာ သိပ်မရှုပ်ထွေးနေဘဲ ဆေးရနံ့လည်း သိပ်မဆိုး၍ အသက်ရှူက ချောင်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အခန်းလဲ မသိဘူး။ မရောက်တာ ကြာတော့ မေ့ချင်ချင်ဖြစ်နေပြီ"

ဟုလည်းပြောကာ ရေးထားသောစာများကို ဖတ်လိုက်ပြီး နောက်ဆုံးမှာတော့ တွေ့ရှိသွားရကာ . . .

"ဒါပဲ . . . အဲ . . . ဆရာဝန်မတွေ့ဆိုတော့ ပေါက်ကရလုပ်ရင်လုပ်နေမှာ"

ဟုလိုရာတွေးပြီး တံခါးကို ခေါက်လိုက်ပါသည်။

"ဒေါက် . . . ဒေါက်"

ဟု နှစ်ချက်ဆင့်ခေါက်ပြီးမှ တံခါးဘုကို လှည့်ကာ ဝင်လိုက်စဉ် စီရရီချထားသော စားပွဲလေးလုံးကို တွေ့ရ၍ . . .

"လူရှိလား"

"ဟုတ်ကဲ့ . . . ဘာကိစ္စရှိလို့ပါလဲ"

ဟု ဝင်ပေါက်ကို ကျောပေးထားသူက ချာခနဲ လှည့်လာစဉ်တွင် . . .

"ဟင်"



"ဟာ"

နှစ်ဦးသားမှာ ပါးစပ်အဟောင်းသားနှင့် တအံ့တသြကြီးဖြစ်သွားကြပါသည်။

"မ . . . မက . . ."

"ဘာကိစ္စရှိလို့လဲ"

ဟု သူမက အံ့အားသင့်ခြင်းကို ဖုံးကွယ်ကာ ပြောသော်ပေမယ့် သူကတော့ ဖုံးမနိုင်ဖိမရ ဝမ်းသာခြင်းကို ဆက်တိုက် သယ်ဆောင်ပြီး . . .

"မက ဆရာဝန်ကိုး"

ဟု ဂျူတီကုတ်အဖြူကြီးကို ရည်ညွှန်းပြီး ပြောလိုက်ပါသည်။

"မင်းကို တို့မေးနေတာ မဖြေသေးဘူးနော်"

"ဝမ်းသာလွန်းလို့ . . . ဟား . . . ဟား . . . လာရင်းကိစ္စကို မေ့သွားပြီ"

ဟု ကလေးတစ်ယောက်လို ပေါ့ပေါ့ပါးပါးပင် ပြောနေသေးသော ထိုကောင်လေးကို သူမက ပြုံးကာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး . . .

"မင်းဟာ ကလေးတစ်ယောက်လိုပါပဲလား"

ဟု သူမက မောင်လေးတစ်ယောက်လို ကြင်နာစွာ ပြောလိုက်လျှင် လူပျိုပေါက်ကလေးဖြစ်သော ဂျက်ရဲ့မျက်နှာမှာ ရုတ်ခြည်းပြောင်းလဲသွားရကာ . . .

"မ . . . ကျွန်တော့်ကို အဲလိုအကြည့်မျိုးနဲ့ မကြည့်ပါနဲ့"

"ဘုရားသခင် . . . တို့က မင်းကိုဘယ်လိုကြည့်မိလို့လဲ"

"ကျွန်တော်က မရဲ့မောင်လေးနေရာမှာ မရှိဘူး"

"မင်းက တော်သားပဲ၊ အကဲခတ်ကောင်းတယ်"

"မကြာခင် ကျွန်တော့်အသက် နှစ်ဆယ်ပြည့်တော့မှာပျ။ ကျွန်တော် ကလေးမဟုတ်ဘူး"

"အင်းပါ . . . လူကြီးရယ်။ ကဲ . . . ဘယ်လိုကိစ္စမျိုးလဲ"

"မကို ကျွန်တော် စိတ်ဆိုးချင်တယ်။ နောက်ဆို





ကျွန်တော့်ကို ကလေးကိုပြောတဲ့စကားမျိုး မပြောပါနဲ့"

ဟု ကလေးတစ်ယောက်ပီပီပင် ပြောနေသော မျက်နှာတန့်ကန်နှင့် ထိုကောင်လေးရဲ့ပုံစံကြောင့် သူမမှာ ယဲ့ယဲ့လေးပင် မသိမသာပြုံးမိသွားပါသည်။

"ဒီ . . . ဒီ . . . ဒီ"

ထိုစဉ် သူမ၏စားပွဲပေါ်မှ လက်ကိုင်ဖုန်းက မြည်လာ၍ သူမမှာ ထိုကောင်လေးကို လက်ကာပြပြီး . . .

"ခဏနော်"

ဟုဆိုကာ ဖုန်းကိုဖွင့်၍ နားထောင်လိုက်ပါသည်။

"ကိုကို . . . ပြော"

" . . . "

"လေးနာရီ"

" . . . "

"အင်း . . . ညီမ စောင့်နေမယ်"

ဟုဆိုကာ ဖုန်းကိုပိတ်ပြီး စားပွဲပေါ်တင်ကာ ထိုကောင်လေးထံ လှည့်ကြည့်လိုက်တော့ အိုကျနေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပုံနှင့် ထိုကောင်လေးက သူမထံ ဖိုင်အပြာရောင်လေးကို လှမ်းပေးပါသည်။

သူမကလည်း ယောင်နနဖြင့် လှမ်းယူလိုက်ပြီးမှ

"ဘာလဲ"

"ဆရာဝန်မပဲ။ ကျွန်တော့်လို ဂျက်ပစီထက် ဘာလဲဆိုတာ ပိုသိမှာပေါ့"

ဟု ဂျစ်ကန်ကန်ဖြေခဲ့သည်တွင် လူငယ်လေးက သူမအပေါ်မရှိသေရကောင်းမလားဟု အနည်းငယ် စိတ်တိုမိပေမယ့်လည်း ထိုဖိုင်လေးကို ဖွင့်ကြည့်လိုက်စဉ်မှာတော့ သူမ အလိုလိုသဘောပေါက်သွားရကာ . . .

"ဪ . . . မင်းက ဆရာ့အိမ်က လူဆိုးလေးကိုး"

"ဟမ်"

"ဆရာက အဲဒီလူဆိုးလေးအကြောင်း အမြဲပြောပါတယ်။ လူနဲ့နာမည်နဲ့တော့ ခုမှပဲတွဲမိတော့တယ်"

"ဒယ်ဒီက ဘာတွေပြောထားလဲ။ ဒယ်ဒီနဲ့ အဲ့လောက်ထိပဲ ရင်းနှီးသလား"



"အင်း . . . ရင်းနှီးတယ်။ ကျောင်းသူဘဝတည်းက လေ။ ဆရာက တည်ကြည်ပြီး ပညာဝေဖို့ ရက်ရောတော့ ခင်ဝင်တဲ့လူများတယ်။ တို့သာမဟုတ်ဘူး တို့ သိသမျှတော့ ဆရာ့ကောင်းသတင်းက ပတ်ဝန်းကျင်မှာ တော်တော်မွှေးတယ်"

"ဒယ်ဒီက ဘာပြောထားမှန်းမသိပေမယ့် ဒယ်ဒီပြောတာတွေ တစ်ခုမှ မဟုတ်ဘူးနော်"

"တော်တော်ဆိုးတယ်ထင်တယ် ဟုတ်လား။ အရင်းအမြစ်ကိုတောင် မသိရသေးဘဲ ဖွတ်ကာတာပေးနေတော့တာပဲ"

"ကျွန်တော်က ပွင့်ပွင့်လင်းလင်းဆိုးတာပါ။ သူများလိုတော့ ရည်းစားနဲ့ အလုပ်ချိန်မှာ ဖုန်းမပြောဘူး"

"ရည်းစားနဲ့ . . . ဟုတ်လား"

ဟု သူမက သူ့စကားကိုပြန်ထောက်လိုက်ချိန်မှာတော့ ပေကပ်ကပ်နှင့်လုပ်နေသော သူ့ပုံကြောင့် သူမ ပြုံးလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်စသတ်တော့ ကောင်လေးက သူမကို ကိုကိုနဲ့အထင်လွဲနေတာကိုးဟုလည်း သဘောပေါက်သွားမိပါသည်၊

ထို့ကြောင့်ပင် ကလေးဆိုးကြီးလို သူမရှေ့တွင် မတုန်မလှုပ်ကြီးရပ်နေသော သူ့ကို ပြုံးယဲ့ယဲ့လေး ကြည့်ကာ . . .

“ကဲ . . . ဘယ်လိုလုပ်မလဲ။ တို့မှာ ဂျူတီရှိသေးတယ်”

“သွားမှာပါ။ ဒါပေမဲ့ တစ်ခုသိချင်တယ်။ ဘာလို့ ညနေတိုင်း မဖြတ်တော့တာလဲ”

“အဲဒါ တို့အနားယူချိန် ဆယ်ရက်မှာ မင်းနဲ့ဆုံသွားလို့ပါ။ ညနေဘက် ကျန်းမာရေးလမ်းလျှောက်ထွက်တယ်လေ”

“ကျွန်တော်က အမြဲစောင့်မျှော်နေသေးတာ”

“မင်းကို တို့ပြောသွားပဲ။ မမျှော်နဲ့လို့”

“ကျွန်တော်က ရင်ကွဲနေတာ”





ဟုဆိုကာ မ.ရဲ့မျက်နှာရိပ်ကို အကဲခတ်လိုက်ပြီး သူ့စကားကို စိတ်မဆိုးပါဘူးဆိုတာ သေချာတော့မှ . . .

“အဲဒီလူက မ.နဲ့ ဘယ်လိုပတ်သက်လဲ”

“အဲဒီလူ . . . ဘယ်သူလဲ”

“မ.သိရဲ့သားနဲ့ဗျာ။ ကား . . . မ.နဲ့ကားအတူစီးသွားတဲ့လူ”

ဟု စိတ်မရှည်သလိုပြောလာလျှင် သူမ ပြုံးချင်သွားပါ၏။

ထိုကောင်လေးနဲ့တော့ ခက်ရချည်ရဲ့၊

သူမကို အတည်များ စိတ်ဝင်စားနေရှာသလား။ ဒါမှမဟုတ် ဆရာပြောတဲ့ ပလေးဘွိုင်းလား။

“မ.ကို သဘောကျပေမယ့် အဲဒီအပြုံးကိုတော့ မုန်းတယ်ဗျာ။ ကျေးဇူးပြုပြီး အဲလိုမပြုံးပါနဲ့၊ ကျွန်တော့် ရင်ထဲထိတယ်”

“ကန့်သတ်ချက်လား”

“ပြောဗျာ။ အဲဒီလူက ဘယ်သူလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလို့ထင်လို့လဲ"

"ခန့်မှန်းမိရင် ကျွန်တော်က ဒီလိုမေးပါ့မလားဗျ။ အောက်တယ် . . . ဒီလိုမေးရတာ အောက်တယ်ဗျာ"

"ဒါ မင်းရဲ့ဆွဲဆောင်မှုပေါ့"

"ဗျာ"

"ကောင်မလေးတွေကို ဒီလိုနည်းနဲ့ ဆွဲဆောင်တာလား"

"ကျွန်တော် ဘဝနဲ့ချီပြီးပြောနိုင်တယ်။ အဲလို ခခယယ ပြောတာ မ,က ပထမဆုံးပဲ"

"တို့ကလည်း ဂျူတီချိန်မှာ အပိုပြောတာ မင်း ပထမဆုံးပဲမို့ ကျေပြီနော် . . . ဟုတ်လား"

ဟုဆိုကာ Pressure Cuff ကို ယူလိုက်သည်တွင်

"နောက်ဆို ကျွန်တော်ခေါင်းမူးအောင် လာမှာမို့။ ခုတော့ သွားပြီ"

ဟု ဆိုကာ လက်ပြကာ ထွက်သွားသော ထိုကောင်လေးကို သူမက ကြည့်နေမိပါသည်။





ရဲတင်းပေမယ့် ရိုးသားပုံရတဲ့ ထိုကောင်လေးကို သူမ သိပ်စိတ်မဆိုးမိပါ။

ဆယ်ကျော်သက်ပီပီ သစ်ရွက်လှုပ်တိုင်း အချစ်ဟု ကင်ပွန်းတပ်ကာ ရည်းစားဆိုတဲ့ပန်းတိုင်ကို လှမ်းချင်ခိတဲ့ ဖူးသစ်စခံစားချက်အချို့ကို သူမ နားလည်ပေးလို့ ရပါသည်။

အချစ်ဆရာကြီးဟု သူ့ကိုယ်သူ ထင်နေပုံရသော ထိုကောင်လေးကို သူမကလည်း ချစ်စရာအရုပ်လေးတစ်ရုပ်လို ဖြူဖြူစင်စင် မြင်မိပါသည်။

လမ်းသွားမှာ စိတ်လွတ်ကိုယ်လွတ်ကနေသော ထိုကောင်လေးရဲ့ပုံကိုမြင်တည်းက သိပ်ရမ်းရမ်းကားကား မဟုတ်ဟု ခန့်မှန်းမိခဲ့သော်လည်း သူမ သိပ်လေးစားရတဲ့ ဆရာရဲ့ အချစ်ဆုံးသားဆို၍ ထိုကောင်လေးအပေါ် အထင်အမြင်သေးမှုတော့ ပျောက်ကွယ်သွားရပါသည်။

သို့သော် ကောင်လေးတွေနှင့် ပေါင်းသင်းဆက်ဆံခြင်းကို မနှစ်သက်သည့် ကိုကိုကြောင့်တော့ သတိထားရ



www.burmeseclassic.com

www.burmeseclassic.com



ပေလိမ့်မည်ဟု မိမိကိုယ်မိမိ သတိပေးလိုက်မိပါသည်။

သူမဘဝမှာ ဖေဖေသာအဓိက၊ မေမေသာ ပထမ၊ ကိုကိုသာ သူမဘဝလို့ ခံယူထားခဲ့၍ သူမဘဝကို ပုံစံခွက်အဖြစ်နေခဲ့သည်မှ ခုဆို သူမက ဆရာဝန်မပေါက်စလေးပင် ဖြစ်၍လာခဲ့ပါပြီ။

ငယ်ကတည်းက မေမေ့ကို သိပ်အားကျခဲ့ရတာမို့ မေမေ့လို အတုရိုးပြီးနေလာခဲ့ရမှ မေမေ့လိုပင် တည်ငြိမ်ပြီး ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်မှုမျိုး ဖြစ်လာခဲ့ရပါသည်။ အမြဲ လုံချည်အပွင့်လေးများနှင့် လက်စက ရင်ဖုံးလေးများကိုသာ မရိုးရအောင်ဝတ်ဆင်တတ်တာက သူမရဲ့ အကျင့်မို့ အချို့ကဆို ခရုအိမ်ရဲ့ စတိုင်လ်ဟုပင် နောက်ပြောင်နေကြသည်ထိ ဖြစ်ခဲ့ရပါသည်။

သူမရဲ့ ဝတ်ပုံစားပုံကိုကြည့်ပြီး ဖေဖေကတော့ တစ်ခါတစ်ရံမှာ . . .

"သမီးမေမေငယ်တုန်းက သမီးလို မဝတ်ဘူး။ ဂါဝန်ဖားဖားမျိုးပဲ ဝတ်တာ"



ဟုပြောလျှင် သူမမှာ မယုံနိုင်ဖြစ်ရပါသေးသည်။ ဘာဖြစ်လို့လဲဆိုတော့ မေမေက သိပ်ကုန်ရြေရပြီး မြန်မာဆန်ဆန်ပင် ဝတ်စားပြင်ဆင်တတ်၍ပါပဲ။

သူမက ဟုတ်ရဲ့လားဟု ထပ်မေးလျှင် တစ်နေ့တော့ သမီးကို သက်သေပြမယ်ဟု ဖေဖေက တိတိကျကျ ခင်ပြောနေ၍ ထိုတစ်နေ့ကို သူမစောင့်မျှော်၍ နေခဲ့ပါသည်။

သူမ စောင့်မျှော်ရခြင်း နပ်ခဲ့ပါသည်။

မြစ်ကြီးနားမှ လိမ္မော်ခြံကို စစ်ဆေးပြီး ပြန်လာတဲ့ ဖေဖေက ကြီးမားသောပန်းချီကားကြီးကို ယူလာတာ သူမတို့ရော သူမရဲ့ ကိုကိုကိုပါ အရင်ဦးဆုံး ပြခဲ့ပါသည်။

သူမ သိပ်အံ့ဩခဲ့ပါသည်။

ဘာဖြစ်လို့လဲဆိုတော့ ဆံနွယ်လိပ်ခွေခွေလေးများနှင့် ကြက်သွေးရောင်ဂါဝန်ဖားဖားကြီးကို ဝိုလ်ဆန်ဆန် ဝတ်ဆင်ထားသော မိန်းကလေးက စန္ဒရားကြီးကို တီးခတ်နေသောပုံကြောင့်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါ မေမေပဲဆိုတာ ရှင်းပြနေစရာမလိုလော
အောင်ကိုသိနေ၍ ကိုကိုရော သူမပါ မေမေ့ကိုရှိုးကျ
တော့ ပြုံးနေတဲ့မေမေ့ရဲ့အပြုံးက သူမရင်ထဲထိ ဝင်ရော
ခဲ့ပါသည်။

သူမကလည်း မေမေလို တည်ငြိမ်အေးချမ်း
အပြုံးမျိုး ပိုင်ဆိုင်ချင်ခဲ့ပါသည်။

သိပ်အသက်ဝင်လွန်းသော ထိုပန်းချီကားကြ
ကြောင့် ဘယ်သူဆွဲပေးခဲ့သလဲလို့ မေးချင်ပေမယ့် မမေ
ဖြစ်တော့ပါ။

ဘာကြောင့်လဲဆိုတော့ ပန်းချီကားအောက်ခြေ
က ထိုးထားသော ဆိုင်းကြောင့်ဖြစ်ပါသည်။ ဒီဆိုင်းပိုင်ရှင်
က သူမ သိပ်ချစ်ခင်လေးစားရသော ဖာရ်သာပဲ ဖြစ်လိမ့်
မည်ဟု သူမ ယူဆမိပါသည်။

ဖာရ်သာကို သတိရမိပေမယ့် သူမ မြစ်ကြီးနား
မပြန်ဖြစ်တာ ခုဆို ဆယ့်နှစ်နှစ်ရှိသွားခဲ့ပါပြီ။ တစ်နေ့တော့
မွေးရပ်မြေကို ပြန်ကြည့်ပါဦးမည်ဟု ရည်ရွယ်ချက်ရှိ



သော်လည်း မအားလပ်နိုင်တဲ့အချိန်များကြောင့်ပင် ထိုဆန္ဒ
အား မပြည့်မြောက်နိုင်ခဲ့ပါ။

ရှူတိုပြီးသွားပြီမို့ သူမက စိတ်ပေါ့ပါးစွာပင် တွေး
ချင်တိုင်းတွေးနေခဲ့ရာ . . .

"ဒေါက် . . . ဒေါက်"

တံခါးခေါက်သံကြားမှ အတွေးထဲမှ ရုန်းထွက်
လိုက်ပြီး . . .

"ဟုတ်ကဲ့"

ဟု အသံပေးလိုက်ပါသည်။

သည့်တွင် ဖွင့်လာသော တံခါးချပ်ကြီးရဲ့ နောက်
ကွယ်မှာ မျက်နှာနှစ်ခုကြောင့် . . .

"ဟင် . . . ဦးဦး"

သူမ အံ့အားသင့်သွားရပါသည်။

"ဘယ်လိုလဲ။ ထူးဆန်းတယ် မဟုတ်လား"

ဟူသော ကိုကိုရဲ့အမေးကိုပင် မဖြေတော့ဘဲ
ငယ်ငယ်ကလိုပင် ဦးဦးကို ပွေ့ဖက်နှုတ်ဆက်လိုက်တော့ . .

www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး ဘယ်တုန်းက ပြန်ရောက်လဲ"

"လွန်ခဲ့တဲ့ နှစ်နာရီက"

ဟု ပေါ့ပေါ့ပါးပါးပင် ပြောဆိုတတ်သော ဦးဦး
လှငယ်ဆန်စွာပြောလျှင် သူမမှာ ပြုံးကာ . . .

"သမီးက ဦးဦးကို သတိရနေတာ"

"အဲ့ဒီလို ချွဲတဲ့ ငါ့တူမအတွက် ဦးဦးက လ
ဆောင်ပါတာပေါ့"

"အဒေါ်ချောချောလား"

"ဘာလုပ်ရအောင်လဲ"

"ဦးဦးက မိန်းမ မယူတော့ဘူးလား"

"မိန်းမယူရင် တစ်ယောက်တည်းကိုပဲ ချစ်ရမှာ
ပေါ့။ မယူတော့ အများကြီးကို ချစ်လို့ရတယ်လေကွာ"

"ဟား . . . ဟား . . . ဦးဦးကတော့ ခုချိန်ထိ
ပလေးဘွိုင်းပဲ"

"ကဲ . . . ကဲ . . . မချွဲ ဒါဆေးရုံမှာကြီးနော်၊
မင်းက ဆရာဝန်မဆိုတာလည်း သတိရဦး။ ညစာစားမယ်၊



နဲ့မေမေ မျှော်ရှိန်မှ ကိုယ်တို့ပြန်မယ်၊ ဒါမှ ဦးဦးကို
ခနဲတွေ့ရပြီး အံ့သြကြမှာ"

ဟုဆိုလျှင် သူမကလည်း သဘောတူစွာပင်
တိုင်အိတ်နှင့် ဟမ်းဖုန်းကို ယူလိုက်ပြီး ကိုကို၊ ဦးဦး
နှင့်အတူ ထွက်လာခဲ့ပါသည်။

ကိုကိုနဲ့ဦးဦးက ရှေ့ခန်းမှာထိုင်ပြီး သူမတော့ ကား
နောက်ခန်းမှာထိုင်ကာ . . .

"ဦးဦးက သမီးကို ကိုကို့လောက်မချစ်ဘူးဆိုတဲ့
သဘောလား"

"ဘာဖြစ်ရပြန်တာလဲ ကောက်တေးမရယ်"

"ဦးဦးထွက်သွားတာ ခုနစ်နှစ်တောင်ပဲ၊ သမီးကို
ဘာလို့ဖုန်းမဆက်လဲ"

"ဒါပေမဲ့ သမီးရဲ့နောက်မှာ ဦးဦးက အမြဲစပိုင်
လွှတ်ထားတယ်လေ။ စပိုင်က သတင်းပို့လို့ပေါ့။ နို့မဟုတ်
ရင် နည်းနည်းကြီးလာတဲ့သမီးကို ဦးဦးက ဘယ်လိုမှတ်မိ
မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စပိုင်က ကိုကိုလား"

"လခတခေတ်ခေတ်တောင်းတာ၊ ဒီစပိုင်က ကြေးကြီးတယ်"

"ကိုကိုလည်း လူဆိုးပဲ၊ သမီးကို ဒီအကြောင်း လုံးဝ မပြောဘူး။ သမီးကဖြင့် ကိုကိုက ဦးဦးတို့ မေ့ပြီထင်နေကာ"

"မမနဲ့ယောက်ဖရော နေကောင်းကြတယ် မဟုတ်လား ကောမက်"

"ကောင်းလွန်းလို့ အကောင်းတောင်လွန်နေပြီ"

"ဟမ်း၊ ဘယ်လိုအကောင်းလွန်တာလဲကွ၊ ငါ နားလည်အောင်လည်း ရှင်းပြပါဦး"

"မေမေက အရင်လိုမငိုင်တော့ဘူးလျူ။ စန္ဒရားလည်း တီးတယ်၊ ဖေဖေ ပြန်အလာကိုလည်း စောင့်မျှော်တယ်၊ သိပ်လိုက်ဖက်ပြီး အတွဲညီတဲ့စုံတွဲပေါ့"

ဟု ကောမက်က ဘာရယ်မဟုတ်ဘဲ အမှန်အတိုင်းပြောလိုက်တာဆိုပေမယ့် ဦးဦးလို့ခေါ်တဲ့ လေတံခွန်





ခြင်းထဲမှာတော့ ခံစားသွားရပါသည်။

သို့သော် သူ သိပ်ချစ်ရသော မမက ပျော်ရွှင်နေသည်ဆို၍တော့ ကျေနပ်မိသားပင်။



www.burmeseclassic.com

www.burmeseclassic.com



လေတံခွန်က လရောင်အောက်ရှိ မြက်ခင်းပြင်ပေါ်တွင် ခြေဆင်းထိုင်ကာ လရောင်ကို စိတ်ရှိလက်ရှိ ခံစားနေခိုက် အငွေ့ထောင်းထောင်းထနေသော ခွက်တစ်ခွက်က သူ့မျက်နှာရှေ့သို့ ရောက်လာခိုက် သူ မော့ကြည့်လိုက်ရာ အနည်းငယ်ညှိုးရော်နေပြီဖြစ်သော မျက်နှာရောရော်ကို တွေ့လိုက်ရပါသည်။

"ငါထိုင်လို့ရတယ် မဟုတ်လား ကောင်လေး"

ဟု သူ၏ငယ်နာမည်ကိုသာ ခွဲပြီးခေါ်နေသော ချွန်ကို သူက ပြုံးပြတာ ကိုယ်ကိုဘေးသို့တိုးပေးလိုက်ပါ





သည်။

"ကော်ဖီနံ့ကသင်းနေတာပဲ။ အသင့်ဖျော်အထုပ်ထဲက ဟုတ်ပုံမရဘူး"

"ဒီနေရာမှာတော့ မင်းရဲ့အစ်မက တော်တယ်လေ။ ဓာတ်ဘူးထဲက လောင်းထည့်ခဲ့ရုံပဲ ငါက ကြိုးပမ်းခဲ့တာ"

ဟုပြောပြီး ကောင်လေးခေါ် လေတံခွန်ရဲ့ဘေးမှာ ဝင်ထိုင်ကာ မိမိလက်ထဲရှိ ကော်ဖီခွက်ထဲမှ ကော်ဖီကို တစ်ငုံမျှသောက်လိုက်ပြီး . . .

"ငါတို့အတွ လရောင်ခံတာ ဒါသုံးကြိမ်မြောက်ပဲနော်"

ဟု ချွန်က အတိတ်ကို သတိတရနှင့်ပြောလျှင် လေတံခွန်(ခေါ်)ကောင်လေးက ပြုံးကာ . . .

"ပထမအကြိမ်က ရေစွမ်းတည်မှာ ဆန်ရယ်၊ သုံးယောက်လေ။ ဘီယာမှုးပြီး မြက်ခင်းပေါ်အိပ်ကြတာ၊ ဒုတိယအကြိမ်က လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်တ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အိမ်ထောင်ပြုသင့်ပြီ ကောင်လေး"

ဟု ချွန်က ညီအစ်ကိုရင်းသဖွယ်ပြောလျှင် ကောင်လေး (ခေါ်) လေတံခွန်က အပြုံးသဲ့သဲ့နှင့် တုံ့ပြန်လိုက်ပြီး . . .

"အဲဒါက အချစ်ပါမှဖြစ်တာပါ"

"မတွေ့သေးဘူးဆိုတဲ့သဘောလား"

"မတွေ့ချင်တာပါ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်ရင်ထဲမှာ သံမှိုတစ်ချောင်းလို စွဲနေခဲ့တယ်။ ချစ်တယ်ဆိုတာ နာကျင်ခံစားပြီး အဆင်မပြေဖို့ ချည်းသက်သက်ဖြစ်ပေါ်ရတဲ့ ပြင်းရှရှခံစားချက်ပဲလို့"

ဟု ပြောလာချိန်မှာတော့ ချွန့်ထံမှ တုံ့ပြန်စကားက ဆိတ်သုဉ်းသွားရပါသည်။

"ကျွန်တော် အမြဲဆုတောင်းတယ်။ ကျွန်တော် ချစ်ရတဲ့ ဆန်က ကောင်းကင်ဘုံမှာသာယာချမ်းမြေ့ပါစေလို့"



"ငါ့ရင်ထဲမှာလည်း အပြစ်ကြီးတစ်ခုလို ခံစားနေရ ပါပဲ"

"ကျွန်တော့်ကြောင့်ဖြစ်ရတာလို့ ကျွန်တော့်ရင်ထဲ အမြဲတွေးတယ် ချွန်။ အဲဒီနေ့ကသာ ချွန့်ကို ကျွန်တော် တွေ့ခဲ့ရင် ဆန် ခုလိုစောစောကြီး လောကထဲက ထွက် မှာ မဟုတ်ဘူး"

"အပြစ်ကြီးတစ်ခုလိုပါပဲ။ အကယ်၍ ဆပ်ခွင့်ကြုံ မယ်ဆိုရင် ဘယ်ဘဝပဲဖြစ်ဖြစ် ဆပ်ချင်တယ်၊ ပြီးတော့ အမြဲ ထိတ်လန့်နေရတယ်၊ လေဆန်ရဲ့ဝိညာဉ်က ငါ့ကို အမြဲကြည့်နေသလိုပဲ"

"ချွန်နဲ့ မမနဲ့ ကော်မက်နဲ့ ခရုအိမ်က မိသားစုပါ။ ဒါက အရင်တည်းကမို့ ခုထိ ဖျက်လို့မရဘူး"

"တစ်ခါတစ်ရံမှာ ငါ့ရဲ့ရပ်တည်မှုကို ငါကြောက် တယ် ကောင်လေး။ လေဆန် ဘာလို့သေသွားသလဲလို့ တွေးမိတိုင်းပဲ။ ပြီးတော့ ကောမက်ရဲ့မျက်လုံးတွေ၊ ငါတို့ရဲ့ အတိတ်ကို ကောမက်တွေ့သွားမှာ ငါ သိပ်စိုးရိမ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မစိုးရိမ်ပါနဲ့၊ ကောမက်က သူ့အမေကို သိပ်ချစ်တဲ့သားပါ၊ မမစိတ်ဆင်းရဲမယ့်စရိုက်မျိုးကို သူ လုပ်မှာမဟုတ်ဘူး"

"ဆယ့်တိုးနှစ်၊ နှစ်ဆယ်ထဲမှာရှိခဲ့ပြီ၊ ဒါပေမဲ့ ကောမက်ရဲ့ခေါင်းရင်းမှာ လေဆန်ရဲ့ပုံက ခုထိရှိဆဲပဲ"

"ဟင်"

"သူ့နှလုံးသားထဲမှာ လေဆန်က သူ့အဖေပါ။ ငါ ခံစားရတယ်၊ ဒါပေမဲ့ ငါ ကျေနပ်ပါတယ်၊ လေဆန်ကို ငါ အဲဒါတစ်ခုတော့ ပေးနိုင်ပါတယ်၊ ဒါကြောင့် အတိတ်အကြောင်းကို ရှင်းပြဖို့ ငါ လုံးဝစိတ်မကူးခဲ့တော့ဘူး"

"ချွန် . . . !"

ဆွေးမြည့်စွာခေါ်လိုက်တဲ့ လေတံခွန်ရဲ့အသံထဲတွင် စိတ်ရှုပ်ထွေးခြင်းများ ကိန်းဝပ်နေခဲ့ပါသည်၊

"ကျွန်တော် တစ်ချိန်လုံး ဘာကိုတွေးနေခဲ့သလဲ သိလား၊ တစ်ချိန်က မေမေသာ အစ်ကိုမိုင်ဆောင်ကို မစွန့်ပစ်ခဲ့ရင်၊ ကျွန်တော်နဲ့ မမတို့ရဲ့မိဘတွေသာ မဆုံးပါးခဲ့ဘူး





ဆိုရင်၊ ဆန်ရဲ့ဖေဖေက မေမေကို လက်မထပ်ခဲ့ဘူးဆိုရင်၊ ချွန်ရဲ့မမေသာ မဆုံးပါးခဲ့ဘူးဆိုရင်၊ ပြီးတော့ အမေ ဆည်းဆာပျိုနဲ့သာ မဆုံတွေ့ခဲ့ကြဘူးဆိုရင် . . . ဆိုပြီး ကျွန်တော် အများကြီး စိတ်ကူးယဉ်ကြည့်ခဲ့တယ်၊ ဒါပေမဲ့ ဒီရှုပ်ထွေးမှုတ သိပ်ကို ကျယ်ပြန့်လွန်းတယ်၊ အဲဒါကြောင့် ကျွန်တော် ချစ်ရမှာကြောက်လာတယ်၊ ဒါကြောင့် ကျွန်တော် အချစ်ကို ဝေးဝေးရှောင်တယ်"

"ကောင်လေး"

"စိတ်မကောင်းမဖြစ်ပါနဲ့ ချွန်၊ ပြီးတော့ ချွန့်ရင်ထဲမှာ မခံစားပါနဲ့တော့၊ တကယ်တော့ ချွန်ကလည်း ကျွန်တော့်အစ်ကိုပါပဲ၊ ဆန် သေသွားတာလည်း ကြာပြီပဲ၊ ကျန်ရစ်တဲ့ ချွန်တို့မိသားစုပဲ အေးချမ်းသာယာသင့်တယ်"

ဟု ရင်နာနာကြီးပင် ပြောနေသော လေတံခွန်ရဲ့စကားကိုကြားနေရတဲ့ ချွန်ရဲ့နှလုံးသားကလည်း နာနာကျင်ကျင်ကြီးဖြစ်ပါသည်၊

"မေမေရဲ့အသုဘမှာ ဖာရိသာဝတ်စုံကြီးနဲ့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ အစ်ကိုမိုင်ဆောင်ကြောင့် ကျွန်တော့်ရင်ထဲ ဘယ်လောက် ခံစားခဲ့ရသလဲ။ မိခင်က ယောဂီကြီးတစ်ယောက်၊ သားက ရေစ်ယာန်ဘုန်းတော်ကြီးတစ်ယောက်၊ အဲဒီအရွှိန်မှာသာ ဆန် ရှိနေခဲ့ရင် ကျွန်တော် ခံစားရတာထက် အဆတစ်ရာ ခံစားရလိမ့်မယ်။ ဒါကြောင့် အဲဒီအချိန်တကျွန်တော် တွေးခဲ့မိတယ်။ ဆန် စောစောအနားယူသွားတာသိပ်ကောင်းတဲ့အခြေအနေပါလားလို့။ အဲဒီတစ်ကြိမ်ပဲ ဆန့်သေသွားတဲ့ကိစ္စကို ကျွန်တော် နှစ်သက်ဖူးတယ်"

ဟုဆိုပြီး မျက်လွှာကို ပုတ်ခတ်လိုက်ကာ . . .

"အစ်ကိုမိုင်ဆောင်က သိပ်ကိုတည်ငြိမ်အေးချမ်းပေမယ့် ကျွန်တော့်စိတ်ထဲမှာ ကျွန်တော်နဲ့ ဆန်က အစ်ကိုမိုင်ဆောင်အပေါ် အကြွေးကြီးတစ်ခုရှိနေခဲ့သလိုပဲ။ အစ်ကိုမိုင်ဆောင်ရဲ့ရင်ထဲမှာ သိပ်ကိုခံစားနေရမယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဆန်သာ အဲဒီလောက်ထိ ပျစ်ပျစ်ခါခါ မဖြစ်ခဲ့ရင် ပြဿနာက အဲလောက်ဖြစ်ခဲ့မှာမဟုတ်ဘူးလို့ တွေးမိတိုင်း အစ်ကိုမိုင်ဆောင်ကို အားနာရပါတယ်။



ဒါကြောင့် ကျွန်တော် မြစ်ကြီးနားကို ရောက်တိုင်း အစ်ကိုမိုင်ဆောင်ဆီပဲ အရင်ဆုံးသွားတယ်။ ကျွန်တော် ဘာတွေပြောမိသွားပြန်ပြီလဲ မသိဘူး။ ဆောရီး . . . ချွန်။ ဒဏ်ရာဟောင်းကို ဆွနေသလိုပဲ"

"ပြောပါ ကောင်လေး။ ပြောမှ ရင်ထဲကခံစားရတာ သက်သာတာပါ။ တကယ်တော့ အဲဒီအချိန်ကနာကျင်မှုတွေက နှလုံးသားထဲမှာ ရှိနေတုန်းပဲ။ ထပ်မနာကျင်ချင်ကြတော့လို့ မျိုသိပ်နေကြရတာပါ"

ဟုဆိုကာ ကောင်းကင်ယံကိုကြည့်လိုက်ပြီး . . .

"မကြာခင် ရေစွမတ်ရောက်တော့မှာပဲ။ ဒီအချိန်ဆို မြစ်ကြီးနားမှာ အေးနေလောက်ပြီ၊ ညဉ့်နက်ပြီ ခဏထိုင်ပြီး ဝင်လာတော့နော်။ အေးတယ်"

"အင်း"

"မင်းအပြီးပြန်လာတာလား"

"ကျွန်တော်လည်း လေးဆယ်ပြည့်တော့မယ်လေ။ အိမ်ကို လွှမ်းပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ကွာ၊ မင်းတူနဲ့တူမက မင်းရှိရင်ပျော်ကြတယ်"

ဟုသာဆိုပြီး လေတံခွန်ရဲ့ပုံလေးကို စပ်ဖွဖွသာ ပုတ်ကာ အိမ်ထဲသို့ ဝင်ခဲ့သည်ထိ သူ့စိတ်တွေက မှုန်းကျစ်ဆဲပါ၊ လှေကားမှ တစ်ဆင့် အပေါ်ထပ်ရှိ မိမိ၏အိပ်ခန်းထဲသို့ ဝင်လိုက်စဉ်မှာ ခုတင်ပေါ်တွင် ခွေခွေလေးအိပ်ပျော်နေသော ချစ်ဇနီးဆရီရောင်အိုင်ကို တွေ့လိုက်ရပါသည်၊

စောင်မခြုံဘဲ အိပ်ပျော်နေသော ချစ်ဇနီးရဲ့ ကိုယ်ခန္ဓာပေါ်သို့ စောင်ပါးပါးကို လွှမ်းတင်ပေးခိုက် အအိပ်ဆတ်သော ဆရီမှာ ဆတ်ခနဲလန့်နိုးသွားရပါသည်၊

"ဆက်အိပ်လေ"

ဟု သူကတီးတိုးပြောလိုက်ပေမယ့် ဆရီက သူ့လက်ကိုဆုပ်ကိုင်လာသည်တွင် . . .

"လက်တွေက အေးစိမ့်နေတာပဲ၊ ဘယ်ကိုသွားနေတာလဲ"

"အိပ်မပျော်လို့ အောက်ကောဆင်းသွားတာပါ"





ဟုဆိုတော့ သူမက နာရီကိုကြည့်လိုက်ကာ . . .

"နှစ်နာရီတောင်ထိုးနေပြီ အိပ်တော့လေ"

"အင်း . . ., ခုပဲအိပ်တော့မလို့"

ဟုဆိုကာ ဆရီရောင်အိုင်၏ဘေးရှိ ခေါင်းအုံးပေါ်တွင် လှဲချလိုက်ပြီး ဇနီးသည်ကို ရင်ခွင်ထဲဆွဲသွင်းကာ . .

"မပြောင်းလဲတဲ့အချစ်နဲ့ပါ ဆရီ၊ မင်းကို သိပ်ချစ်တယ်"

"အင်း"

"မင်း ကိုယ့်ရင်ခွင်ထဲမှာ အိပ်ပျော်သွားတဲ့နေ့တိုင်း ကိုယ် ပျော်တယ်"

"စိတ်ညစ်စရာရှိလို့လားဟင်"

"ဟွန့်အွန်း . . . မရှိပါဘူး"

ဟုပြောနေသော ခင်ပွန်းသည်ရဲ့အသံက ရှပ်တွေးခြင်းတပါနေသည်ကို သူမ ကောင်းကောင်းသိနေပါ၏၊

"ငယ်ငယ်က ကိုယ်တွေးမိတယ်၊ အဘိုးကြီး၊ အသွားကြီးတွေမှာရော အချစ်ရှိကြသေးလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"မှ သိသွားပြီလား"

"အင်း . . . ဆရာကြောင့် သိသွားပြီ"

ဟုပြောလျှင် သူမမှာ ပြုံးမိလိုက်ပါ၏။

သူမ ကျေနပ်ပါသည်၊

ချစ်သူရဲ့ရင်ခွင်ထဲမှာ ခုလိုနေခွင့်ရသည့်အတွက်ပေါ့။





"ခရုအိမ် ရှင်ကတော့ စန်းပွင့်နေတယ်"

ဟု ဆေးရုံထဲဝင်ဝင်ချင်းပင် လုပ်ဖော်ကိုင်ဖက်တစ်ဦးက ခုလိုပြောလာ၍ သူမမှာ တွေးဆဆလေး ဖြစ်သွားရပါသည်။

"ရှင်ကတော့ စိတ်ကူးယဉ်စရာဖတ်လမ်းရပြီ ခရုအိမ်ရေ"

ဟု နောက်တစ်ယောက်က ပြောလာပြန်သဖြင့် သူမမှာ နဖူးကြောလေးတွေ ကျုံ့သွားသည်ထိပင် တွေးရခက်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် တွေးဆဆနှင့် သူမတို့ရဲ့ နား... ခန်းထဲသို့ ဝင်လိုက်တော့ သူမစားပွဲပေါ်မှ ပန်းစည်းကြီး... ကြောင့် ထိုစကားတွေကို သဘောပေါက်နားလည်သွား... သည်။

သည်တွင် သူမစားပွဲဘေးမှ သီသီမြိုင်က ...

"ပုဂ္ဂိုလ်ကို စဉ်းစားလို့ရသွားတဲ့မျက်နှာပါလား... မှန်မှန်ပြောစမ်း။ ဒီလောက်စိတ်ကူးနုနုကို ပိုင်ဆိုင်ထား... ဘယ်လိုအမျိုးသားမျိုးလဲ"

"ကောင်လေးတစ်ယောက်ဖြစ်လိမ့်မယ်"

"အဲဒါတော့ ရှင်ပြောမှလား"

"မဟုတ်ဘူး။ အသက်ငယ်တဲ့ ကောင်လေး... ပြောတာ"

"တို့တွေရဲ့နားနေခန်းကိုတောင် ပိုင်စိုးပိုင်နင်း... ဝင်နိုင်တဲ့ကောင်လေးက ဘယ်သူဖြစ်မလဲ"

ဟု သီသီမြိုင်က သူမကိုမေးလာသည်တွင် သူ... က ပန်းစည်းကြီးရဲ့အောက်ခြေက ပို့စကတ်လေးကို ...



...ပြီး ...

"ဂျက်တဲ့"

"ဂျက်"

"အင်း ... ဒီမှာ နာမည်ရေးထားတယ်လေ"

"ရှင့်စကားကလည်း လမ်းဆုံက ကားကြီးလိုပါပဲ ... ယောက်မရယ်"

ဟု သူမ ကိုကို့ကို ရည်ညွှန်းပြီးပြောလာလျှင် သူမက ပါးချိုင့်လေးပေါ်အောင် ပြုံးလိုက်ပြီး ...

"ဆရာ ဒီပါညီ့အိမ်က ပလေးဘွိုင်းပါ"

"ဟင် ... !"

တစ်ချက်ကတော့ သီသီမြိုင်မှာ အံ့သြသွားမိတာ အမှန်ပါ။

ပွင့်လင်းသော ခရုအိမ်ကတော့ ...

"ဒီလိုပန်းစည်းကိုရတာ ဒါရောဆို နှစ်ကြိမ်ရှိပြီ"

"နှစ်ကြိမ်"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာပြောပုံအရဆို အဲဒီကောင်လေးက တော်တော်ချစ်စရာကောင်းပြီး ရှုပ်မယ့်ပုံပဲ။ ရှင်နဲ့ ဘယ်လိုဆုံကြတာလဲ။ ရှင် သတိထားနော်။ ရှင့်ဘက်မြားဦးလှည့်လာပြီ"

"နည်းနည်းဂျစ်ကတ်ကတ်နိုင်တာကလွဲရင် သိပ်ဆိုးဆိုးကြီးထဲက မဟုတ်ပါဘူး"

"ကောင်လေးကို ခိုက်သွားပြီလား"

"ဟာ . . . ပေါက်ကရတွေ သိရယ်။ ဒီလောက်ငယ်တဲ့ကောင်လေးကို ကြိုက်စရာလားဟယ်။ နှစ်ဆယ်တောင် ပြည့်ဦးမယ့်ပုံမပေါ်ဘူး"

"မနဲ့မောင်ပေါ့ဟယ်"

"အဲလိုစိတ် ငါ့မှာမရှိတာ သေချာတယ် သိ"

"ငါတော့ ရှင့်ကို စိတ်ဝင်စားတယ်သိလား ခရုအိမ်"

"ဘာကိုလဲ"

"တို့နှစ်ယောက်က စတိတ်ကျောင်းမှာတည်းက ခင်လာတာ ခုဆို ဆရာဝန်ဖြစ်နေပြီ။ ငါက ရည်းစားနှစ်



ယောက်တောင် ထားဖူးပြီး သိပ်လှတဲ့ရှင်က ဘာကြောင့်ရည်းစားမထားရတာလဲ"

"မချစ်လို့ပေါ့ဟယ်"

"အဲဒါကို စိတ်ဝင်စားတာပဲ။ ရှင့်ကို ချစ်တဲ့ကောင်လေးတွေ ဒီလောက်ပေါပါလျက်နဲ့ ရှင်က ဘယ်သူ့ကိုမှ ရွေးဘူး။ ငါကတော့ သိချင်တယ်။ တစ်ချိန်မှာ ဖြစ်လာမယ့် ရှင့်ရဲ့ချစ်သူကိုပေါ့"

"အမယ်လေး . . . ဘာများလဲလို့"

"ရှင် ဘယ်လိုလူမျိုးကိုမှချစ်မှာလဲ ခရုအိမ်"

"မသိဘူး။ အဲဒီလိုတစ်ခါမှ မတွေးဖူးဘူး"

"ဒီလိုဟာ မိန်းကလေးတိုင်း ရင်ထဲမှာ စံဆိုတာရှိတာပဲ။ ရှင့်ရင်ထဲက စံတွေကိုပြောတာ"

"ဟင့်အင်း . . . အဲဒါကို တစ်ခါမှမတွေးခဲ့ဖူးလို့ပါ"

"အင်းလေ . . . သိပ်ကောင်းတဲ့အစ်ကိုရှိနေမှတော့ ဒါကို တွေးပါတော့မလား။ ကိုကိုဆိုရင် ဘွားခနဲပေါ်လာပြီ ဖြစ်စေဆိုပြီး အရာရာပြည့်စုံသွားရော . . . ဟင်း။

www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ရှင့်အစ်ကိုလိုမျိုး အစ်ကိုတစ်ယောက်လောက် လိုချင်ပါတယ်"

ဟုပြောကာ ဂျူတီဝင်ရန်အတွက် ကုတ်အဖြူကို ကိုယ်စီဝတ်ဆင်လိုက်ကြစဉ် . . .

"ဟယ်လို"

ဟူသောအသံကြီးက ရုတ်တရက်ဝင်လာ၍ သီသီမြိုင်ရော သူမပါ တွန့်သွားကြသည်တွင် ထိုအသံရှင်ကတော့ မျက်နှာကို ကာထားသော တအုပ်ကိုဖယ်ကာ ပြုံးပြလာခဲ့ပါသည်။

"ဒါက ဘယ်သူလဲ"

ဟု သီသီမြိုင်ကမေးလိုက်သော်လည်း ထိုကောင်လေးက ပြုံးဖြီးဖြီးလေးလုပ်ကာ . . .

"ဂျက် . . . ဂျက်လို့ နာမည်တွင်တယ်"

"ဂျက်!"

သီသီမြိုင်မှာ တအံ့တဩလေးပင် သူမကို လှမ်းကြည့်လာခဲ့သည်တွင် သူမက မျက်နှာကိုတည်ကာ . . .





"ကဲ . . . ကောင်လေး တို့ရဲ့အလုပ်ချိန်မို့ မင်းကို ဧည့်လက်မခံနိုင်ဘူး"

"ခဏလေးပါပဲ . . . အဟဲ . . . ပန်းစည်းကို သဘောကျလား"

"အမှိုက်ရှုပ်တာပေါ့။ နောက်ဆို အဲလိုအမှိုက်မျိုး တို့စားပွဲပေါ် လာမတင်ထားပါနဲ့"

"စကားလုံးတွေက လက်ပစ်ဗုံးလိုပဲ။ ဒါပေမဲ့ ရပါတယ်။ ခုလာတာက မရဲ့ဖုန်းနံပါတ်ကို လိုချင်လို့ပဲ"

"ပေးမယ်လို့ မင်းကို တို့ တစ်ခါမှမပြောမိပါလား"

"ဒယ်ဒီ့ဆီကနေ တစ်ဆင့်တော့ရပါတယ်။ ဒါပေမဲ့ မ့ဆီက တိုက်ရိုက်ရချင်လို့။ မကို ကျွန်တော်ပြောထားတယ်လေ။ နောက်တစ်ကြိမ်ဆို ဖုန်းနံပါတ်လို့"

ဟု ကလေးတစ်ယောက်လိုပင် လိုရာကို ပြောနေလျှင် သီသီမြိုင်မှာ ပြုံးစိစိဖြစ်သွားရပါတော့။ သီသီမြိုင်က လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းမို့ သီသီမြိုင်ရဲ့အပြုံးကိုတော့ သူမ ရှက်သွားမိကာ ရုပ်ကိုတည်သည်ထက် ပိုတည်မိစ်



www.burmeseclassic.com

www.burmeseclassic.com



ကာ . . .

"မင်းကို စိတ်ပျက်တယ်"

ဟုပင်ပြောကာ ဂျက်ရဲ့ပခုံးစွန်းကို တိုက်ပြီး ထွက်လာခဲ့ပါတော့သည်။

ထွက်သွားသော ထိုဆရာဝန်မရဲ့ကျောပြင်ကို ကြည့်ပြီး ဂျက်ရဲ့ ရင်ထဲ ဝမ်းမနည်းစဖူး ဝမ်းနည်းသွားရပါသည်။

သူ့ရဲ့လုပ်ရပ်က တကယ်ပဲ သူမအဖို့ စိတ်ပျက်စရာ ဖြစ်သွားတာလား။

ဒီလို သူမရည်ရွယ်တာ အမှန်ပါ။

မ,ကို ပျော်ရွှင်စေရဲ့သက်သက် ပန်းစည်းပေးခဲ့တာပါ။ မိန်းကလေးတွေက ပန်းကိုနှစ်သက်တတ်ကြတာပဲလေ။

ဘာကြောင့် မ,က အဲ့လောက်ထိကြီး စိတ်ဆိုးသွားရသလဲ။ ဘာကြောင့်လဲ။

သူ့ရင်ထဲမှာ နာကျင်စွာ ခံစားလိုက်ရပါသည်။





ထိုသို့ ခံစားရခြင်းနှင့်အတူ သူကိုယ်သူလည်း အံ့ဩရပါသည်။

အမှန်ပြောရလျှင် ဂျက်ဆိုသော သူက အမြဲပေါ့ပေါ့ပါးပါးနေတတ်သူမို့ပါ။

ဘာကြောင့် မ,က သူ့ကို ခံစားရအောင် လုပ်ရတာလဲဟု မကျေမနပ်လေးပင် ဖြစ်ရ၍ ထိုဆရာဝန်မ၏ စားပွဲတွင်ပင် စိမ်ပြေနပြေထိုင်ချလိုက်သေး၏။

သူ့စိတ်ထဲမှာတော့ သူ့ကို ဒီလောက်ဂရုမစိုက်တဲ့ ဆရာဝန်မကို ဂရုစိုက်တတ်လာအောင် ကြိုးစားမည်ပေါ့။

သို့သော် စားပွဲပေါ်ထောင်ထားသော ဓာတ်ပုံလေးကို မြင်လိုက်ချိန်မှာတော့ သူ့စိတ်ထဲ ဇဝေဇဝါဖြစ်သွားရပါသည်။

မှန်ပါသည်။

ဓာတ်ပုံထဲတွင် မ,နှင့်အတူ ရယ်ပြုံးနေခဲ့သော ခပ်ချောချောအမျိုးသားကြောင့်ပါပဲ။

"ဒါ . . . သူ့ရည်းစားလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုပင် နှုတ်မှတီးတိုးပြောလိုက်မိသည်ထိ စိုးရိမ်သွားရပါသည်။

"ရည်းစားဆို ငါ ဘာလုပ်ရမလဲ"

ဟု သူ ထစ်၍တွေးမိပါသည်။

ထိုသို့တွေးမိခြင်းက ရင်တော်တော်ပူရပါ၏။

ထို့ကြောင့်ပင် အေးအေးဆေးဆေး မထိုင်နိုင်တော့ပဲ ရုတ်တရက်ထရပ်ကာ ထွက်လာခဲ့ပြီးမှ ဒယ်ဒီရဲ့ နားနေခန်းထဲသို့ တံခါးပင် မခေါက်နိုင်တော့ဘဲ ဝင်လာခဲ့ပါသည်။

သည်တွင် ဘောပင်တစ်ချောင်းနှင့် အလုပ်ရှုပ်နေသော ဒယ်ဒီက သူ့ကိုမြင်တော့ တအံ့တဩပင်။

"ဆေးရုံအနံ့ကို မခံနိုင်ဘူးဆိုတဲ့ ငါ့သားက ထူးထူးဆန်းဆန်းပါလား"

"ဒယ်ဒီ့ကို သား မေးစရာရှိတယ်"

"ဘာလဲ"

"ခရုအိမ်အကြောင်းပါ"

ရွှေအသျှ



ဟုဆိုတော့ ဒယ်ဒီက သူ့ကို မျက်မှန်ကြားမှ ငေးကြည့်လာပါသည်။

"ဒယ်ဒီ့တူမပြည့် ခရုအိမ်ပါ"

"ကောင်မလေးက ရိုးသားတယ်၊ ကြိုးစားတယ်။ အေးဆေးတည်ငြိမ်တယ်။ မင်း ဘာရှုပ်ပြန်ဦးမလို့လဲ"

"သူက သားကို ဂရုမစိုက်ဘူး၊ သား ရင်ထဲမှာ ခံစားရတယ် ဒယ်ဒီ၊ အောင့်သက်သက်ကြီးပဲ၊ သူ့ကို ပျော်အောင် ပန်းစည်းပေးတယ်။ ဒါကို သူက အမှိုက်တဲ့"

"ဟား . . . ဟား"

"ဒယ်ဒီ . . . ဘာရယ်တာလဲ၊ သား တတယ် ကြေကွဲနေတာ"

"တခြားမိန်းကလေးတွေက မင်းပန်းစည်းတို့ ကြိုက်တယ်။ ခရုအိမ်က မကြိုက်ဘူး။ ဘာလဲခံပြင်းနေတာလား"

"ဒယ်ဒီ သား အတည်ကြေကွဲနေတာ"

"ရှယ်တုချင်း မင်းလို ရှော်ချင်းပဲ ရှပ်ပါကွာ၊ ခရုအိမ်က ဂုဏ်သိက္ခာရှိတဲ့ ဆရာဝန်မ၊ ပြီးတော့ မင်းထက်

ရွှေအသျှ

www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်ကျော် ခြောက်နှစ်လောက်ကြီးတာကြီးကို ချမ်းသာ ပေးလိုက်ပါကွာ"

"သား တကယ်ခံစားနေရတာ ဒယ်ဒီ၊ အဲဒီဆရာဝန်မလေးကို ကြွေသွားတာ"

"ဒယ်ဒီ အလုပ်ရှိန်ကြီး သားရယ်"

ဟု ရှုမငြီးအောင်ချစ်ရတဲ့ တစ်ဦးတည်းသော ချစ်သားကို ဒေါက်တာဒီပါညိုက ဖျောင်းဖျလိုက်ပါသော်လည်း ရဲရင့်နေသော သားရဲ့ မျက်လုံးတွေကိုတော့ သတိပြုမိသားပင်။

"ဒယ်ဒီ တစ်ခုကို မှန်မှန်ပြောရင် သား ပြန်မယ်"

"အကျပ်ကိုင်ပြန်ပြီ၊ ကဲ . . . ပြောကွာ"

"အဲဒီဆရာဝန်မမှာ မောင်နှမရှိသလား"

"အင်း . . . အစ်ကိုတစ်ယောက်ရှိတယ်တော့ ကြားဖူးတာပဲ"

"အစ်ကို"

သူ ပြန်စဉ်းစားလိုက်ပြန်ပါသည်၊ စားပွဲပေါ်က





ဓာတ်ပုံကိုပေါ့ . . .

"မောင်နှမဆိုတော့ ရုပ်ချင်းဆင်မှာပေါ့"

"ဘာတွေစဉ်းစားနေတာလဲ သား"

"ဒါပေမဲ့ သူတို့က ရုပ်ချင်းမဆင်ဘူး၊ လုံးဝပဲ"

ဟု ထိုဓာတ်ပုံကို ရည်ညွှန်းပြီးပြောတာ ဒယ်ဒီကို တရားခံတစ်ယောက်လို ကြည့်ပြီး . . .

"ဒယ်ဒီ"

"ပြော . . . ပြော . . . ပြောကွာ"

"သူ့မှာ ရည်းစားရှိလား"

"ဘယ်သိမလဲကွ"

"ဒယ်ဒီကလည်း ဆေးရုံတစ်ခုတည်းမှာနေပြီး မသိဘူးလား"

"သူ့ကိုယ်ရေးကိုယ်တာပဲ၊ ဘယ်သိပါ့မလဲ"

"ခန့်မှန်းပြောဗျာ၊ ခန့်မှန်းကြည့်"

"ဒီလောက်အသက်အရွယ်ရှိပြီး ဒီလိုလှတဲ့ မိန်းက လေးပဲ၊ မရှိဘဲနေပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ့အဖြေကို လုံးဝတင်းသွားပြီ"

ဟုသာ မကျေမချမ်းနှင့်ပြောကာ ထွက်လာခဲ့ပါတော့သည်။

သူ့စိတ်ထဲမှာတော့ သူမ ရည်းစားရှိနှင့်ပြီးရင်လည်းဆိုတဲ့ကိစ္စကို တွေးရင်း ဇျူပာကို ဘယ်လိုခင်းရမယ်ဆိုတာ အထပ်ထပ်စဉ်းစားနေမိပါတော့သည်။





"မ"

ဂျူတီပြီးသွား၍ ပြန်ရန်ထွက်လာခဲ့သည်တွင် တောက်တဲ့ရှုံးလောက်တဲ့ ထိုကောင်လေးရဲ့ အပြုံးမျက်နှာကြောင့် သူမမှာ စိတ်ရှုပ်သွားရပါသည်။

"အဲလိုကြီး မျက်စုံးမတွန့်ပါနဲ့။ ကျွန်တော့်အသည်းမှာ နာလို့"

"မင်းကို တကယ်စိတ်ရှုပ်တယ် ကောင်လေး"

"ဂျက်ပါ။ ကျွန်တော့်နာမည်က ဂျက်"

"ဒါ တို့ရဲ့ပတ်ဝန်းကျင်နော်။ မင်းရဲ့ ခုလိုမလေးမခြင်



www.burmeseclassic.com

www.burmeseclassic.com



မှကြောင့် တို့ သိက္ခာကျတယ်"

"မ,ရဲ့အကြည့်တွေက တဖြည်းဖြည်းနဲ့ ရင့်လာလို့ ကျွန်တော့်ရင်ထဲ ခံစားရတယ် မ,ရယ်။ မ,ရက်စက်တတ်လာပြီ"

"စကားပြောဆင်ခြင်ပါ ဂျက်။ မင်းကို တို့ ဘယ်တုန်းက အထာပေးခဲ့ဖူးလို့ အဲ့လိုရက်စက်တတ်လာဖြီဆိုတဲ့ အသုံးအနှုန်းမျိုး ထည့်သုံးရတာလဲ"

"ရပါတယ် . . . ကိစ္စမရှိပါဘူး။ ဘုမသိ ဘမသိနဲ့ ပျောက်သွားတာထက်စာရင် ခုလို အပြောခံရတာက ကောင်းပါတယ်"

ဟုဆိုလျှင် တောက်တဲ့ရှုံးတဲ့ ဒီကောင်လေးကို သူမ စိတ်ပျက်စွာပင် ဖြတ်ကျော်မည်ကြံခိုက် သူမရှေ့တွင် ပိတ်ရပ်လိုက်သော ထိုကောင်လေးကြောင့် သူမ နည်းနည်း ရှက်သွားမိပါသည်။ ဘာပဲဖြစ်ဖြစ် သူမက ဆရာဝန်မလေး ပြီးတော့ ရည်းစားလည်းထားခဲ့ဖူးတာ မဟုတ်တော့ ခုလို ကောင်လေးတစ်ယောက်က ရဲရဲတင်းတင်း ပြုမူလာတော့





သူမ ရှက်တယ်ဆိုတာ အဆန်းမှမဟုတ်တော့တာ။

"ဂျက် . . . မင်း တို့ရှေ့ကဖယ်ပါ"

"ဖယ်ရင် . . . မ,က သွားလိုက်မှာပေါ့ဗျ"

"ဒါ တို့ပတ်ဝန်းကျင်နော်။ တို့ကို သိက္ခာကျအောင်မလုပ်နဲ့"

"မ,က စိတ်ဆိုးရင်လည်း လှတာပဲ။ အဟဲ . . . မအားပါလား။ ကျွန်တော် လိုက်ပို့ပေးချင်လို့ပါ"

"တို့က မင်းတွဲခဲ့တဲ့မိန်းကလေးတွေလို မဟုတ်ဘူး ဂျက်"

"မ,က ပထမဆုံးပါ။ မာဗီတောင် ကျွန်တော့်ကားပေါ် လိုက်စီးဖူးတာ မဟုတ်ဘူး"

"မင်းဖယ်ပါ ဂျက်၊ မကြာခင် တို့ကိုကို ရောက်တော့မယ်၊ ကိုကိုက စိတ်ကြီးတယ်၊ မင်း ဖယ်ပါ"

ဟုပင် သူမရှေ့ပိတ်ရပ်နေသော ထိုကောင်လေးကို ပြောလိုက်စဉ်ရှိပါသေးသည် ထိုးဆိုက်လာသော စိမ်း



www.burmeseclassic.com

www.burmeseclassic.com



ညို့မြောင်ကားလေးကြောင့် သူမမှာ ဆတ်ခနဲ တုန်သွား ပါသည်။

"ခရေအိမ် . . . ဘာလုပ်နေတာလဲ"

ဟု ကားပေါ်မှ ကိုကိုက ဂျက်ကို စူးစိုက်စွာကြည့် ပြီး ပြောလျှင် သူမမှာ ပျာပျာသလဲပင် . . .

"လာပြီ ကိုကို"

ဟုပင် ပြေးလိုက်ပါသေး၏။

"ဘယ်သူလဲ အဲဒါက . . ."

"နှလုံးအထူးကုဆရာ ဒီပါညိုရဲ့သားပါ၊ ကြုံလို့ နှုတ်ဆက်နေတာ"

ဟုပင် မှုသားလေးနှောကာ မလုံမလဲပြောလိုက်ရ ပေမယ့် ကိုကိုရဲ့ အကြည့်စူးစူးကိုတော့ လက်ခံရရှိလိုက်ပါ သေးသည်။





"မ"

ပန်းစည်းလေးကိုင်ကာ ထွက်ပေါ်လာသော ချက်နှာတစ်စုကြောင့် စားပွဲတွင် ထိုင်နေသော သူမမှာ ငုတ်တုတ်ကြီးပင် အသက်ပျောက်သွားရှင်မိပါသည်။

တော်ပါသေးသည်၊ နားနေခန်းထဲတွင် အရင်းနှီး ဆုံး သီသီမြိုင်နှင့် သူမ နှစ်ယောက်တည်းသာ ရှိနေလို့၊ လူစုံတက်စုံသာရှိနေခဲ့လျှင် သူမ ရှက်လွန်းလို့ ရှူးရမည် ထင်ပါရဲ့၊ သူမကသာ သီသီမြိုင့်ရှေ့မှာ ထူထူပူပူဖြစ်နေရ ပေမယ့် ထိုကောင်လေးတော့ ရဲရဲရင့်ရင့်ပင် သူမထံသို့



www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းချင်း လျှောက်လာနေပြီး သူမကို စိုရွှဲနေသော မျက်ဝန်းတောက်တောက်နှင့်ကြည့်ကာ သူမထံ ထိုပန်းစည်း ကြီးကို ကမ်းပေးလိုက်ပါသည်။

"သုံးကြိမ်မြောက်"

"မင်း ဘာလာလုပ်ပြန်ပြီလဲ ဂျက်ရယ်"

ဟုပင် စိတ်ပျက်စွာ ပြောပြီး ထရပ်ကာ . . .

"တို့မှာ အချိန်မရှိဘူး"

ဟုပင်ပြောပြီး သူပေးသောပန်းစည်းကြီးကိုလည်း မယူတော့ဘဲ အခန်းထဲမှ ထွက်ဟန်ပြင်လိုက်သည်တွင်

"ကျွန်တော့်ကို အဲလိုအလုပ်များဟန်ဆောင်ပြီး ရှောင်နေတော့မှာပဲလား မ"

ဟုပြောလျှင် သူမက ဘာမှရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ သူ့စကားကို မကြားချင်ယောင်သာ ပြု လိုက်ပါသည်။

ထွက်သွားသော မရဲ့ကျောပြင်ကို ကြည့်ပြီး ဖြူ ကာ . . .





"နောက်ကျောလည်း လှတာပဲ"

"ချစ်တဲ့မျက်လုံးနဲ့ ကြည့်တာကိုး"

ဟု မနေနိုင် မထိုင်နိုင်ပင် သီသီမြိုင်က ပြော လိုက်ရာ ဂျက်မှာ ထိုသွားပြားကြီးကြီးနှင့် မရဲ့သူငယ်ချင်း ဆရာဝန်မကိုကြည့်ပြီး ခင်မင်သမှုနှင့် ပြုံးပြလိုက်ပါသည်။

"အစ်မက ခင်ဖို့ကောင်းမယ့်ပုံပဲ၊ မျက်နှာက ကြည်နေတယ်"

"ဘာသိချင်လို့ ဒီလောက်မြှောက်နေရတာလဲ"

"အစ်မက အကဲခတ်ကောင်းသားပဲ"

"အသက်ကြီးတယ်လေ။ အတွေ့အကြုံပိုများတဲ့ သဘောပါ"

"ကျွန်တော်က ဂျက်ပါ။ တစ်လုံးတည်းပဲ။ မာမီက နာမည်တစ်လုံးတည်းကိုပဲကြိုက်လို့ ကျွန်တော့်ကို ဂျက်လို့ ခေါ်တယ်"

"တို့က သီသီမြိုင်ပါ။ ခရုအိမ်ရဲ့ ငယ်သူငယ်ချင်းပေါ့ ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်သွားပြီ။ ဒါဆို မရဲ့ ဘိုင်အိုဂရပ်ဖီကို သိမှာပေါ့"

"ဘာသိချင်လို့လဲ။ တို့က စပိုင်တော့ မဟုတ်ဘူးနော်"

"ခင်မင်မှုနဲ့ပဲဖြေပါဗျာ"

"မင်းက ခင်ဖို့ကောင်းသားပဲ"

"ကျွန်တော့်ဘက်မှာ မသိ တစ်ယောက်တည်းရှိတယ်ဗျာ။ Thank you ။ ဒယ်ဒီက ကျွန်တော် မ,ကို သက်သက်လိုက်ကြောင်တယ် ထင်နေတာ"

"မဟုတ်ဘူးလား"

"ကျွန်တော်က သိပ်စိတ်မရှည်ဘူး။ ပြီးတော့ မိန်းကလေးတွေက လက်လွတ်စပယ်ပြောလာရင်လည်း သည်းမခံတတ်ဘူး။ မ,က လွဲရင်ပေါ့"

"ဂုဏ်ယူစရာပါလား"

"ကျွန်တော် ခု ခံစားနေရတာဗျ"

ဟုဆိုပြီး ခရုအိမ်၏ စားပွဲတွင် ဝင်ထိုင်လိုက်ပြီးမှ





စာအုပ်ပေါ်မှ ဓာတ်ပုံကို မေးဆတ်ပြကာ . . .

"အဲ့ဒါ မ,ရဲ့ ရည်းစားလား"

ဟု မသိချင်သလိုသိချင်သလိုနှင့် စိတ်မပါလှစွာမေးလိုက်လျှင် သီသီဖြိုင်မှာ အသံလေးထွက်သည်ထိပင် ရယ်ကာ။

"အဲ့လိုထင်နေလို့လား"

"အတူတူထွက်သွားတာ နှစ်ကြိမ်ရှိနေပြီ။ ကျွန်တော့်ရှေ့မှာပဲ လိုက်သွားတော့ ခံစားရတယ်"

"မခံစားပါနဲ့။ အဲ့ဒါ သူ့အစ်ကိုပါ။ ဆောက်လုပ်ရေး အင်ဂျင်နီယာ ကြယ်တံခွန်တဲ့"

"အစ်ကို ဟုတ်လား"

"ဟုတ်ပါ့။ သူတို့မောင်နှမက သိပ်ချစ်ကြတာလေ။ ပြီးတော့ ကြယ်တံခွန်က စိတ်လည်းကြီးတယ်။ ခရုအိမ်နားတို့ ကပ်ချင်ကြပေမယ့် ကြယ်တံခွန်ကို လန့်လို့ ဒီအသက်အရွယ်ပဲရှိနေပြီ ရည်းစားတစ်ယောက်မှ မထားဘူးတာကို ကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူမက အမှတ်တမဲ့ပြောလိုက်တာဆိုပေမယ့် ကြည်စင်ဝင်းပသွားသော ဂျက်ရဲ့ မျက်နှာမှာတော့ လမင်းအစင်းတစ်ရာဖြတ်ပြေးသွားသည်နှယ်။

"အကြွေးမှတ်ထားလိုက်။ မသီကို ကောင်းကောင်းပြုစုမယ်"

"ပုံပြင်မပြောနဲ့နော်"

"တကယ်ပါဗျာ။ ခုမှပဲ စိတ်ထဲသက်သာသွားတော့တယ်"

"ခင်လို့ တစ်ခုတော့ သတိပေးလိုက်မယ်နော်။ ကြယ်တံခွန်က လက်သံသိပ်ပြောင်တာ"

"ရပါတယ်။ ယောက်ဖလောင်းကြီးပဲ"

"ဘုရားရေ . . . ဒုက္ခပဲ။ ပြောမိတဲ့ ငါ့အမှားပါလားနော်။ ဂျက် . . . မင်း မကြာခင် ဆေးရုံလား၊ ရဲစခန်းလားပဲ"

"ရှေ့ယောက်ဖက အဲ့လောက်ထိပဲဆိုးသလား"

"အဲ့ထက်ဆိုးလို့ ပြောနေတာပေါ့။ တို့တစ်တွေ ပထမနှစ်တုန်းက ခရုအိမ်ကို ပိုးပမ်းနေတဲ့ကောင် တစ်





ကောင်က ဆေးရုံ နှစ်ပတ်တက်ရဖူးတယ်"

"ဗျာ"

"ခေါင်းမှာ ဝါးချက်ချုပ်ရပြီး၊ လက်ကျိုးသွားတာ"

"ကျေးဇူးတင်တယ်ဗျာ"

"ဟမ်း! . . . ဘာလို့လဲ"

"ယောက်ဖကြီး အစောင့်အကြပ်ကောင်းလို့ပေါ့။ နို့မဟုတ်ရင် ကျွန်တော့်အတွက်မကျန်တော့ဘဲ ပါသွားတာကြာလှပေါ့"

"အင်း . . . မြင်ယောင်ပါသေးတယ်။ ဒီလို ဖွတ်တရွတ်နဲ့တော့ မကြာခင်ဆေးရုံရောက်ဦးမှာပဲ"

"ဆရာဝန်မလေးနားကို အချိန်ပြည့်နေစေတော့ ပိုပြီး ကျေးဇူးတင်မိဦးမှာပါ"

သွက်သွက်လက်လက်ပင် ပေါ့ပါးစွာ ပြောနေသော ထိုကောင်လေးကို သီသီမြိုင်မှာ လေးသွဲ့စွာကြည့်ပြီး ခေါင်းကိုခါယမ်းလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မ"

"လာပြန်ပြီလား"

ဟု စိတ်ပျက်စွာပင်ပြောလိုက်ပေမယ့် ထိုကောင်လေးက အပြုံးမပျက်ပင်။

"ဒီနေ့ ကျွန်တော်လိုက်ပို့ပေးမယ်လေ။ အိမ်ပြန်မှာမဟုတ်လား"

"မလိုပါဘူး ရတယ်။ ကိုကို လာလိမ့်မယ်"

"အဲလောက်ကြီး စောင့်ရှောက်နေမှတော့ ဘယ်သူက အနားကပ်နိုင်တော့မှာလဲ။ ရပါတယ်။ ကျွန်တော်က





တော့ လက်မလျှော့ဘူး"

"မင်း . . . ဘာတွေလာပြောနေတာလဲ"

"ဘာမှမပြောရသေးပါဘူး။ ကျွန်တော်က ရည်းစားစကားကို ကဗျာဆန်ဆန်ပြောချင်တာလေ"

"မင်း အဲလောက်ထိ ရဲတင်းလာခဲ့မှာမဟုတ်ဘူးလို့ လျှော့တွက်ခဲ့မိတာ တို့ရဲ့မှားအမှားကြီးပဲ"

"မမှားပါဘူး။ ကျွန်တော်နဲ့ မယုံရင်ခင်ကြည့်လေ။ သိပ်ပျော်စရာဖြစ်သွားမယ်"

"ဆရာရဲ့သားမို့ပဲ။ နို့မဟုတ်လို့ကတော့ ကိုကိုနဲ့ တွေ့ပေးလိုက်တာကြာပြီ"

ဟု သူမက အံလေးကြိတ်ကာပြောလျှင် သူက အပြုံးမပျက်ပင်။

"အရိုးကွဲမှ အသည်းစွဲတယ်တဲ့။ ကျွန်တော်က မ.တို့ ရှုးအောင်ချစ်ပြရင် မ.ရဲ့အစ်ကိုက တောင့်ခံနိုင်ပါဦးမလား"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ခံစားလိုက်ရတာဗျာ။ အဲဒါ မ,ရည်းစားမှတ်ပြီး ခုမှပဲ အလုံးကြီးကျသွားတာ"

"သီ ပြောလိုက်တာလား"

"အင်း"

"သီက တို့အကြောင်းကို အကုန်သိလိမ့်မယ်လို့ ထင်သလား"

"ဗျာ"

"မင်းလမ်း မင်းသွားပါ။ တို့ကို မနှောင့်ယှက်နဲ့တော့ ဟုတ်လား"

"ခဏလေးပါဗျာ"

"တို့ တစ်နေကုန်ပင်ပန်းနေပြီ။ မင်းမှာ နားလည်မှု မရှိဘူးလား"

ဟု သူမစိတ်ဆိုးစပြုလာ၍ အသံမာမာနှင့် ပြောလိုက်ရာ သူ့ရဲ့မျက်နှာမှာ ရှတ်ခြည်းအိုကျသွားပြီး . . .

"ဆောရီးဗျာ။ အမှန်က ကျွန်တော် မနှောင့်ယှက်ချင်ပါဘူး။ အဲ့လိုမှ မလုပ်ရင်လည်း မ,နဲ့တွေ့ရမယ့်အချိန်က





ကျွန်တော့မှာ မရှိလို့ပါ"

ဟု ခေါင်းငိုက်စိုက်ကျလေးနှင့် ပြောလာပြန်တော့လည်း သူမရင်ထဲ မကောင်းဖြစ်သွားရပြန်ပါသည်။

ထိုစဉ် သူမတို့နှင့် ခပ်လှမ်းလှမ်းတွင် ထိုးဆိုက်လာသော ကိုကို့ကားကြောင့် ထိုကောင်လေးကို တစ်ချက်ဘာစွေကြည့်ကာ ဖြတ်ကျော်လာခဲ့ပါတော့သည်။

"ဘယ်သူလဲ"

"ဆရာရဲ့ သားပါ"

"အဲဒီဆရာ့သားနဲ့က ခဏခဏပဲ တိုက်တိုက်ဆိုင်ဆိုင်ဆုံတွေ့ပြီး နှုတ်ဆက်ဖြစ်တာပဲလား"

"သူ့အဖေဆီလာတာနေမှာပေါ့"

"မလိမ်တတ်ဘဲ မလိမ်နဲ့ ခရုအိမ်၊ မင်းမျက်လုံးခတ်လိုက်တာကအစ မင်းရင်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ကိုယ် သိတယ်။ မသိတာ တစ်ခုပဲရှိတယ်၊ ဆရာ့သားမို့ ကာဗာပေးချင်တာလား။ ဒါမှမဟုတ် မင်းစိတ်ပါနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကိုကို။ စိတ်ပါနေလို့ မဟုတ်ဘူး"

"ငါက ကျပ်မပြည့်တဲ့ လူမဟုတ်ဘူး ခရုအိမ်၊ ဒီကောင်လေးကို ငါကောင်းကောင်းသိတယ်၊ လမ်းမပေါ်မှာကနေတဲ့ လမ်းဂျက်ပစီပဲ"

"ရှင်"

"သုံးကြိမ် ဝမ်နိမ်ပေးပြီးပြီပဲ၊ ဒီလောက်ဆို တော်ပလောက်ရောပေါ့"

ဟု ကိုကိုက အေးစက်စွာဆိုလိုက်လျှင် သူမရင်ထဲ ထူပူသွားမိပါတော့သည်၊



"သား . . . မျက်နှာကလည်း မကောင်းပါလား၊ ဘာဖြစ်လာတာလဲ"

"သား ချစ်နေပြီထင်တယ် မာမီ"

"ဟောတော့"

ဒေါ်ဆည်းဆာပျို့မှာ တအံ့တသြလေးပင်း ရင်ဘတ်ကလေးဖိကာ စိတ်ပျက်လက်ပျက်နှင့် ဆတ်တီပေါ်အပုံလိုက်ထိုင်နေသော သားနား ဝင်ထိုင်လိုက်ပါသည်၊

"သားရင်ထဲမှာ နေရခက်နေတယ် မာမီ၊ လေလည်း မကချင်ဘူး။ ရေလည်းမကူးချင်ဘူး၊ ရဲဘော်တို့နဲ့

www.burmeseclassic.com

www.burmeseclassic.com



လည်း စကားမပြောချင်ဘူး”

“ဘာဖြစ်လာတာလဲ သားရယ်။ မာမီ ရင်တွေ ပူလိုက်တာ”

“ဘာဖြစ်လို့လဲလို့ သားကိုယ်သား ဆန်းစစ်နေတယ် မာမီ”

“အဖြေရပြီလား”

“ချစ်တယ်ဆိုတာ အဲဒါကိုပြောတာထင်တယ် မာမီ။ သားရင်ထဲမှာ နာပြီးအောင့်နေတယ်။ ဒါပေမဲ့ အဲဒီ မ နဲ့တွေ့ရင်တော့ အဲလိုမျိုးမဖြစ်တော့ဘူး။ ပျော်နေတာပဲ”

“အမလေး . . . ဘာများလဲလို့ သားရယ်။ တော်တော်လှတဲ့ မိန်းကလေးလား”

“သားမျက်စိထဲမှာတော့ လှတယ်။ ပါးချိုင့်လေးနဲ့ ယဉ်ယဉ်လေး သိပ်ချစ်ဖို့ကောင်းတယ်”

“ဒီလောက်ညွှန်းနေမှတော့ မာမီတောင် တွေ့ချင်လာပြီ”

“လွယ်လွယ်လေးပါ။ ဒယ်ဒီဆီသွားရင်တွေ့ရမှာပေါ့”



“ဆေးရုံမှာ ဟုတ်လား”

“ဆရာဝန်မလေး”

“ကြံ့ကြီးစည်ရာ သားရယ်။ ကိုယ်ထက် အသက်ကြီးတဲ့လူကို”

“သား အပျော်လုပ်နေတာ မဟုတ်ဘူး မာမီ။ အတည်”

“သား သတိလည်းထားဦး။ သားဒယ်ဒီ မျက်နှာပျက်စရာဖြစ်နေဦးမယ်”

“သတိထားစရာ မလိုလောက်အောင်ကိုပဲ မာမီရေ။ အနားကို ကပ်လို့မရဘူး”

“ဘာဖြစ်လို့လဲ”

“မာနကြီးတယ်”

“သားကို ဘာပြောလို့လဲ”

“ရင်နာအောင်ပြောတယ်။ မလာနဲ့လို့ ပြောလည်း ခံစားရတယ်။ နားလည်မှု မရှိဘူးလား။ အဲဒီ ခုနစ်လုံးကလည်း ကြေကွဲရတယ်”

www.burmeseclassic.com

www.burmeseclassic.com



"သားရယ်"

စိတ်ဆန္ဒတွေ ယိမ်းထိုးနေတဲ့ ဆယ်ကျော်သ

အရွယ် ချစ်ရတဲ့သားကို ကြည့်ပြီး သူမပြုံးလိုက်ပါသည်။

သို့သော် ထိုအပြုံးထဲတွင် အတိတ်ရဲ့ နစ်ဝင်မှု

တစ်ပိုင်းတစ်စပါဝင် ပတ်သက်နေပါလိမ့်မည်။

"ဟိုကောင်တွေက ချိန်းပတီးတွေမို့ ညက်ကြ

မာမီဆီမှာ နည်းဗျူဟာလေးတောင်းချင်တယ်။ ပေးမှာ

မာမီ"

"ခဏပါ သားရယ်။ အဲ့ဒီခံစားချက်တွေက ခဏ

ပဲ၊ ကြာလာတော့ လေထဲမှာ ပျောက်သွားလိမ့်မယ်"

"မပျောက်ဘူး။ ရင်ထဲမှာ နင့်နေပြီ။ မာမီ ကူည

ဦး"

"မာမီက ဘာလုပ်ပေးရမလဲ"

"ပြောလေ။ မိန်းကလေးတွေက ဘာတွေလုပ်

တာမျိုးကြိုက်လဲ"

"လူတစ်ကိုယ် စိတ်တစ်မျိုးပေါ့"





"အကြံညာဏ်ကိုပြောတာ"

"ရိုးသားဖို့ပါပဲ။ အချစ်မှာ ရိုးသားဖို့လိုတယ်။

တက်ကျစ်နဲ့။ ကောက်ကျစ်လိုက်တာနဲ့ ချစ်သူရဲ့အမုန်း

ရမယ်၊ နီးချင်လေလေ ဝေးကွာလေလေဖြစ်မယ်"

"မာမီ ငယ်ငယ်တုန်းက ဘယ်လိုလူမျိုးကို ကြိုက်

"

"မာမို့မှာ ဆရီရောင်အိုင်ဆိုတဲ့ မိန်းကလေး

ငယ်ချင်းရှိတယ်"

"ဆရီရောင်အိုင် . . . သား မသိပါလား"

"ထူးခြားတဲ့ သူငယ်ချင်းပါ။ ခရစ်ယာန်ဘာသာဝင်

။ စန္ဒရားတီးတယ်။ စံပယ်ပန်းရူးပြီး သီကုံးတယ်"

"သိပ်နူးညံ့မှာပဲ"

"ဆရီကတော့ နူးညံ့သိမ်မွေ့တဲ့လူကို ကြိုက်တယ်၊

ဒါပေမဲ့ ကာလတစ်ခုကြာတော့ ဂျစ်ကန်ကန် တစ်ဖွတ်ထိုး

တဲ့ကောင်လေးကို ကြိုက်သွားတယ်"

"ဪ . . . သိပြီ။ မိန်းကလေးတွေက ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ သဘောဆောင်တယ်ပေါ့"

"မပြောင်းလဲတဲ့သူလည်း ရှိပါတယ်။ ဘယ်လို ဖြစ်ဖြစ် တစ်ယောက်တည်းကိုပဲ ကြိုက်တယ်လေ"

"သားရဲ့ မမလည်း ဘယ်လိုမိန်းကလေးလဲမေး ဘူး"

"ဘဝဆိုတာ ရှုပ်ထွေးပါတယ် သားရယ်။ ဥပမာ အားဖြင့် အချစ်ပေါ့။ အချစ်စစ်ဆိုတာ ဖြောင့်ဖြူးတဲ့အချိန်မှာ တိမ်ဝင်မြုပ်ကွယ်နေပြီး။ ရှုပ်ထွေးတဲ့ အချိန်မှ ပွင့်အန်ထွက် ကျလာတတ်တဲ့ သဘောသဘာဝရှိတယ်။ သား အဲ့ဒီမိန်း ကလေးကို သိပ်အလေးအနက်မထားပါနဲ့လား သားရယ်"

"ဟာ . . . မာမီ မရတော့ဘူး။ သားချစ်ပြီးနေပြီ"

"မာမီက စိုးရိမ်လို့ပါ။ သားခံစားရမှာ စိုးရိမ်လို့"

"မဆိုင်ပါဘူး။ မာမီရယ်"

ဟု ပြောပြီးကာမှ အနည်းငယ် တည်ငြိမ်နေသော မာမီကို အကဲခတ်ကာ . . .

"ဘာလို့လဲ မာမီ"





"တစ်ဖက်သတ် အချစ်ဖြစ်မှာ စိုးလို့ပါ"

"စိုးရိမ်ပါနဲ့။ မမမှာ ရည်းစားမရှိသေးပါဘူး"

"သူချစ်နေတဲ့ သူရှိရင်ရှိမှာပေါ့။ ဆရာဝန်မပဲ ဖြစ် နေပြီကို"

"သူ့အစ်ကိုက ဘီလူးလိုပဲ စောင့်ရှောက်နေတာ။ ဘယ်လိုမှ မရှိနိုင်ဘူး"

"လူ့စိတ်ဆိုတာ ပြောမရဘူးသား"

"မာမီ ဘယ်တုန်းကမှ သားဆန္ဒကို ကန့်လန့်မလုပ် ဖူးပါဘူး။ ဘာလို့လဲ"

"ချစ်တဲ့လူတိုင်းဟာ အနည်းနဲ့အများ နာကျင်ရ တယ် သား။ သားကို မနာကျင်စေချင်လို့ဘဲ"

"မာမီ အတိတ်ရှိခဲ့ဖူးတယ် မဟုတ်လား။ သားကို ပြောပြပါ။ သား နားထောင်ချင်တယ်၊ အခု ချစ်နေတော့ ချစ် ကြတဲ့လူတွေအကြောင်းပဲ နားထောင်ချင်တယ်"

"အင်း . . . ပြောပြမယ်လေ၊ မာမီလည်း ပျင်းနေ တာနဲ့ အတော်ပဲ။ ဒီနေ့မှ သူတို့တွေကို သတိရနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဒီအကြောင်းတွေကို တစ်ဦးတစ်ယောက်ကို ပြောပြချင်ခဲ့တာ။ ခုတော့ မာမီရဲ့သားပေါ့"

"အကြောင်းအရာက ဆန်းကြယ်လို့လားမာမီ"

"တစ်ဆင့်ပြန်ကြားရတဲ့ သားရဲ့ ခံစားချက်ကိုတော့ မသိပေမဲ့ ကိုယ်တိုင်ပါဝင်ခဲ့ရတဲ့ မာမီတော့ နှလုံးကွဲမတတ် ခံစားခဲ့ရတာ ခုချိန်ထိ နောင်တရလို့မဆုံးဘူး"

ဟုဆိုတော့ သူမှာ မာမီကိုပင် ငေးကြည့်၍ နေဖြစ်ခဲ့ပါသည်။

"တိုက်ဆိုင်မှုဆိုတာ တစ်ခါတစ်ရံမှာ ကောင်းသလို တစ်ခါတစ်ရံတော့လည်း သိပ်ကြောက်စရာကောင်းပါတယ်၊ အဲဒီချိန်က မာမီတို့က တက္ကသိုလ် ကျောင်းသူ ကျောင်းသားတွေပေါ့။ မာမီက ကျောင်းခကာပိတ်တုန်း သားဘိုးဘိုးရှိတဲ့ မြစ်ကြီးနားမြို့ကို အလည်သွားခဲ့ချိန်ကပေါ့၊ သိပ်ကိုရိုးစင်းတဲ့သူငယ်ချင်းတွေနဲ့ မထင်မှတ်ဘဲ ခင်ခဲ့ရတယ်"

ဟု ဆိုပြီး အဝေးသို့ ငေးကြည့်ကာ . . .

မျှဝေသော



"ကားအက်ဆီးဒင့်ကြောင့်ပေါ့။ မိုင်ဆောင်ဆိုတဲ့ ဆရာရယ်၊ ရွှန်ရယ်၊ လေဆန်ရယ်၊ ဆရီရောင်အိုင်ဆိုတဲ့ စန္ဒရားတီးတဲ့ မိန်းမချောလေးရယ်ပြီးတော့ နောက်တစ်ယောက်ရှိသေးတယ်။ လေဆန်ရဲ့ညီ ကောင်လေးလို့ခေါ်တဲ့ လေတံခွန်ရယ်"

"အများကြီးပဲနော်"

"လေဆန်နဲ့ ရွှန်က သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေလေ။ ညီအစ်ကိုတစ်မျှပေါ့။ ကောင်လေးဆိုတဲ့ လေတံခွန်နဲ့လည်း ရွှန်က သိပ်ခင်တယ်။ ညီအစ်ကိုလိုပဲ၊ အက်ဆီးဒင့်ကြောင့် မိုင်ဆောင်နဲ့လည်း သိပ်ခင်သွားကြတော့ သူငယ်ချင်းသုံးယောက်ဖြစ်လာတာပေါ့၊ ရွှန်မှာ အမေမရှိဘူး။ မိထွေးနဲ့နေရတာတော့ မိထွေးဆိုတာကို မုန်းတယ်၊ မိုင်ဆောင်နဲ့ ဆရီရောင်အိုင်က မိဘမဲ့လေ၊ ဘုရားကျောင်းမှာ အတူတူကြီးလာကြတာ"

"ဇာတ်ရှိန်တက်လာပြီ"

"မာမီ့အထင်တော့ ဆရီက မိုင်ဆောင်တို့ ကြို

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်ထင်တယ်"

"ဇာတ်လမ်းက ဒီလိုပဲ ဖြစ်လာရမှာပေါ့"

"ဆိုးတာက လေဆန်ရော၊ ချွန်ပါ ဆရိုကို ကြိုက်နေကြတယ်"

"မိုင်ဆောင်က မကြိုက်ဘူးလား"

"မသိဘူး"

"ဘာလို့ မသိတာလဲ"

"မိုင်ဆောင်ရဲ့ မျက်နှာက ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းဆိုတာမျိုးကို ခန့်မှန်းရခက်တယ်"

"သားတောင် အဲ့ဒီပုဂ္ဂိုလ်နဲ့ တွေ့ဖူးချင်လာပြီ"

"ဂျစ်ကန်ကန် ဖွတ်တရွှတ်နိုင်တဲ့ ချွန်က ဆရိုကို အသည်းအသန်ကို အရမ်းကြိုက်ခဲ့တယ်။ လေဆန်ကတော့ တိတ်တခိုးချစ်ပေါ့"

"နောက်တော့ရော"

"မာမီလည်း သိပ်တော့ နားမလည်ဘူး။ နောက်တစ်ကြိမ် မြစ်ကြီးနားကို ပြန်ရောက်သွားတော့ လေဆန်ရဲ့





ညီ လေတံခွန်က ဆရိုရောင်အိုင်နဲ့ မောင်အရင်းဖြစ်နေတယ်။ ပြီးတော့ လေဆန်ရဲ့အမေက မိုင်ဆောင်ရဲ့အမေရင်းဖြစ်နေတယ်"

"ဒါဆို လေဆန်က ဘယ်ကလာတာလဲ"

"သူတို့ ကြားမှာပြဿနာလေးတွေတော့ ကိုယ်စီရှိကြတယ်ထင်တာပဲ။ ဒါပေမဲ့ ဘာမှန်းမသိ ညာမှန်းမသိနဲ့ မာမီက အဲဒီဇာတ်လမ်းထဲ ဝင်မွှေလိုက်တယ်"

"နောက်တော့ရော"

"မိုင်ဆောင်က ရာသက်ပန်ဖာရဲသာလုပ်သွားတယ်။ သူတို့အမေက ယောဂီဘဝနဲ့ တရားဘောင်ထဲဝင်သွားတယ်။ ချွန်က ရောဝတီမြစ်ထဲကျသွားတယ်၊ ဆရိုနဲ့ လေဆန်က အိမ်ထောင်ကျသွားတယ်"

"ဟင် . . . ဘယ်လိုကြီးလဲ"

"တစ်ခန်းရပ်သွားတာပေါ့"

"ချွန်က သေသွားတာလား"

"အားလုံးက အဲ့လိုထင်ခဲ့ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလား"

"ခြောက်နှစ်ကြာတော့ ကလေးမလေးတစ်ယောက်နဲ့ ရွှန်က ရုတ်တရက်ပေါ်လာခဲ့တယ်"

"အိမ်ထောင်ကျသွားတာလား"

"ရွှန်ဟာ အဲ့လောက်ထိ အချစ်မြန်တဲ့ လူတစ်ယောက် မဟုတ်မှန်း အားလုံးသိကြတယ်"

"ဒါဆို မွေးစားတာလား"

"ရွှန်ကတော့ သူ့သမီးပါလို့ တစ်ချိန်လုံးပြောတယ်"

"ဟုတ်လို့နေမှာပေါ့"

"မဟုတ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရွှန့်စိတ်ကို သိနေလို့ပဲ"

"သူက ပြန်ပေါ်လာတော့ အဲ့လောက် အချိန်ကြာကြီး ဘယ်မှာသွားနေတာလဲ။ လေဆန်နဲ့ ဆရီရောင်အိုင် လက်ထပ်သွားတာကို မကျေနပ်လို့လား"

"သူဘယ်မှာသွားနေပြီး ဘာတွေဖြစ်ခဲ့တယ်ဆို





တာ ဘယ်သူမှမသိကြဘူး။ ဒါပေမဲ့ လေဆန်နဲ့ ဆရီက ရွှန် ပျောက်သွားပြီး လအတန်ကြာမှ လက်ထပ်ခဲ့ကြတာ"

"ဒီလိုကိုး"

"ဒါပေမဲ့ လက်ထပ်ပြီး လအနည်းငယ်မှာပဲ ဆရီ ကလေးမွေးတယ်"

"ကလေးမွေးတယ်"

"အင်း . . . ကောမက်လေးကို မွေးတယ်"

"လေဆန်ရဲ့ ကလေးပေါ့"

"အားလုံးရဲ့အမြင်မှာတော့ ဟုတ်တာပေါ့"

"မဟုတ်ဘူးလား"

"ရွှန်ရဲ့ကလေးပါ"

"ဘယ်လိုဖြစ်ရတာလဲ"

"နောက်တော့ လေဆန်ဆုံးသွားတယ်"

"ဘယ်လိုဖြစ်တာလဲ"

"အက်ဆီးဒင့်ကြောင့်ပါ"

"ဒါဆို ရွှန်နဲ့ဆရီရောင်အိုင်က ဘယ်လိုဆက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြသလဲ"

"လွန်ခဲ့တဲ့ငါးနှစ်က မြစ်ကြီးနားရောက်တယ်၊ ဇာရ်သာရဲ့ ကျောင်းကိုဝင်ပြီး ဇာရ်သာနဲ့တွေ့ခဲ့တော့ ရွှန်နဲ့ဆရီ လက်ထပ်ပြီးသွားပြီလို့ သိရတယ်"

"ဒရမ်မှာ ဇာတ်လမ်းလေးပါလား။ ဇာတ်သိမ်းလှပါတယ်၊ ဒါပေမဲ့ တစ်မျိုးကြီးလိုပဲ"

"မှာမီလည်း အဲလိုခံစားရတယ်"

"အဲလူတွေက ခုဘယ်မှာနေကြသလဲ"

"မသိချင်လို့ မေးမထားမိဘူး"

"သားတော့ သူတို့ကိုတွေ့ချင်တယ်"

"ဘာလုပ်ဖို့လဲ"

"ဗျူးချင်လို့"

ဟုပြောတော့ သူမမှာ ရယ်မိလိုက်ပါသည်။

တစ်ဆက်တည်းမှာပဲလည်း အတိတ်ကိုပြန်လည်သတိရမိသွားကာ ဘာပဲဖြစ်ဖြစ် မြစ်ကြီးနားမြေကိုတော့ အလွမ်းပြေသွားရဦးမယ်ဟု စေးမှတ်ထားလိုက်ပါ၏။

●———ရှေ့လသော———●



"မ"

"ဟော . . . ပေါ်လာပြန်ပြီလား"

"မာမီကတော့ ချစ်ရင် နာကျင်ခံစားရတယ်လို့ပြောတယ်၊ ဒါပေမဲ့ ကျွန်တော်က ချစ်ရတာကိုပျော်တယ်၊ ကျွန်တော်ထင်တယ် ရှုပ်ထွေးတဲ့ဘဝတွေမှာပဲ နာကျင်မှုတွေရှိတာ၊ ကျွန်တော့်ဘဝက ရိုးစင်းတာပဲ၊ ဒါမျိုးတွေမရှိနိုင်ပါဘူး"

"မင်း ဘာတွေပြောနေတာလဲ"

"မာမီပြောပြတဲ့ ပုံပြင်ရှည်ကြီးကို ရှော်တရက်

●———ရှေ့လသော———●

www.burmeseclassic.com

www.burmeseclassic.com



သတိရသွားမိလို့ပါ"

"ဒီအရွယ်ထိ ပုံပြင်တွေ နားထောင်တုန်းလား"

"ပုံပြင်မဟုတ်ဘူး။ ဒဏ္ဍာရီဆန်တဲ့ တကယ့်ဖြစ်ရပ်လေးတစ်ခုပါ။ မာမီရဲ့ငယ်ဘဝမှာ ဆုံတွေ့ခဲ့ရတာပေါ့။ အဲဒီအရွယ်ထိလို့ မ.က သုံးနှုန်းတော့ ကျွန်တော့်ကို အရွယ်ရောက်ပြီလို့ ဆိုလိုက်တာပေါ့"

"မင်းနဲ့ စကားကတ်သတ်ပြောနေဖို့ တို့မှာအချိန်မရှိဘူး"

"မ. အချိန်ရှိတဲ့ထိ ကျွန်တော်စောင့်နေပါ့မယ်"

"မစောင့်နဲ့။ ဘယ်တော့မှမစောင့်နဲ့။ မင်းကို တို့ကိုကိုနဲ့ ဘယ်တော့မှ ထပ်မတွေ့စေချင်ဘူး"

"စိုးရိမ်လို့လား"

"ဆရာ ဒီပါညီနဲ့ တို့က ဆရာတပည့်ရင်းတွေပါ။ မင်းကိုဆို တို့ လုံးဝဂရုမစိုက်ဘူး။ ဆရာ့မျက်နှာရှိနေလို့ပါ"

"တစ်သက်လုံးမှာ ဒယ်ဒီကို ဒီတစ်ကြိမ်တော့ လုံးဝ ကျေးဇူးတင်သွားပြီဗျာ"





ဟု ပေါ့ပေါ့ပါးပါးကြီးပြောနေသော ထိုကောင်လေးကြောင့် သူမမှာဟန်မလုပ်နိုင်အောင်ပင် ပြုံးမိသွားသည်။

သည်တွင် နားနေခန်းထဲသို့ ရုတ်တရက်ဝင်လာသောလူကြောင့် . . .

"ဟင် . . . ကိုကို"

"ဒါက ဘာလုပ်နေတာလဲ ခရေအိမ်။ အခုရောမင်းတွေ့လို့ နှုတ်ဆက်တာပဲလား"

ဟု ညီမဖြစ်သူကို စူးရဲစွာကြည့်ကာ ဖြစ်တင်လိုက်ပြီးနောက် ထိုကောင်လေးကို ဝါးစားတော့မတတ်ကြည့်ပြီး

"ဒါ မိန်းကလေးတွေနေတဲ့ နေရာပဲ။ မင်း ဘာလုပ်တာလဲ"

"တည့်တည့်ဖြေရရင်တော့ မ.ဆီလာတာ"

ဟု မထီတရီ ဖြေလိုက်သော စကားလုံးမှာ သူ့ဒေါသကို ဆွလိုက်သလိုဖြစ်သွားရကာ နဂိုကတည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ခွပ် . . . ခွပ် . . . ခွပ်"

အင်္ကျီလည်ပင်းစကိုဆွဲကာ စိတ်ရှိလက်ရှိကြိုးစ ထိုးပစ်ပါတော့၏။

"ကိုကို . . . မလုပ်ပါနဲ့။ ကိုကို"

သူမက ဆွဲပေမယ့်လည်း ဒေါသဖြစ်နေသော ကြယ်တံခွန်မှာ သူမကိုတွန်းကာ လဲကျနေသော ဂျက်ကိုယ် ပေါ်ခွပြီး . . .

"ခွပ်"

နောက်ဆုံးတစ်ချက် ထိုးလိုက်သည်တွင် ကွဲ သော နှုတ်ခမ်းမှသွေးများ ယိုစီးလာရပါတော့သည်။

"ကိုကို . . . မလုပ်နဲ့တော့။ ကိုကို"

သူမက ဂျက်ကိုယ်ပေါ်မှ ကိုကို့ကို အတင်း ဆွဲဖယ်လိုက်တော့မှ ထိုလူနှစ်ဦးမှာ ကွာသွားရပါသည်။

"မင်း မှတ်ထားပေါ့ကောင်။ ငါ့ညီမနားမှာ ဘယ် ကောင်ကိုမှ မမြင်ချင်ဘူး။ ဒါ မင်းကို သတိပေးတာပဲ။ ပါးကောင်လို ရှေ့ဆက်ပြီး လိုက်ကပ်နေဦးမယ်ဆို





ဒီထက်နာမယ်"

ဟု ကြယ်တံခွန် (ခေါ်) ကောမက်က ကြိမ်းမောင်း ပြောဆိုလိုက်ပေမယ့် ပက်လက်လန်လဲကျနေသော ဂျက် မှာ မနာမကျင်သလို ထရပ်ကာ နှုတ်ခမ်းထောင့်စွန်းမှ သွေးစတို့ကို သုတ်လိုက်ပြီး အောင်မြင်သူတစ်ယောက်လို ပြုံးကာ . . .

"ခွင့်ပြုချက်ရလိုက်တာပေါ့"

"ဘာ"

"ဒီထက်လက်သံပြောင်မယ်လို့ ထင်နေတာ"

"ဘာ . . . မင်း"

"ကိုကို . . . တော်ပါတော့"

"ကျွန်တော် မ.ကိုချစ်တယ်။ ရည်းစားစကား ပြောင် မပြောရသေးဘဲနဲ့ နောက်မဆုတ်နိုင်ဘူး။ မဟုတ် ဘူး။ ဘယ်တော့မှ နောက်မဆုတ်ဘူး။ ကျွန်တော့် အချစ်က ကြောင်း သက်သေပြမယ်"

"မင်းလို မလောက်လေး မလောက်စားကများကွာ



www.burmeseclassic.com

www.burmeseclassic.com



တောက်"

"ဘာကိုကြည့်ပြီး ဘာကြောင့် ပြောတာလဲ"

"ငါ့ညီမ ဆရာဝန်မနဲ့ မင်းကတန်သလား"

"မ,က ကြီးမြင့်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က လည်း နိမ့်တဲ့လူမဟုတ်ဘူး။ အစ်ကို မယုံရင်စောင့်ကြည့် နေပါ။ တစ်နေ့ ကျွန်တော် မ,ကို လက်ထပ်ပြမယ်"

ဟုထိမထင်ဆိုကာ လှည့်ထွက်သွားသော ကောင် လေးကြောင့် ကြယ်တံခွန်မှာ ဒေါသတို့ အလိပ်လိုက်ထ နလုံးသွေးထဲယိုစီးနေရပါသည်။

"တောက် . . . ဒီလက်တောက်လောက်ကောင် ကများကွာ"

ကိုကိုက ဒေါသတကြီးပင် ရှူးရှူးရှဲရှဲဖြစ်နေသော သူမမှာ ဘယ်လိုနေရမှန်းမသိအောင်ပင် သူမအတွင်း နေရာက ရှားပါးနေရပါသည်။

"ဘာကိစ္စနဲ့ အဲဒီကောင်ကို အဲလောက် ပြုံးပြနေ တာလဲ"





"တစ်ခါတည်း ပြုံးပြရပါသေးတယ်"

"ဘာကိစ္စကြောင့် လိုက်ဆွဲနေရတာလဲ"

"ကိုကိုက ဒေါသအရမ်းဖြစ်နေတော့ သူဒဏ်ရာ ကြီးကြီးဖြစ်သွားရင် ကိုကို အခက်တွေ့ရမယ်"

"ကျေနပ်ရရနေပါ ခရုအိမ်ရယ်။ မင်းကြောင့် ကိုကို ရှုံးချင်တယ်"

"ဆရာသိရင် အားနာစရာဖြစ်ကုန်ပြီ"

"ဒီဆေးရုံမှာမလုပ်နဲ့တော့"

"ဒါ ညီမရဲ့အိမ်မက်လေ"

"ဒီကောင် မင်းနားမှာ လာလာရှုပ်နေလို့ ပြောနေရ တာ"

"သူ့ ကိုယ်က တမင်တကာ ရှောင်နေရမှာလား။ အဲလိုကြီးဟာ လူကြီးလူကောင်းမဆန်ပါဘူး"

"မင်းကို အဲလို ကောင်လေးတွေနဲ့ တွေ့ရရင် ငါ့ ခေါင်းထဲ မိုးကြိုးအလုံးတစ်ရာခွဲနေသလိုပဲ ခရုအိမ်။ ဒါကို မင်း သိထားစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုသာဆိုပင် ထွက်သွားသော ကျောပြင်ကိုကြည့်ကာ သူမပြုံးလိုက်မိပါသည်။

ကိုကိုက သူမကြောင့် အူတိုပြီး ခုလိုပြောတဲ့အချိန်တိုင်း ပီတိဖြစ်ရတာ ငယ်ကတည်းက ခုချိန်ထိပါ။

သူမက ပြုံးဖြီးဖြီးလေးလုပ်နေခဲ့ပေမယ့် သီသီမြိုင်ကတော့ ပြုံးတုံးပျာတာနှင့်ဝင်လာကာ . . .

"ဘယ်လို ဖြစ်ရတာလဲဟယ်။ ဂျက်က နှုတ်ခမ်းမှာ သွေးစတွေနဲ့ အောက်ထပ်မှာဆုံခဲ့တာ၊ အပေါ်ရောက်တော့ ရှင့်အစ်ကို့ကို ဒေါသတကြီးနဲ့တွေ့ရပြန်ရော အခန်းထဲရောက်တော့ ရှင်ကပြုံးလို့။ ရူးချင်လာပြီ။ တို့နားလည်အောင်လည်း ရှင်းပြစမ်းပါဦး"

"ကိုကိုက သူ့ခေါင်းထဲ မိုးကြိုးအလုံးတစ်ရာပစ်ခဲ့နေတယ်တဲ့"

"ဘုရားရေ"

သီသီမြိုင်မှာ သူမရဲ့အဖြေစကားအတွက် တအံ့တဩလေးဖြစ်သွားရပေမယ့် သူမကတော့ ပြုံးကာ Pres-





sure Cuff ကို ပွေ့ပြီး ထွက်လာခဲ့ပါတော့သည်။

"ဟင် . . . သား ဒါက ဘယ်လိုဖြစ်လာရတာလဲ" ဟု ညှိုမည်းနေသော သူ့မျက်နှာကြောင့် မိခင်ဖြစ်သူမှာ တအံ့တဩလေးပင် စိုးရိမ်တကြီးမေးလာလျှင် . . .

"ယောက်ဖလောင်းက ထိုးလွှတ်လိုက်တာ"

"ဘာ"

"မနာဟန်ဆောင်ထားရပေမယ့် လက်စက တော်တော်ပြင်းတာ"

"သား"

"အဲလို အထိုးခံလိုက်တော့လည်း ကောင်းသွားတာပဲ၊ နို့မဟုတ်ရင် သူ့ညီမကို ဘယ်ကဘယ်လို ကြိုးစားရမှန်း မသိဘူး။ သူနဲ့ဆုံခဲ့ရင်ဆိုတာကြီးကို ထည့်ထည့်တွေးထားနေရတော့ ရင်ထဲမှာမရှင်းဘူး"

"သားရယ်"

"မာမီ မသိသေးဘူး။ သား မ,ကို တကယ်ပဲ ကြင်



www.burmeseclassic.com

www.burmeseclassic.com



ထဲက ချစ်သွားပြီ”

“မျက်နှာကြီးက ညိုမည်းနေတာဘဲ။ နှုတ်ခမ်း
လည်း ကွဲထားသေးတယ်။ မာမီ ဆေးထည့်ပေးမယ်”

ဟုဆိုကာ သူမက ရေခဲတုံးလေးများကို ဇလုံအ
သန့်ထဲထည့်လိုက်ပြီးမှ ဖြူသန့်နေသော ပဝါတစ်ထည်
ယူကာ ရေခဲတုံးလေးကို ထိုပဝါနှင့်ထုပ်ပြီး သားရဲ့ပါးပေါ်
ဖြည်းဖြည်းချင်း ထိကပ်ပေးလိုက်ပါသည်။

“နာတယ်”

“ခဏပါပဲ။ ဒဏ်ကျေတယ်”

ဟုဆိုကာ ဆေးသေတ္တာသေးသေးလေးကိုဖွင့်
လိုက်ပြီးမှ . . .

“သားကို ဒီလိုမြင်ရတာ မာမီရင်နာတယ်”

“ဘာလို့လဲ”

“တစ်ဦးတည်းသောသားမို့ ချစ်လိုက်ရတာ။ ခုချိန်
ထိ စကားမာမာတောင် သားကို မပြောခဲ့ဖူးဘူး။ မိခင်ပဲဆိုပေ
စိတ်နဲ့တောင် သားကို အမိန့်မပေးဖူးဘူး။ သူငယ်ချင်းလို





ခံတ်ဆွေလို ရင်းနှီးစွာပဲ ဆက်ဆံခဲ့တယ်”

ဟုပြောကာ ဒဏ်ရာကို ဆေးထည့်ပေးမည် ကြံ
ခိုက် . . .

“အမယ် . . . မတွေ့တာကြာလို့ ဘယ်များပျောက်
နေသလဲလို့ဝင်လာတာ။ လက်စသတ်တော့ အန်တီနား ချွဲ
နေတာကိုး”

ဟု ပြောပြောဆိုဆိုနှင့်ပင် သူ၏သူငယ်ချင်း ငါး
ယောက်မှာ သူ့ရှေ့တွင် ဝင်ထိုင်လိုက်ကြသည်တွင် . . .

“ဟင် . . . ဂျက် . . . မင်းမျက်နှာကြီး ဘာဖြစ်လာ
တာလဲ”

“ခုပဲ အန်တီပြောနေတာ သားတို့ရေ။ သားတို့
သူငယ်ချင်းကို ကြည့်ပြောပါဦး”

ဟုသာဆိုကာ ဒေါ်ဆည်းဆာပျိုမှာ ဆေးသေတ္တာ
နှင့် ရေခဲဇလုံလေးကိုမကာ နောက်ခန်းထဲဝင်သွားတော့မှ

“ဘယ်လိုဖြစ်တာလဲ ဂျက်”

“ပြောကွာ။ မင်းကို ဘယ်သူ သမသွားတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ကောင်တွေဆွဲဖြဲဖို့ အဆင်သင့်ပဲ"

"ဟဲ . . . ဟဲ . . . ဒေါသလျှော့ကြပါကွာ။ စိတ်ကို ထိန်းပါ။ ယောက်ဖလက်စာမိလာတာ"

"ယောက်ဖ"

"အင်း . . . ရွှေယောက်ဖ"

"ဩော် . . . ဒီအတွင်း ပျောက်ချက်သားကောင်း နေတဲ့ ကိစ္စလား။ အသစ်လား။ လန်းလား"

"မပါ"

"ဟုတ်လုရျည်လား။ ခုတစ်လော မင်း သိပ်ငယ် ချင်နေတယ်ပေါ့လေ"

"ဘာထွင်နေပြန်ပြီလဲကွာ"

"ခရုအိမ်လေ"

"ဘာ"

"ဆရာဝန်မ။ ငါ့ဒယ်ဒီရဲ့တပည့်"

ဟု သူက ဂုဏ်ယူနေသံအပြည့်နှင့် ပြောလိုက် လျှင် ကျန်လူများမှာ ပါးစပ်အဟောင်းသားဖြစ်သွားကြပြီး . .





"တစ်လကျော်သွားပြီ။ မင်းမမေ့သေးဘဲကိုး"

"နှုတ်ရေးတဲ့ဖူးစာလို့ခေါ်တယ်"

"ခရီးပေါက်နေပြီလား"

"ငါ့မျက်နှာကို ကြည့်လေ"

"အဲ . . . ပေါက်ပြီ။ ငါတို့ တစ်ခါတွေ့လိုက်တဲ့ အစ်ကိုကြီးက သူ့အစ်ကိုလား"

"အင်း"

"ဟား . . . ငါနိုင်ဖို့သေချာနေပြီ"

"ဘာကြောင့်လဲ"

"အစ်ကိုက ဒီလောက်ထပ်ကြပ်မကွာ စောင့် ရှောက်နေမှတော့ ဘယ်ကောင်လေးက အနားတိုးနိုင်ဦးမှာလဲ"

"ဒါက မင်းအထင်ကိုကွ"

"ဒီမှာ ရဲဘော် ကိစ္စရပ်တိုင်းဟာ မရိုးစင်းတတ်ပါ ဘူး"

"ကဲ . . . ဂျက် ဘယ်လိုလုပ်မလဲ။ ငါတို့တော့ အဆုံးအဖြတ်ကို စိတ်ဝင်စားနေကြပြီ။ ငါတို့ထဲမှာ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မလဲ"

"စောပါသေးတယ်။ နောက်နှစ်လကျန်သေးတယ်။ နိုင်တူးပြောသလို ရည်းစားရှိတယ်ဆိုတာ ဖြစ်ချင်မှဖြစ်နိုင်မယ်၊ ရဲဇော်ပြောသလို ငါရှုံးမယ်ဆိုတာလည်း ဖြစ်ချင်မှ ဖြစ်နိုင်မယ်။ တူးလာပြောသလို လက်ထပ်မည့်လူရှိတယ်၊ ငါ့ကို ကြိုက်မယ်ဆိုတာမျိုး မဖြစ်အောင် ငါကြိုးစားမယ်၊ နိုင်းခလောင်းသလို ငါနိုင်ချင်တယ်။ အငွန်း ရှုံးဖို့များပါတယ်။ အဲ့ဒီလေးခုထဲက တစ်ခုမှမဟုတ်ဘူးဆိုတာတော့ မဖြစ်နိုင်လို့ဘဲ"

"ဒုတိယအကြိမ်ထပ်ပြောမယ်။ ကမ္ဘာကြီးက လုံးလုံးကြီးပါ။ အနာဂတ်ဆိုတာ ဆန်းကြယ်ခြင်းတွေပဲ ပြည့်နေတယ်။ မနက်ဖြန်တိုင်းက နေ့သစ်တွေပဲ။ ဆန်းကြယ်မှုတွေ အများကြီးနဲ့ သက်ရှိတိုင်းကို ကြိုဆိုနေတယ်"

"ကဗျာဆရာလုပ်စားပါလား အငွန်း"

"ဒီစကားက လွယ်လွယ်လေးပါ။ လူတိုင်း နားလည်တယ်။ ကဗျာက ခက်တယ်၊ နားမလည်အောင်ရေး





နိုင်ရမယ်။ စဉ်းစားစရာ ဖြစ်ရမယ်၊ ငါ အဲလောက်ထိ မစွမ်းဘူး"

"အမှန်တရားကိုတော့ လက်ခံနိုင်သားပဲ"

"ဒါတွေထားပါဦး။ အခုရေးကြီးတာ ဂျက်ပဲ၊ ဂျက်ဆီမှာ ငါတို့ ချမ်းသာခြင်းတွေရှိတယ်"

"ဟုတ်တယ်။ ဂျက် မင်း ဘာဆက်လုပ်မလဲ"

"ဘာကိုပြောတာလဲ"

"ဒီလောက်ကြီးအထိုးခံထားရတော့"

"ငါတကယ်ကြွေသွားပြီ"

"ဘာ"

"အရင်ကတော့ ငါ့ရင်ထဲကဆန္ဒကို ငါမသိဘူး။ ခု တဖြည်းဖြည်းချင်း သိလာလေ ငါ မ,ကို ပိုင်ဆိုင်ချင်လေ ဖြစ်လာတာပဲ"

"အဲတော့"

"ငါ အချစ်ကိုတွေ့ရှိသွားပြီလေ။ မလွှတ်တော့ဘူး။ အဲဒီလို ဖမ်းဆုပ်ထားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာလေကို မိမိရရဖမ်းဆုပ်ပြစဉ် ရဲဖော်က

"သူ့အစ်ကိုကရော"

"လူတိုင်းရဲ့နှလုံးသားက သစ်သားတုံးမှမဟုတ်တာ။ ကျောက်ဆိုင်တွေ၊ ဝှတ်တို့တွေတောင် နဲ့ပါများရင် လှုပ်လာကြသေးတာပဲ"

"သည်းမခံနိုင်အောင်ဖြစ်လာရင်ရော"

"မီးစဉ်ကြည့် ကမှာပေါ့ကွ။ ဒါသုံးရမယ်လေ"

ဟုဆိုကာ ခေါင်းကို လက်ညှိုးထိုးပြလျှင် အားလုံးမှာ အပြုံးကိုယ်စီနှင့် ချက်ကိုထောက်ခံလိုက်ကြပါသည်။





"သမီးက ခရုအိမ်ဆိုတာလားကွယ်"

ဟုမေးလာသော အမျိုးသမီးကြီးကို ဆေးမှတ်တမ်းများနှင့် အလုပ်ရှုပ်နေသော သူမက မျက်လွှာကိုပင့်၍ ကြည့်ကာ။

"ဟုတ်ပါတယ်ရှင့်"

"ခဏလောက် စကားပြောလို့ရမလား"

"ဟုတ်ကဲ့ . . . ထိုင်ပါဦးရှင့်"

ဟုဆိုကာ နားနေရာဆက်တီဝိုင်းကို ညွှန်ပြပြီး လုပ်လက်စကို ခေတ္တရပ်ကာ ညောင်းညာနေသောခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဆန့်လိုက်ပါသည်။

"ဘာကိစ္စများလဲ ရှင့်"

ဟုဆိုကာ ထိုအမျိုးသမီးကြီးရဲ့ မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး အမျိုးသမီးကို အကဲခတ်သလိုကြည့်လိုက်တော့ ထိုအမျိုးသမီးကလည်း သူမကို စူးစမ်းသလိုကြည့်ကာ . . .

"သမီးနဲ့အန်တီ အရင်ကဆုံဖူးကြသလား"

"ကျွန်မလည်း စဉ်းစားနေပါတယ်။ အန်တီ့ကို တစ်နေရာရာမှာ တွေ့ဖူးသလားလို့"

ဟုဆိုပြီး အမျိုးသမီးနှစ်ယောက်မှာ ကြာရှည်စွာ ငြိမ်သက်နေကြသည်တွင် လာရင်းကိစ္စရှိသော ဒေါ်ဆည်းဆာပျိုကပဲ . . .

"တစ်နေ့ကို လူပေါင်းများစွာနဲ့ ဆုံစည်းနေကြတာပဲ။ အမှတ်မထင်တွေ့ဖူးကြတာနေမှာပေါ့"

"ဒါနဲ့ အန်တီက"

"ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးရဦးမယ်"

●———မြူမသော———●



ဟုဆိုကာ ဂျူတီကုတ်ကလေးနှင့် မိမိရှေ့တွင် ငြိမ်ငြိမ်ရရလေးထိုင်နေသော ဆရာဝန်မကို အကဲခတ်ကာ သေချာရှင်းသော ကိုယ်စန္ဒာကိုမတ်လိုက်ပြီး . . .

"အန်တီက ဒေါက်တာဒီပါညို့ရဲ့ အမျိုးသမီး" ဟု အေးဆေးစွာဆိုတော့ သူမမျက်ဝန်းတွင် ရှိသေသွားမှုလေးကိုတွေ့ရသဖြင့် ဒေါ်ဆည်းဆာပျိုရင်ထဲ ကျေနပ်သွားမိတာတော့ အမှန်ပါ။

"နည်းနည်းတော့ မျက်နှာပူပေမယ့် ပြောဖြစ်အောင် ပြောရမယ့်စကားရှိနေလို့ပါ"

"ကျွန်မလည်း အားနာပါတယ်။ ကိုကိုက နည်းနည်းစိတ်ကြီးတော့ ဂျက် တော်တော်နာသွားမယ်ထင်တယ်"

"သားကို အန်တီတို့က စကားကြမ်းကြမ်းနဲ့တောင် ပြောခဲ့ဘူးတော့ သား ခုလိုဖြစ်ရတော့ အန်တီရင်နာတယ်။ အန်တီ့ငယ်စိတ်နဲ့ဆို တစ်ခုခုလုပ်ပစ်လိုက်ချင်တာ အမှန်ပဲ။ ဒါပေမဲ့ ကိုယ်ရဲ့အတွေ့အကြုံအရ အဲ့ဒီလိုမလုပ်သင့်ဘူးလို့

●———မြူမသော———●

www.burmeseclassic.com

www.burmeseclassic.com



တွေးမိသွားလို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ သားရဲ့မျက်လုံး တွေကို သိနေတယ်။ သားရဲ့မျက်လုံးတွေက တစ်ချိန်က တစ်စုံတစ်ယောက်ရဲ့ မျက်လုံးတွေနဲ့ သိပ်တူတယ်။ သမီး အပေါ် သိပ်ရူးသွပ်စွဲလမ်းနေတယ်လေ"

"မဖြစ်နိုင်ဘူးဆိုတာ သူသိမှာပါ"

"အချစ်စိတ်ဆိုတာ ဆန်းကြယ်ပါတယ်။ သမီး ရင်ထဲမှာ ဘာတွေတွေးနေမလဲဆိုတာ အန်တီမသိပေမဲ့ ဂျက်က သိပ်ကိုယ်ဖနေတာက အဓိကပြဿနာကြီး မဟုတ် လား"

မှန်နေတာကြောင့် သူမ ပြန်မဖြေပါ။ ပြန်မဖြေ ခြင်းအကြောင်းကတော့ အားနာမိလို့ပါပဲ။

"အန်တီလည်း သမီးတွေးသလိုပဲ ငယ်ရွယ်တဲ့ သားက အချစ်ကိုကစားတာပဲလို့ တွေးခဲ့တယ်။ တကယ် တမ်း ပြန်စဉ်းစားကြည့်တော့ သားက ဆယ့်ကိုးနှစ်ပြည့်ပြီး ပြီ၊ မကြာခင် နှစ်ဆယ်ပြည့်တော့မယ်။ ဒီအရွယ်ကို အန်တီ စိုးရိမ်တာ အမှန်ပဲ၊ အချစ်ကြောင့် သားကိုလေလွင့်မသွား



စေချင်ဘူး။ သမီးသာ တစ်ခုခုလုပ်လိုက်ရင် သူစိတ်ဒဏ်ရာ ဖြစ်သွားမယ်လို့ အန်တီထင်တယ်၊ လူတိုင်းဟာ ချစ်တဲ့ အချိန်မှာ နလုံးသားက နနေတတ်ကြတယ်လေ"

"အန်တီ ဘာကိုဆိုလိုတာလဲ"

"ကျေးဇူးပြု၍ သားကို ချော့မော့ဆက်ဆံပေးပါ"

"ရှင်"

"သူစိတ်ပြောင်းသွားတဲ့ထိ ချော့မော့ဖျောင်းဖျပေး ပါ။ ဒီအချိန်မှာ အန်တီ့စကားကလည်း သူ့အတွက် ဘာမှ အသုံးမဝင်နိုင်ပါဘူး။ သမီးသာလျှင် သူ့ရဲ့ဘုရင်ဖြစ်နေလို့ ပါ"

"မဖြစ်နိုင်ဘူးထင်တယ် အန်တီ။ စဉ်းစားကြည့် လေ။ ဒီကိစ္စက မဖြစ်နိုင်လေဘဲ"

"အန်တီ့ဘဝမှာ ခုလိုချစ်တဲ့လူအတွက် တောင်း ဆိုရတာ မိန်းမနှစ်ယောက်တည်းရှိတယ်၊ တစ်ယောက်က သွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ပြိုင်ဘက်မိန်းမတစ် ယောက်။ အခုက အန်တီ့သမီးအရွယ် မိန်းမတစ်ယောက်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ကို အားနာပါတယ်။ ဘာဖြစ်လို့ အဲ့
ပြောရသလဲဆိုတော့ ဂျက်ရဲ့စိတ်ကို အကဲခတ်မိလို့
ကျွန်မသာလိုက်လျောညီထွေ ပြောဆိုခဲ့ရင် ပိုပြီးရှေ့တိုး
မယ့်သူမျိုးမို့ပါ"

"သမီးမှာ ချစ်သူရှိနေလို့လား"

"ရှင်"

"ဆောရီး . . . သမီးရဲ့ကိုယ်ရေးကိုယ်တာပဲ"

"ကိုကိုက ကျွန်မကို သိပ်ချစ်ပါတယ်။ ခုချိန်
အလုပ်များတဲ့ ကိုကိုက ကျွန်မကို ကြိုပို့လုပ်နေတုန်း
အကြောင်းကတော့ ကျွန်မနား တခြားယောကျ်ားမရှိစေ
လို့ပါ။ ကိုကိုပြုမူလိုက်တဲ့ကိစ္စအတွက် ကျွန်မဝေ
တယ်။ ဒါကလည်း ပထမဆုံးပါပဲ။ ဘာလို့လဲဆိုတော့ ကျွ
သိပ်လေးစားတဲ့ ဆရာရဲ့သားဖြစ်နေလို့ပါ"

"အန်တီ သဘောပေါက်သွားပြီ။ သားက သမီး
ဘာကြောင့် အသည်းအသန် ဖြစ်နေသလဲဆိုတာ
တကယ်တမ်းတော့ ယောကျ်ားလေးရဲ့သဘောသဘာ



အတူတူပါပဲ။ မရနိုင်တာကိုမှရချင်တယ်။ ခက်ခဲတာကိုမှ
လိုချင်တယ်။ ကဲ . . . အန်တီပြန်လိုက်ပါဦးမယ်။ နောက်
တွေ့တော့ ဝင်လည်သေးတာပေါ့"

ဟုဆိုကာ ထရပ်လိုက်တော့ သူမပါ ထရပ်လိုက်
ပြီး ထိုအမျိုးသမီးကို အခန်းဝထိလိုက်ပို့သည်တွင် ကိုကို
အလာနှင့် ဆုံသွားရပါသည်။ ကိုကိုက ထိုအမျိုးသမီးကြီးကို
ကြည့်ပြီး . . .

"ဘယ်သူလဲ"

ဟု စူးစမ်းသလို မေးလာသည်တွင် သူမကပြုံးပြ
ကာ . . .

"အသိပါ"

"ကိုကိုတို့ ဆုံဖူးကြသလား"

"ဘာဖြစ်လို့လဲ"

"စိတ်ထဲ မြင်ဖူးသလိုလိုမို့ပါ"

ဟုပြောလိုက်ပြန်တော့ သူမကပြုံးကာ ပစ္စည်း
တွေကို သိမ်းဆည်းလိုက်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါမှ မဆုံဖူးပါဘူး"

ဟုသာ ဖြေလိုက်ပါသည်။





"သား"

ခေါ်သံကြောင့် သူလှည့်ကြည့်လိုက်ရာ အငွေ့ထောင်းထောင်းထနေသော ကော်ဖီပန်းလေးကို မ.ပြုံးဝင်သာသော မေမေ့ကို တွေ့လိုက်ရပါသည်။

မေမေက သူ့ဘေးတွင်ထိုင်တော့ သူက လုပ်လက်အလုပ်ကို ခဏရပ်ကာ မေမေ့ကို သေချာစွာကြည့်လိုက်ပြီး...

"ပြောစရာရှိလို့လား မေမေ"

"သား . . . ကောမတ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဘာတွေစဉ်းစားနေပြန်ပြီလဲ။ သားကို တစ်ခုခုပြောချင်ပြီဆို မေမေ့မျက်လုံးတွေက ညှို့းရော်နေတာပဲ"

"သား . . . အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ခြောက်နှစ်ပြည့်ဖို့ လအနည်းငယ်လိုသေးတယ်လေ၊ ဘာလို့လဲ"

"သား အိမ်ထောင်ပြုသင့်နေပြီလို့ မေမေ ထင်တယ်"

"ဟာ . . . မေမေကလည်း ငယ်ပါသေးတယ်"

"ဒီအချိန်ဟာ အကောင်းဆုံးအချိန်ပေါ့၊ သား အိမ်ထောင်ပြုတယ်ဆိုတာ အသက်ကြီးမှဆို သိပ်ပြဿနာများတာ၊ အိမ်ထောင်ပြုရင် ကလေးရတယ်၊ ကလေး အသက်နဲ့ ကိုယ့်အသက်နဲ့ တွက်ကြည့်ရဦးမယ်၊ ပြောပါ သားမှာ ရည်းစားလေး ဘာလေးမရှိဘူးလား"

"ဟာ . . . မေမေကလည်း သားမှာ ရည်းစားရှိရင် မေမေတို့သိမှာပေါ့"



"ညီမလေးကိုလည်း လွှတ်ပေးလိုက်ပါသားရယ်။ သမီးလည်း အရွယ်မှမငယ်တော့တာကိုး"

"သားက ဘာလုပ်နေလို့လဲ"

"သားရှိနေတော့ သမီးက ဘယ်လိုလုပ် ချစ်သူ ရည်းစားရှိနေနိုင်တော့မှာလဲ"

"မရှိလေကောင်းလေဘဲ"

"အဲလိုမပြောရဘူး သား၊ သား ညီမကို ချစ်ရင်လည်း ချစ်တာပဲ၊ ဒါပေမဲ့ မိန်းကလေးဆိုတာ အရွယ်ကတော့ပြောတယ် သား။ မေမေတို့က တစ်ချိန်မှာ သေသွားကြမှာ၊ သားလည်း ကြိုက်သူကြိုက်သားတွေ့ရင် လက်ထပ်မှာပဲ၊ အဲဒီအချိန်ကို တွေးကြည့်လိုက်စမ်းပါ၊ သမီးလေး ဘယ်လောက်အထီးကျန်မလဲလို့"

"သားလည်း မယူဘူး။ ညီမလေးကိုလည်း သူများနဲ့ မထည့်နိုင်ဘူးလို့ ကလေးလိုပြောမှ မေမေသိမှာလား"

"မဟုတ်သေးဘူး သား"

"ဟုတ်ပါတယ် မေမေရယ်။ ဟုတ်တယ်လို့ပဲ ဆော

www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်၊ သိပ်လည်းတွေးမနေနဲ့၊ သိပ်ချောတဲ့ မေမေက ပိုအိုသွားဦးမယ်၊ ဒီတော့မှ အရှယ်တင်တဲ့ဖေဖေက ပစ်သွားလို့ ငိုမနေနဲ့။ သားတော့ လိုက်မခေါ်ပေးဘူး"

"ဒီကလေး လူကြီးကို နောက်တီးနောက်တောက်နဲ့"

"အမှန်က အဲ့ဒါ သားကို ပြောရမှာမဟုတ်ဘူး၊ ဦးဦးကို ပြောရမှာ။ ဦးဦးကို အရင်ဆုံး မိန်းမပေးစားပါလား၊ အဲဒါမှပြီးသွားမှာ"

"မင်းဦးဦးက ရချင်ဦးမှကိုး"

"မေမေ့မောင်ပဲ မေမေပိုင်ပါတယ်"

"စကားမများနဲ့ ခု မင်းကိစ္စပြောနေတာ"

"ဦးဦးက အကြီးလေ၊ ဦးစားပေးရမှာပေါ့"

"သူက ဒီဘဝနဲ့ အရိုးထုတ်မှာပါ"

"သားလည်း အဲ့လိုပဲ နေလို့မရဘူးလား"

"မရဘူး . . . မရပါဘူး၊ ဒါပဲ မေမေပြောမယ်။ သားကိုယ်ဘာသာရှာရင်ရှာ မရှာရင် မေမေကိုယ်တိုင် ရှာပေးမယ်၊ ဘာပဲဖြစ်ဖြစ် မျက်လုံးမှိတ်ချိန်တော့ သားသမီးတွေ





ကို စိတ်အေးချင်တယ်"

"ပပဝတီလိုလှမှနော်၊ မလှရင် အကုန်ငြင်းတယ်"

"သိပ်ကိုကြီးကျယ်တဲ့ မေမေ့သားကြယ်တံခွန်ရဲ့ အကြိုက် ဒီမေမေက သိပါတယ်၊ သား စိတ်ချပြီးသာနေ။ သားကိစ္စပြီးရင် သမီးကိစ္စစီမံရမယ်"

"မေမေ တကယ်ပြောနေတာလား"

ဟု ကောမက်(ခေါ်) ကြယ်တံခွန်မှာ မယုံနိုင်စွာဝင် မေမေ့ကိုကြည့်တော့ အမေဖြစ်သူ ဒေါ်ဆရီရောင်အိုင်မှာ နိုင်မာစွာပြုံးနေခဲ့ပါသည်။

အသက်ကြီးလာသောသူမက ခုချိန်ထိ အပြုံးတွေက တည်ငြိမ်ပြီး ကျက်သရေရှိစွာလှပနေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"မ"

"အတော်ပဲ မင်းကိုတွေ့ချင်နေတာနဲ့"

"ထီအကြိမ်တစ်သောင်း ပေါက်ရင်တောင် ခု လောက်ပျော်မှာမဟုတ်ဘူး"

"မင်းနားနေခန်းထဲကစောင့်ပါ။ တို့ နောက်ဆယ်မိနစ်မှ အလုပ်ပြီးမယ်"

ဟုဆိုပြီး စပ်ဖြီးဖြီးနှင့်ဂျက်ကို ဂရုမစိုက်တော့ဘဲ မိမိ၏ပေးရှန့်ကိုသာ အာရုံစိုက်နေလိုက်ပါသည်။

ဒီနေ့ O.P.D နေ့မို့ ဝေါ်းမှုးနောက်အောင်ပင် ပန်း





နေခဲ့ပါပြီ။

သူမရဲ့ ဂျူတီချိန်ပြည့်သွားတော့ ဂျူတီချိန်းမည့် ဆရာမရောက်လာ၍ သူမက အားလုံးကို လွှဲပြောင်းလိုက်ပြီး နားနေခန်းထဲသို့ လာခဲ့သည်တွင် ဆက်တီပေါ်အခန့်သား ထိုင်နေသော ဂျက်ကိုတွေ့လိုက်ရပါ၏။

ဂျက်က သူမကိုမြင်တော့ မတ်တတ်ထရပ်ကာ . .

"ပင်ပန်းနေပြီလား"

"အဲဒီလို မေးရလောက်တဲ့ထိ မင်းနဲ့တို့က ရင်းနှီးမှု မရှိဘူး ဂျက်"

"မ ဘာကို စိတ်တိုနေတာလဲ"

"မင်းမာမီ တို့ကိုလာတွေ့သွားတယ်"

"ဗျာ"

"မင်းဟာ တော်တော်ကို ပြဿနာရှုပ်တာပဲ ဂျက်။ မင်းကို တော်တော်စိတ်ပျက်တယ်"

"မာမီက မ,ကိုဘာပြောသွားလို့လဲ။ ကျွန်တော့် မာမီက အဲလိုဆိုးတဲ့သဘောမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို တို့ အပြတ်ပြောမယ် ဂျက်၊ မင်းကိုတို့ လုံးဝသဘောမကျဘူး"

"ချစ်ကြောင်းမပြောရသေးခင် အရင်ငြင်းခံရတာပဲ"

"နောက် မင်း တို့ကို မနှောင့်ယှက်ပါနဲ့၊ လူကြီးတွေကိုလည်း ဆွဲမထည့်ပါနဲ့။ အဲလိုပုံစံမျိုး တို့အမုန်းဆုံးပဲ"

"ဘယ်လိုပုံစံမျိုးကိုမှ သဘောကျတာလဲ"

"မင်းဆိုရင်တော့ ဘယ်လိုပုံစံမျိုးမှ သဘောမကျဘူး"

"ကျွန်တော်က ဘာပြစ်ချက်တွေရှိနေလို့ မ,က ခါးခါးသီးသီးဖြစ်နေရတာလဲ။ ကျွန်တော်နားမလည်ဘူး"

"ပြောမှ သိမယ်ဆိုတော့လည်း ပြောရမှာပေ့ါ။ တို့အသက်က မကြာခင်နှစ်ဆယ့်ခြောက်နှစ်ပြည့်တော့မှာ၊ ပြီးတော့ တို့က ဆရာဝန်၊ မင်းအသက်က ခုမှ နှစ်ဆယ်တောင် မပြည့်သေးဘူး။ လမ်းပေါ်မှ က လမ်းပေါ်မှာပျော်၊ အပေါင်းအသင်းတွေနဲ့ တစ်နေကုန်အချိန်ဖြုန်းပြီး မိဘပိုက်ဆံကို လက်ဖြန့်တောင်းနေတဲ့လူကို တို့က သဘောကျနေရမှာတဲ့



လား၊ မင်း စဉ်းစားပေ့ါ"

"မ"

"ဒီလိုပြောဖို့ အစီစဉ်မရှိခဲ့ပါဘူး၊ ဒီလိုပြောမှ နားလည်မယ့်လူကိုတော့ ဒီလိုပဲပြောရလိမ့်မယ်၊ ကိုယ့်ဟာကိုယ် သိပါ၊ အဲတော့ မင်း နောက်မလာပါနဲ့တော့"

"ကျွန်တော် အလုပ်မရှိလို့ပေ့ါ ဟုတ်လား၊ ကျွန်တော့်ဘဝက အလုပ်မရှိခြင်းနဲ့ဘဲ သွားမလား မရယ်၊ ပြီးတော့ ကျွန်တော့်အသက်က ဒီနေရာမှာပဲ ရပ်တန့်နေမှာလား။ ကျွန်တော်က မ,ထက် ငယ်တယ်ဆိုပေမယ့် လောကမှာ ရှိသမျှလူတွေထက် မ,ကို ပိုချစ်နိုင်တယ်"

"အဲဒီစကားလုံးတွေကိုစုပြီး စာရွက်မှာချရေးလိုက်ပါ၊ တို့တော့ ကဗျာတွေ စာတွေဖွဲ့နွဲ့တာတွေ သိပ်နားမလည်ဘူး"

"မ, သိပ်ရက်စက်တယ်"

"ရက်စက်ရအောင် မင်းက တို့ကို လာပတ်သက်တာပဲ။ တို့မင်းကို တစ်ကြိမ်တစ်ခါမှ မဖိတ်ခေါ်ဖူးဘူး၊ ဒီထက်

www.burmeseclassic.com

www.burmeseclassic.com



ရေ့ဝိုးလာရင် တို့က ပိုပြီးရက်စက်ရလိမ့်မယ်။ အဲတော့ တို့လည်း မရက်စက်တတ်ခင် မင်းလည်း မနာကျင်ရခင် ပြန်ရုပ်သိမ်းလိုက်ပါ . . . ဟုတ်လား"

"ကျွန်တော် မ.ကို ဘယ်လောက်ထိချစ်လဲဆိုတာ မ.သိလား။ ရင်ဘတ်ကြီးပေါက်ထွက်တော့မယ်ဗျ။ မ.က နှလုံးဆရာဝန်ပါဗျာ။ ကျွန်တော့်နှလုံးသားကို ဘာလို့မမြင်နိုင်ရတာလဲ။ မ.မြင်နိုင်အောင် ကျွန်တော် ဘယ်လိုပြရမှာလဲ"

"ဘယ်လိုမှ မပြနဲ့။ တို့က မြင်လည်း မမြင်ချင်ဘူး၊ သိလည်း မသိချင်ဘူး။ ရပ်တန့်လိုက်ပါတော့ ဂျက်ရယ်။ တို့တကယ် စိတ်ရှုပ်လွန်းလို့ပါ။ တို့ . . . တို့မိသားစုနဲ့ပဲ အေးအေးချမ်းချမ်းနေချင်တယ်။ ကျေးဇူးပြု၍ တို့ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် မနှောင့်ယှက်ပါနဲ့တော့လား။ တို့တောင်းပန်ပါတယ်"

ဟု သူမက အနရော အကြမ်းပါ ရောပြောလိုက်တော့ သူမနှင့်အားကြိုးမာန်တက် အပြန်အလှန်ပြောနေ





သော ဂျက်ရဲ့မျက်ဝန်းတောက်တောက်များမှာ ရုတ်ခြည်းညှိုးရော်သွားရပြီး ခုံပေါ်တွင် အရုပ်ကြိုးပြတ်ထိုင်ချလိုက်မိပါသည်။ ပြီးနောက် သူမကို ဆွေးမြည့်ရီဝေစွာကြည့်ကာ . . .

"ကျွန်တော်က မ.အတွက် အဲလောက်ထိ မကောင်းတဲ့ လူလား။ ကျွန်တော့်ကြောင့် မ.ရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းရအယ်တဲ့လား။ ကျွန်တော်က မ.အတွက် အဲလောက်ထိ ဆိုးတဲ့ လူလားဗျာ"

ဟုသာ တစ်လုံးချင်းပြောကာထရပ်လိုက်ပါသည်။

ဝိညာဉ်မဲ့စွာ တစ်လှမ်းချင်း ထွက်ခွာသွားသော ဂျက်ရဲ့ကျောပြင်ကြောင့် သူမမှာလည်း စိတ်မသက်မသာဖြစ်ရကာ ဆက်တိုက်ကျောမှီကိုမှီကာ လေပူကိုအရှည်ကြီး မှုတ်ထုတ်လိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျူတီချိန်စိစ်၍ ညဥ့်နက်မှပြန်လာတတ်ပြီး
လည်း အစောကြီးထွက်သွားတတ်တဲ့ သမီးဖြစ်သူ
ဒေါ်ဆရီရောင်အိုင်မှာ အပြင်ထွက်တုန်း လမ်းကြုံ
သမီးအလုပ်လုပ်သော ဆေးရုံသို့ဝင်ဖြစ်ခဲ့ပါသည်။

ခုဆို သမီးနှင့်မျက်နှာချင်းဆိုင်ပြီး ထမင်း
သည်မှာ ငါးရက်ပင်မြောက်သွားခဲ့၍ အကယ်လို့ သမီး
အချိန်ရလျှင် စကားပြောရင်း ဆိုင်တစ်ဆိုင်တွင် နေ့လ
စာ စားမည်ဟူသော ရည်ရွယ်ချက်လည်းပါပါသည်။
ကိုရောက်၍ ဆက်ရှင်မှာမေးကြည့်တော့ သမီးဂျူတီဝင်



သည်ဆို၍ သမီးဖြစ်သူ၏ နားနေခန်းဟု ညွှန်ပြပေးသော
အခန်းထဲသို့ ဝင်လာခဲ့သည်တွင် ဂျူတီကုတ်အဖြူလေးနှင့်
သမီးအရွယ် ဆရာဝန်မလေးကိုတွေ့ရာ သူမက ပြုံးပြမိတ်
ဆက်မည်ကြံခိုက် . . .

“အန်တီက ခရုအိမ်ရဲ့အမေမဟုတ်လား”

“သမီးက အန်တီကို သိလို့လား”

“သိတာပေါ့။ ဒီလောက်လှတဲ့ ခရုအိမ်ရဲ့ အမေကို
တစ်ခါမြင်ဖူးရုံနဲ့ တစ်ဘဝလုံးမှတ်မိတယ်။ အန်တီ သမီးကို
မှတ်မိဘူးလား။ ခရုအိမ်ရဲ့ နှစ်ဆယ်သုံးနှစ်မြောက်မွေးနေ့
မှာ ဆုံဖူးတယ်လေ”

“ဪ . . . သိပြီ။ သမီးနဲ့ အလယ်တန်းတည်းက
သူငယ်ချင်းဆိုတာလား”

“မှတ်မိတဲ့အတွက် တကယ်ကိုပျော်ပါတယ်။ ဒါနဲ့
ခရုအိမ်ဆီလာတာလား။ ခရုအိမ်က ဂျူတီဝင်နေတယ်။
နောက်နာရီဝက်မှ အောဖ်မှာ”

“အင်း . . . သမီးနဲ့ နေ့လယ်စာအတူစားရအောင်လို့

www.burmeseclassic.com

www.burmeseclassic.com



လေ။ သမီးကို အန်တီရောက်နေကြောင်းမပြောပါနဲ့။ အလု
ပျက်မှာစိုးလို့ပါ"

"ဒါဆို အန်တီထိုင်ပါဦးရှင်။ သမီးတော့ ဂျူတီဝင်
မှာမို့ ခွင့်ပြုပါဦး"

"အင်း"

ထို မိန်းကလေးထွက်သွားပြီးတော့ သူမက ဘာ
ရယ် ဘယ်လိုရယ်ဆိုပြီးတွေးတောမနေဘဲ။ သမီးနာမည်
ရေးထားသော စားပွဲရှိနံတွင် ဝင်ထိုင်လိုက်ပါသည်။

သူ့အဖေကို သိပ်ချစ်သော သမီးက သူ့အဖေ
စရိုက်အတိုင်းပင် စားပွဲပေါ်မှာ ပြောင်ရှင်းနေပြီး စာအုပ်များ
ကို စည်းစနစ်ကျကျ ညီညီညာညာစီရီထားသေး၏။

ထိုစာအုပ်ပုံလေးရဲ့ ဘေးတွင် ထောင်ထားသော
ဓာတ်ပုံကိုမြင်တော့ ထိုဓာတ်ပုံကို ကိုင်ကြည့်ရင်း ပြုံးလိုက်
ပါသည်။

ထိုစဉ်ဝင်ပေါက် တံခါးမှာ ပွင့်သွား၍ သမီးများ
လာသလားဟူသော မျှော်လင့်ချက်နှင့်ကြည့်လိုက်ရာ



စကားမှ မပြောနိုင်လောက်အောင်ပင် မှင်တက်သွားပါ
သည်။

သူမကလည်း မှင်တက်နေရသလို တစ်ဖက်လူ
သည်း ပါးစပ်အဟောင်းသားနှင့်ပင်

"မင်း . . . မင်း . . . ဆရီရောင်အိုင်မဟုတ်လား"

"ဆည်းဆာပျို"

"ဒါ . . . ဒါဆို ခရုအိမ်က ရွှန်ရဲ့သမီးပေါ့"

"ဟင် . . . နင်က သမီးကို သိလို့လား"

"မတွေ့ကြတောင် အတော်ကြာသွားခဲ့ပြီနော်"

"နှစ်နှစ်ဆယ် နီးပါးပေါ့"

"ဒါပေမဲ့ နင်ကတော့ လှနိုင်တုန်းပဲ ဆရီ။ ဒါကြောင့်
သည်း ရွှန်က အရူးအမူးဖြစ်ရတာထင်တယ်။ ဒါနဲ့ ရွှန်ရော
နေကောင်းလား"

"အင်း . . . ကောင်းတယ်။ ငါတို့ နင့်အကြောင်း
တောင် တစ်ခါတစ်ရံ ပြောဖြစ်ကြသေးတယ်"

"ပျိုလည်း ဒီနှစ်တွေမှာ နင်တို့ကို သတိရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နင်က သမီးနဲ့"

"အုံ့သြလွန်းလို့ ဘယ်ကဘယ်လို စပြောရမှန်း မသိဖြစ်နေရပြီ။ နင် အချိန်ရလား ဆရီ"

"အင်း . . . ရပါတယ်"

"ဒါဆို ပျို့နဲ့ ဆိုင်တစ်ဆိုင်မှာ အေးဆေးစကားပြော ရအောင်လား"

ဆိုတဲ့ ကမ်းလှမ်းချက်ကြောင့် သူမမှာဆည်းဆာ ပျို့နှင့် မထင်မှတ်ထားသော စကားဆန်းအချို့ကို ပြောဖြစ် သွားခဲ့ပါသည်။





ညအိပ်ရာဝင်ချိန်မှာတော့ ခင်ပွန်းဖြစ်သူကို ဖျော် ဆေးနေကျ ကော်ဖီတစ်ခွက်ဖျော်ပေးရင်း . . .

"ချွန်"

"အင်း"

စာရင်းလုပ်နေသော ခင်ပွန်းသည်မှာ စာရင်းလုပ် ချင်းပင် ထူးလိုက်၏။

"ပြောစရာရှိတယ်"

"အင်း . . . ပြောလေ"

"ဒီနေ့ ဆည်းဆာပျို့နဲ့ မထင်မှတ်ဘဲ တွေ့လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဟု သူမက ရုတ်တရက်ပြောချလိုက်ချိန်မှာတော့ ရွှန်ရဲ့ လက်တွေမှာ အလိုလိုရပ်တန့်သွားရပြီး သူမဆီ ကြည့်လာပါ၏။

"ငါ့ရင်ထဲမှာ မပျော်ဘူး ရွှန်"

"ဘာလို့လဲ မိတ်ဟောင်းဆွေဟောင်းတွေ့တာပဲ"

"တိုက်ဆိုင်လွန်းလို့ပါ"

"အဲဒီတိုက်ဆိုင်မှုတွေကို ငါ သိပ်ကြောက်တယ် ရွှန်။ မုန်းစရာကောင်းလောက်အောင်ကို တိုက်ဆိုင်ခဲ့ဖူးလို့ တစ်ချိန်က ငါတို့အားလုံး နာကျင်ခံစားခဲ့ရတယ်"

"ပြီးခဲ့တာလည်း ကြာခဲ့ပြီရော ဆရီရယ်"

"သိပ်မခံစားပါနဲ့။ မင်းပဲပင်ပန်းရလိမ့်မယ်"

"ဆုံစရာရှားလို့ ဒီလူတွေမှ ထပ်ဆုံရသလား"

"ဘာကိုပြောတာလဲ ဆရီ"

"သမီးနဲ့ပတ်သက်ပြီး ဆုံခဲ့တာပါ"

"သမီးနဲ့"





"အင်း . . . ဆည်းဆာပျို့ရဲ့သားက သမီးကို သိပ်ကြိုက်နေလို့တဲ့"

"ဟမ်"

"အဲဒါ သမီးနဲ့တွေ့ဖို့လာပေမယ့် ငါနဲ့ပဲ ဆုံဖြစ်ခဲ့တာ"

"ဆန်းကြယ်တဲ့ ကံပဲ"

"ဆည်းဆာပျို့က မိတ်ဟောင်းတွေဆွေဟောင်းမို့ ပျော်သွားတယ်။ ပြီးတော့ သားရေးသမီးရေး စပြီးပြောလာတယ်။ ရဲတင်းတာတော့ အရင်ကအတိုင်းပဲ။ ဘာမဆို ပြတ်ပြတ်ပဲ ပြောနိုင်တယ်"

"အဲတော့ ဘာပြန်ပြောလိုက်လဲ"

"ရွှန်နဲ့ တိုင်ပင်ဦးမယ်လို့ပဲ ပြောလိုက်တယ်"

"အဲတော့"

"ဆည်းဆာပျို့က စိတ်မြန်တဲ့လူပဲ။ အဲဒီအကျင့် မပျောက်ဘူး။ မနက်ဖြန်ပဲ နင်နဲ့ငါ့ကို မျက်နှာစုံညီတွေ့ဖို့ ချိန်းလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရင်လေးနေတာလား"

"အင်း"

"ကိုယ်ကြည့်စီစဉ်ပါ့မယ်။ ဒါကို သိပ်စိတ်ထဲမထား ပါနဲ့။ ဆရီက အဲလို မျက်နှာညှိုးရော်နေရင် ကိုယ်လည်း မပျော်ဘူး။ ဒါနဲ့ ကောင်လေးကိုမတွေ့ပါနဲ့"

"မနက်ကပဲ ထွက်သွားတယ်။ မြစ်ကြီးနားကို လွှမ်းလို့တဲ့"

"ကိုယ်တို့ကသာ သူ့ကို အဖော်မရှိပါလားဆိုပြီး စိတ်ပူနေတာ။ သူကတော့ ဟုတ်နေတာပဲ။ ပေါ့ပေါ့ပါးပါးပဲ သွားချင်ရာကိုသွား"

ဟု သူကဟာသလေးနှောကာ ပြောလိုက်ပေမယ့် ရွှင်မြူးမလာတဲ့ ဇနီးသည်ရဲ့မျက်နှာကြောင့် သူ့ရင်ထဲ ထိ နိုက်မိတာ အမှန်ပါပဲ။

"အိပ်လိုက်ပါလား ဆရီ။ အိပ်လိုက်ရတော့ ဘာပဲ ဖြစ်ဖြစ် လန်းဆန်းလာမှာပါ။ မရောက်သေးတဲ့ မနက်ဖြန် တွေကိုသာ ကြိုပြီးစိုးရိမ်နေရင် ဘဝတိုင်းက ဘယ်လို လှပ





ဘာတော့မလဲ"

ဟုဆိုကာ ဇနီးဖြစ်သူကို နှစ်သိမ့်လိုက်တော့ . . .

"နင် အလုပ်လုပ်စရာရှိတယ် မဟုတ်လား။ လုပ် လေ။ သမီးပြန်လာခါနီးနေပြီ။ ဟော . . . ပြောရင်းဆိုရင် အားသံကြားတယ်။ သားနဲ့သမီးထင်တယ်"

ဟုဆိုကာ ဆရီက ထရပ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့တော့ သူပါလိုက်လာခဲ့ပါသည်။

သည့်တွင် အိမ်ထဲဝင်လာခဲ့သော သားနှင့်သမီးကို ခန့်ညားစွာတွေ့ရပါ၏။

ဩော် . . . ဘာလိုလိုနဲ့ သူတို့တောင် ဒီအရွယ် ရောက်လာခဲ့ပြီကိုးဟု။ မတွေးဘူးတွေးဖူးပင် အရွယ်ရောက် နေကြပြီဖြစ်သော သားနှင့်သမီးကိုကြည့်ရင်း တွေးမိလာပါ ၏။

"ဟာင် . . . ဖေဖေနဲ့မေမေ မအိပ်ကြသေးဘူးလား"

"အင်း . . . ထိုင်ကြပါဦးကွယ်"

ဟု ထူးထူးဆန်းဆန်းပြောလာသဖြင့် ကောက်



www.burmeseclassic.com

www.burmeseclassic.com



ရော ခရုအိမ်ပါ ထူးဆန်းတဲ့မျက်နှာပုံနှင့် ဖေဖေနှင့်မေမေတို့ အကဲခတ်ရင်း ဆက်တီမှာထိုင်လိုက်ကာ . . .

"ပြောစရာရှိလို့လား ဟင်"

"အင်း . . . ပြောစရာရှိလို့ထက် မေးစရာရှိလို့ပါ"

"ဘာဖြစ်လို့လဲ မေမေ"

"ဒေါ်ဆည်းဆာပျိုကို သမီးသိတယ် မဟုတ်လား"

"ရှင်"

"ဒီနေ့ သမီးဆီလာတော့ သူနဲ့ဆုံခဲ့ရတယ်"

"ဒေါ်ဆည်းဆာပျိုဆိုတာ ဘယ်သူလဲ ညီမလေး"

"သမီးမှာ ချစ်သူရည်းစားများ ရှိသလားကွယ်"

"ရှင်"

"မေမေ"

"သား ခဏနေပါဦး။ သမီးကိုပဲ မေမေ မေးနေတာပါ။ ချစ်သူရှိလားဆိုတာထက် သမီးရင်ထဲမှာ ချစ်နေတဲ့ လူကိုပြောတာပါ"

"မ . . . မရှိပါဘူး . . . မေမေ"



"သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့ စကားလည်း ရှိတယ် မဟုတ်လား"

"မေမေ"

"ပထမတော့ သားကိစ္စကို အရင်စီစဉ်မလို့ဘဲ။ တကယ်စဉ်းစားတော့ အလျဉ်းသင့်သလို စီစဉ်တာ ကောင်းတယ်။ ဘာလို့လဲဆိုတော့ သားနဲ့သမီးက ရွယ်တူတွေပဲကိုး"

"မေမေ ဘာကိုပြောတာလဲ"

"သမီးကို အိမ်ထောင်ချပေးချင်တယ်"

"ရှင်"

"မှန်မှန်ပြောရရင် သမီးကို စိုးရိမ်တယ်။ ဆည်းဆာပျိုက သူ့သားနဲ့ ကမ်းလှမ်းတယ်။ တွေးကြည့်တော့ သမီးထက် ငယ်တယ်ဆိုပေမယ့် မျိုးရိုး၊ အသိုင်းအဝိုင်းက သဘောမတူနိုင်စရာမှမရှိတာ။ ပြီးတော့ ဆည်းဆာပျိုက မေမေတို့ သူငယ်ချင်းအရင်းဆိုတော့"

"သူငယ်ချင်း"

"သား သဘောမတူဘူး မေမေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကောမက်က ခပ်ပြတ်ပြတ်ပြောလိုက်စဉ်အား ငြင်းချင်နေသော ခရုအိမ်မှာ ဝမ်းသာသွားရပါသည်။"

သည့်တွင် တစ်ချိန်လုံး ငြိမ်နေသော ဖေဖေတော

"ဖေဖေတို့ သားနဲ့သမီးအပေါ် တာဝန်မကျေတာ ဘာများရှိခဲ့ဖူးသလဲ။ ပြီးတော့ ဖေဖေတို့စကားကို နား ထောင်ခဲ့လို့ ဘယ်နှစ်ခါများ ခက်ခဲခဲ့ဖူးသလဲ"

"ဒါပေမဲ့ ဖေဖေ"

"ဒါပေမဲ့ တို့ဘာတို့ပြောမနေပါနဲ့ကွာ"

လူတိုင်းတစ်ချိန်မှာတော့ အိမ်ထောင်ပြုရမှာပဲ။ လက်ခံဖို့ သမီးရှင်ထဲပြင်ဆင်ထားပါ။ သားလည်း သဘော တူနိုင်အောင် ကိုယ့်ကိုယ်ကို ဆုံးမထားပါ ဟုတ်ပြီလား။ တဲ့ သွားနားတော့"

ဟုဆို၍သာ ထလာခဲ့ရပေမယ့် တစ်ဖက်သတ် ဆန်သော မေမေ့ရဲ့စကားကိုရော မကျေနပ်မိတာတော့ အမှန်ပါပဲ။





"မတွေ့တာကြာပြီနော် ချွန်"

ဟု ဆည်းဆာပျိုက ပထမဆုံးနှုတ်ဆက်လျှင် ချွန်က မှုပိုင်အပြုံးနှင့်သာ တုံ့ပြန်လိုက်ပါသည်။

"ဒီလို အသက်ကြီးတဲ့အချိန်ထိ တို့တစ်တွေ တွေ့ ကြလိမ့်မယ်လို့ တစ်ခါမှမတွေးကြည့်ခဲ့ဖူးဘူး။ ဒါက ပျို့ခင် ပွန်း ဒေါက်တာဒီပါညိုပါ။ ကိုကို သူတို့တွေက ပျိုပြောနေတဲ့ ပျို့သူငယ်ချင်းတွေပေါ့။ ချွန်တဲ့။ သူက ဆရီရောင်အိုင်"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်းရင်းသားနာမည်လိုပဲနော်"

"ဟုတ်ကဲ့၊ ကချင်လူမျိုးပါ"

"သိပ်ကိုထက်မြက်တဲ့ ခရုအိမ်ရဲ့ မိဘတွေကို ခုလို တွေ့ရတော့ ဝမ်းသာပါတယ်ဗျာ"

"သမီးပြောပြောနေလို့ ဆရာဒီပါညီ့ဆိုတာ ကြား ဖူးနေပါတယ်၊ လူချင်းတော့ ခုမှပဲ ဆုံဖူးတော့တယ်"

"ကျွန်တော့်ဇနီးနဲ့ ငယ်သူငယ်ချင်းတွေဖြစ်နေတြ တဲ့အတွက် ကျွန်တော်လည်း ဝမ်းသာတယ်ဗျာ၊ ပြောလို့ ဆိုလို့ ကောင်းသွားတာပေါ့"

"သားက ခု အသက်နှစ်ဆယ်ပြည့်တော့မှာပါ၊ အဲတော့ ကလေးတစ်ယောက်လို့ ပြောလို့မရတော့ဘူး ခုလောလောဆယ်သားက အလုပ်မရှိသေးပေမယ့် ပျိုပိုင်တဲ့ စိန်ရွှေရတနာဆိုင်လည်း သားရဲ့နာမည်နဲ့ပဲ၊ သားက စိန်ကဲ ကျောက်ခဲခတ်တာ သိပ်တော်တာ၊ ပါရမီရှင်လေးပဲ၊ ပြီး တော့ သူ့ဒယ်ဒီလို ဆရာဝန်မလုပ်ချင်ပေမဲ့ ရှယ်ယာတော် တော်များများကို ပိုင်ဆိုင်ထားတော့ ကုမ္ပဏီလုပ်ငန်းဘက်





ဦးဆည်သွားမယ်လို့ ပြောနိုင်တယ်၊ သားက စီးပွားရေး ဉာဏ်ရှိတယ်လေ"

"ဟုတ်ပါ့ဗျာ . . . မရက်တမ်း ပွင့်ပွင့်လင်းလင်းပြော ရရင် ခုလိုမြန်မြန်ကြီးဆုံတွေ့ရတာတော့ ရှုးတော့မလိုခံစား ကြေကွဲနေတဲ့ ကျွန်တော့်သားကြောင့်ပါပဲ၊ သူ ဒီလိုကြီး ဝေတေနေတာ တစ်ခါမှမမြင်ဖူးဘူး၊ အရည်အချင်းရှိတဲ့ လူငယ်ကလေးက အချစ်ကြောင့် ပျက်စီးသွားမှာကို စိုးရိမ် တယ်"

"အဲဒါကြောင့် ပျို့ တောင်းဆိုချင်ပါတယ်၊ ပျို့တို့ တင်းလှမ်းတာကို လက်ခံပေးပါ၊ ချွန်နဲ့ ဆရီစိုးရိမ်နေတာကို ရိုသိပါတယ်၊ ပြီးတော့ ပျို့အကြောင်းကိုလည်း ချွန်နဲ့ဆရီ သိပေးပါ၊ ပျိုတတော်ရဲ့ အောက်ကျခံတောင်းဆိုတတ်သူ တော့ဘူးလေ၊ သားက သမီးကို သိပ်ချစ်ပါတယ်ဆိုတာ ရှိရဲ့သိက္ခာနဲ့ လောင်းကြေးထပ်ပြောနိုင်ပါတယ်"

ဟု ဆည်းဆာပျို့က ခိုင်မာစွာပြောလိုက်လျှင် ချွန် ရော၊ ဆရီပါ မှင်တက်မိသွားကြပါတော့သည်၊ သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ဆည်းဆာမျို့ရဲ့စိတ်ကိုသိသူတွေလေ။ သေ
ပါသည်။ မကြာခင် ကမ္ဘာပေါ်မှာ စုံတွဲတစ်တွဲထွက်ပေါ်
မည်ဆိုတာပေါ့။



ညတစ်ရေးနိုးတော့ ထပ်ပြီးအိပ်လို့မရတော့၍ နှစ်ခြိုက်ခြိုက်အိပ်ပျော်နေပါသော ဆရီ့ကိုယ်ပေါ်သို့ စောင်ပါးလွှမ်းတင်ပေးလိုက်ပြီးမှ လည်ချောင်းတွေခြောက်နေဘာမို့ ရေသောက်ရန်ဆင်းလာခဲ့ရာ အောက်ထပ်တွင် မီးသင်းနေ၍ စိတ်ထဲဇဝေဇဝါ ဖြစ်သွားရပါသည်။

ဒီမီးကို သူကိုယ်တိုင်မှိတ်ပြီးမှ အိပ်ရာဝင်ခဲ့လို့ပဲဖြစ်ပါသည်။

ထို့ကြောင့် ရေသောက်နိုင်ရန် ထမင်းစားခန်းထဲသို့ ဝင်မသွားနိုင်သေးဘဲ ဧည့်ခန်းတစ်ဝိုက်ဝေ့ဝဲကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



စဥ်မှာ အိမ်ရှေ့တံခါးချပ်ကပွင့်နေ၍ သူ့မှာ တအံ့တသြ
ပင် ဆက်လာခဲ့ရာ ဒန်းပေါ်ထိုင်နေသော အရိပ်တစ်ခု
တွေ့လိုက်ရ၏။

"ဟင် . . . သမီး . . . မအိပ်သေးဘူးလား"

"ဟုတ် . . . မအိပ်ချင်သေးလို့ ဖေဖေ"

"ဘယ်အချိန်ရှိနေပြီလဲ၊ အိပ်တော့လေ၊ မနက်
လည်း အလုပ်သွားရဦးမှာ၊ ခုပဲ မနက်နှစ်နာရီခွဲနေပြီ"

ဟုသာဆိုလိုက်ရပေမယ့် သူကိုယ်၌ကလည်း
အိပ်မပျော်၍ ဆင်းခဲ့သည်ဖြစ်ပါသည်။

"ဖေဖေ"

"အင်း"

"သမီး ဖေဖေနဲ့စကားပြောချင်တယ်"

ဟု သမီးက တည်ငြိမ်စွာဆိုသဖြင့် သူက သမီး
ဘေးမှာ ဝင်ထိုင်လိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"ဟမ်"

●———မှုဝေသော———●



"သမီး အချို့အရာတွေကို မှတ်မိနေပါသေးတယ်
ဖေဖေ"

"ဟမ်"

"သမီးကို ဖေဖေခေါ်လာတယ်၊ ပြီးတော့ မြင်း
ကြီးကို ရောင်းပြီးလာခဲ့တယ်၊ ပြီးတော့ လိမ္မော်ခြံမှာ ခွေးသုံး
ကောင်နဲ့ဆော့တယ်"

"သမီး"

"သမီးက မကြာခင် လူကြီးလုပ်ရတော့မှာပါ
ဖေဖေ၊ ဖေဖေလို့ခေါ်ခဲ့ရတဲ့အတွက် ကျေးဇူးတင်ကြောင်းကို
ပြောချင်တာပါ။ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်
အဖေ့ကို သမီးတောင်းဆိုပါရစေ"

"အင်း"

"သမီးဘဝကို ဖေဖေပြောပြပါလား . . . ဟင်"

"သမီးရယ် ဖေဖေက . . ."

"ဘဝအမှန်ကိုပါ ဖေဖေ၊ သမီးလည်း သိခွင့်ရှိလိမ့်
မယ်လို့ ထင်ပါတယ်"

●———မှုဝေသော———●

www.burmeseclassic.com

www.burmeseclassic.com



သူ ဝမ်းနည်းသွားရပါသည်။

ဒီလောက်နှစ်တွေ အများကြီးကျော်လွန်တဲ့ထိ သမီးက သူ့ကို ဖေဖေဟုသာတဖွဖွခေါ်ခဲ့၍ အရာအားလုံးက မှတ်ဉာဏ်ထဲပျောက်ကွယ်ထားပြီဟု ယုံကြည်ထားခဲ့ သော်လည်း အကြီးကြီးကိန်းဝပ်နေခဲ့သော သမီးရဲ့ခံစား ချက်ကိုသိရတော့ သူ့ရင်ထဲဝမ်းနည်းရပါသည်။

သူကတော့ သမီးရင်းလေးလို သဘောထားပြီး ချစ်ခဲ့ရပေမယ့် သမီးကတော့ သူ့ကိုအဖေရင်းလို သဘော မထားခဲ့ပါလားဆိုတာ သူသိလိုက်ရတဲ့အတွက်ပါ။

"သမီးမှတ်မိပါတယ်။ စားဘားဆိုတဲ့ အသုံးအနှုန်း ရယ်၊ တောနက်ကြီးရယ်၊ မြစ်ပြင်ကျယ်ကြီးရယ်၊ ပြီးတော့ မြေကြီးထဲ မြှုပ်ထားခဲ့တဲ့ မိန်းမကြီးတစ်ယောက်ရယ်။ ဒါကြောင့်လား မသိဘူး။ သမီး ဆရာဝန်သိပ်ဖြစ်ချင်ခဲ့တယ်"

"သမီးရယ်"

"လူကြီးတစ်ယောက်အဖြစ် နေရတော့မယ့် သမီး က သမီးဘဝရဲ့ဖြစ်စဉ်ကို ရှင်းရှင်းသိချင်တယ် ဖေဖေ။ သမီး





ကို သိခွင့်ပေးပါ"

"သမီးရင်ထဲမှာ အဲဒါတွေကို အကျိတ်အခဲကြီး အစ်ရလို ခံစားနေရတာလား"

"သမီး အဝနဲ့ အနူဆိုပြီး ခေါ်ခဲ့ဖူးတယ်၊ အနူက မြေကြီးထဲမှာ အဲဒီအဝဆိုသူက ဘယ်ရောက်သွားသလဲ၊ သမီးကရော တကယ်ပဲ ကရင်လူမျိုးပဲလား။ သမီးဇာတိက ဘယ်ကလဲ။ သမီးက ဘယ်မျိုးရိုးကလာတာလဲ"

"သမီးဟာ ဖေဖေ့ရင်ထဲကဖြစ်တဲ့ ဖေဖေ့သမီးလို့ တွေးထားခဲ့တာ။ တကယ်တော့ သွေးဆိုတာ ညာလို့မရပါ လား။ နှစ်တွေ ဘယ်လောက်ကြာကြာ သွေးရင်းကိုပဲ တောင့်တကြတာပါလား"

"ဖေဖေတွေးသလို မဟုတ်ပါဘူး ဖေဖေ၊ သမီး ဖေဖေ့ကို ချစ်ပါတယ်။ ဒါကြောင့် ဖေဖေတို့ စီစဉ်တဲ့ ဒီ ဓလေ့ကို မငြင်းခဲ့တာပေါ့။ ဘာပဲဖြစ်ဖြစ် ကျေးဇူးဆပ်ခွင့်ရ ချင်တယ်"

"အသက်တွေလည်း ကြီးခဲ့ကြပါပြီ။ အချစ်၊ အနှိုင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဖေဖေ အဲလောက် လောဘမရှိတော့ပါဘူး။ ဒီလို ကျေးဇူးသိတတ်တယ်ဆိုရင် သမီးဘဝကလှပမှာပါ။ ဖေဖေ တို့ကလည်း သမီးကိုကောင်းစေချင်လို့ စီမံတာဖြစ်တဲ့ အတွက် ကြာလာရင် ဒီအိမ်ထောင်ရေးမှာ သမီးပျော်လာမှာ ပါ။ အတွေ့အကြုံရင့်တဲ့ ဖေဖေတို့က ပိုသိပါတယ်။ ဒါကြောင့် သမီးယုံယုံကြည်ကြည်နဲ့ ဂျက်ကိုလက်ထပ်ပါ။ သားသမီးကို မကောင်းတဲ့ဆီတွန်းပို့တဲ့မိဘ လောကမှာ မရှိပါဘူး။ သမီးရင်ထဲ ဘယ်လိုပဲ ဖေဖေ့ကိုတွေးစေဦးတော့ သမီးဟာ ဖေဖေက သမီးပါပဲ။ ဟုတ်လား"

"သမီး ဖေဖေ့ကို ဝမ်းနည်းစေအောင် ပြောတာ မဟုတ်ပါဘူး။ ဖေဖေခံစားရတယ်ဆို မပြောပါနဲ့တော့။ သမီး မသိချင်တော့ဘူး"

ဟု သမီးဖြစ်သူက ခေါင်းငုံ့ကာဆိုတော့ သူက သက်မကိုချကာ တစ်ခြမ်းသာလင်းနေသော လခြမ်းကွေး ကို မော့ကြည့်လိုက်ပြီး . . .

"နာကျင်စရာတွေများလွန်းတဲ့ လူတစ်ယောက်





ဘ တွေးတောဆင်ခြင်မဲ့စွာ ရှုးရှုးမိုက်မိုက်ဆုံးဖြတ်တတ် ကြတယ်။ ဂျက်ကို ဘာလို့ ဖေဖေလက်ခံခဲ့သလဲ သိလား သမီး။ အချစ်ကြောင့် မပျက်စီးစေချင်လို့ဘဲ၊ ဒီဝေဒနာကို ဖေဖေကိုယ်တိုင်ခံစားဖူးတော့ နားလည်တယ်။ ဒါကြောင့် ဘဲလားဆိုလည်း မကာသေးဘူး။ အကြောင်းပြချက်အများကြီး ရှိတယ်။ အဓိက,ကတော့ ငါ့သမီးလေးရဲ့ဘဝကို စိတ်ချချင် လို့ပါ"

ဟုဆိုပြီး အဝေးဆုံးကို မျှော်ကြည့်ကာ . . .

"လူတစ်ယောက်ဟာ အချစ်ကြောင့် ခံစားရတဲ့ ဝေဒနာကြောင့် မြင့်မားတဲ့အဌေးစွန်းကနေ ရေကြီးနေတဲ့ မြစ် ထဲ ခုန်ချဖူးတယ်။ သူက ရေမကူးတတ်တော့ အားလုံးက သေပြီလို့ ယူဆထားကြတယ်။ သူကိုယ်၌ကလည်း သေ ကြောင်းကြံခဲ့တာဆိုပေမယ့် သေမင်းက သူ့ကိုခေါ်မသွားခဲ့ ဘူး။

အဲ့ဒီမှာ ရေထဲမျှောလာတဲ့ သူ့ကို ဗမာစကား ကောင်းကောင်းမပြောတတ်တဲ့ ကချင်လင်မယားက ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တယ်။ အဲ့ဒီ ကချင်လင်မယားက ကလေးမရတာတွေ ပေမယ့် သူရောက်လာမှ ကိုယ်ဝန်ရလို့ပျော်ကြတယ်။ သေ ချင်နေတဲ့သူက သေဖို့စဉ်းစားတိုင်း သူ့ကြောင့်ပျော်နေတွေ သူနှစ်ယောက်ကြောင့် မအောင်မြင်ခဲ့ဘူး။ ဒါနဲ့ပဲ သူမုန်းတဲ့ လူ့နေပတ်ဝန်းကျင်ကို မပြန်တော့ဘဲ အဲ့ဒီတောထဲမှာပဲ ဇာတ်မြှုပ်နေလိုက်တာ ငါးနှစ်ကျော် ခြောက်နှစ်နီးပါးကြာခဲ့ တယ်။ ဒါပေမဲ့ လောကကြီးကို စိတ်ကုန်နေတဲ့ သူက စကား တစ်လုံးမှမပြောခဲ့ဘူး။ ဒါပေမဲ့ သူ့စိတ်တွေက ပျော့ပြောင်း ပြေလာခဲ့ပါပြီ။ သူ့နားမှာ အမြဲရှိနေတဲ့ ကလေးမကြောင့်ပေါ့။ သူရောက်လာမှ ကိုယ်ဝန်ရပြီး သူ့အနားမှာပဲမွေးပြီး စကား စပြောတတ်တဲ့ ကလေးကို သူချစ်ခင်လာခဲ့တယ်။ နောက် တော့ ကျေးရွာရှင် ကချင်လင်မယားရဲ့ တောင်းဆိုချက် ကြောင့် ကလေးကို စာသင်ပေးရင်း ကလေးနဲ့ပိုသံယောဇဉ် ဖြစ်လာခဲ့ရတယ်။ မိဘတွေနဲ့တောင် မအိပ်တော့ဘဲ သူ့နား မှာပဲ သူနဲ့အတူကွပ်ပျစ်လေးမှာ လာလာအိပ်တော့ သူ့သမီး လေးလိုပဲ ရင်ထဲခံစားလာရတယ်။ တစ်နေ့မှာ မုဆိုးဖြစ်တဲ့





ကချင်အမျိုးသားက ကိုင်းတောင်သွားရင်း ဝံတွဲခံခဲ့ရတယ်။ သူတာ မြင်မကောင်းလောက်အောင် ဒဏ်ရာတွေရနေခဲ့ တာမို့ မိန်းမနဲ့သမီးဖြစ်သူကို သူ့ပုံကို မမြင်စေချင်ဘူး။ အသက်တောင် ကောင်းကောင်းမရှူနိုင်တော့ပေမယ့် သမီး ကို စောင့်ရှောက်ဖို့တော့ မှာသွားနိုင်ခဲ့တယ်။ ဒါပေမဲ့ ကံဆိုး ပါတယ်။ သေသွားတဲ့ ကချင်မုဆိုးလေးကို မြေမြှုပ်ပြီး ပြန် လာတော့ အိမ်မှာကျန်ခဲ့တဲ့ ကချင်အမျိုးသမီးလည်း ဆုံးနှင့် ပြီ။ သူ့ရင်ထဲမှာ နာကျင်ခံစားခဲ့ရတယ်။ သမီးကို ပညာတတ် ဖြစ်စေချင်တဲ့ ကျေးရွာရှင်နှစ်ယောက်ရဲ့ ဆန္ဒကို ဖြည့်ပေး ချင်လို့ သူဟာ သူမုန်းတဲ့မြေကို ပြန်လည်အခြေချခဲ့တယ်"

ဟုဆိုပြီး သမီးကိုကြည့်ကာ . . .

"သမီးဆန္ဒကိုမမေးပဲ ဖေဖေလို့သာ ခေါ်စေခဲ့တဲ့ အတွက် တောင်းပန်ပါတယ်"

"မဟုတ်ပါဘူး။ ဖေဖေ။ သမီး အဲလိုသဘောမျိုးနဲ့ မေးတာ မဟုတ်ပါဘူး"

"ကဲ . . . ကဲ . . . စိတ်ကို သိပ်အပင်ပန်းမခံနဲ့ အိပ်



www.burmeseclassic.com

www.burmeseclassic.com



တော့နော်၊ ညည့်နက်နေပြီ ဟုတ်လား"

ဟုသာ သမီးရဲ့ပခုံးစွန်းကို ပုတ်ပြီး အိမ်ထဲဝင်ခဲ့ရပေမယ့် သူ့ရင်ထဲမှာလည်း နာကျင်နေရပါသည်၊

ဘာပဲဖြစ်ဖြစ် ခရုအိမ်ဆိုတာက သူကိုယ်တိုင် ခေါ်တွင်ခဲ့တဲ့ နာမည်လေးပဲလေ၊





"ညီမလေး မင်း တကယ်လက်ခံတော့မှာလား"

ဟု ကိုကိုက ရုတ်တရက်ကြီးမေးလာတော့ သူမမှာ ဘာပြော၍ ပြောရမှန်းမသိဖြစ်သွားရပါသည်၊

မျက်နှာမရှင်လန်းသော ကိုကို့ကို မရှင်မလန်းပင်ကြည့်ကာ . . .

"သူတို့ကကောင်းမယ်ထင်လို့ စီမံတာပဲ"

"မင်း ဦးနောက်မရှိဘူးလား ခရုအိမ်၊ မေမေနဲ့ ဖေဖေကတော့ ထားလိုက်ပါဦး၊ သူတို့နဲ့မကင်းရာ မကင်းကြောင်းပုဂ္ဂိုလ်မို့ လက်ခံလိုက်ရတာကို မင်းက ဘာအရေး



www.burmeseclassic.com

www.burmeseclassic.com



ထပြီးခေါင်းညိတ်ခဲ့ရတာလဲ . . . ဟမ်း"

"လက်မခံဘူး ပြောစရာအကြောင်းပြချက်ကရော ရှိလို့လား"

"မင်းက ကလေးလား။ ဆရာဝန်မပဲ ဖြစ်နေပြီ။ ကိုယ့်ဂုဏ်သိက္ခာကိုလည်း ကြည့်ဦး။ မင်းအရူးလား။ ဒီလို မလောက်လေးမလောက်စား ကလေးကို လက်ထပ်ပြီး မင်းက ကလေးထိန်းကျောင်းဖွင့်မလို့လား"

"ကိုကို တစ်ပါးသူကို မပုတ်ခတ်တတ်မှန်း ညီမ သိပါတယ်။ ရင်ထဲက ဆန္ဒမပါဘဲ နှုတ်ဖျားလေးတင် ပြောမနေပါနဲ့လား ကိုကို"

"ဘာ . . .!"

"မိန်းကလေးတစ်ယောက်အတွက်တော့ ကိုယ်ချစ်ထက် ကိုယ့်ကိုသိပ်ချစ်တဲ့လူကို ရွေးချယ်တာ ပိုသင့်တော်တယ်ထင်တယ်၊ မေမေ့ကိုတော့ ကိုကိုအလွတ်ရမှာပါ။ မေမေက ညီမကိုချစ်ပါတယ်။ လူကြီးဆိုတော့ သိမှာပေါ့။ ဂျက်ရဲ့အချစ်ကိုယုံလို့ မေမေလက်ခံခဲ့တာလို့ ညီမ ထင်





တယ်၊ မေမေ့အတွေ့အကြုံအရ မမှားနိုင်ဘူးလို့ ထင်တယ်၊ ညီမ မေမေ့ကိုယုံတယ်"

"ခရအိမ်"

ညီမလေးရဲ့စကားက ဘာမှစိတ်ဆိုးစရာမပါပေမဲ့ သူ့စိတ်ကိုသွားမိတာတော့ အမှန်ပါ။

သို့သော် ညီမဖြစ်သူရဲ့စကားကို အံတုပြောနိုင်စွမ်း သူ့မှာမရှိတော့ပါ။

ဆုံးဖြတ်ပြီးနေပြီဖြစ်သော ထိုမျက်ဝန်းများက နိုင်မာနေတာကြောင့် သူရင်နာရပါသည်။

ပြီးတော့ ဒီလောက်ပဲ စိတ်လျှော့ရသလားဆိုပြီး အပြစ်ပြောကာ ဆွဲယမ်းပစ်ချင်မိပါသော်လည်း သိပ်ချစ်ရသော ညီမကို သူ အဲဒီလိုလည်း မလုပ်ရက်ပြန်ပါ။

ထို့ကြောင့်ပင် ဒေါသတွေကို ထိန်းချုပ်ပြီး ညီမဖြစ်သူ၏မျက်နှာကို စူးစိုက်စွာကြည့်ကာ . . .

"ခရအိမ် . . . မင်း . . . ကိုကို့ကိုသေချာကြည့်စမ်း"

ဟု အမိန့်ဆန်ဆန်ပြောတော့ ငယ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သူ့အမိန့်ကိုဆို တစ်သဝေမတိမ်း လိုက်နာတတ်သော ခရှအိမ်က မော့ကြည့်လာခဲ့ပါသည်။

"မင်း . . . ဂျက်ကို ချစ်နိုင်ရဲ့လား"

"ကိုကိုဆိုရင်ရော မေမေနဲ့ဖေဖေ့ကို စိတ်ဆင်းရဲရ အောင်လုပ်နိုင်မှာလား"

"မေးတာကိုပဲ ဖြေပါ။ မင်း ဂျက်ကိုချစ်နိုင်ရဲ့လား"

"မချစ်နိုင်ဘူး ချစ်နိုင်တယ်ဆိုတာက ဘာလုပ်ဖို့ လဲ။ ချစ်တော့ရော ဘာလုပ်မလဲ။ မချစ်ဘူးဆိုရင်ရော ဘာ လုပ်မှာလဲ။ ဘဝတစ်ခုရဲ့ရပ်တည်မှုက အချစ်ကရော အဓိက ကျလို့လား"

"ကျတယ် . . . အဓိကကျတယ်။ မချစ်ရင် တစ်ဘဝတာလုံး ဘယ်လိုပျော်ရွှင်နိုင်မှာတဲ့လဲ"

"ချစ်ကြတော့ရော ပျော်ရွှင်ကြရဲ့လား"

"ဘာ"

"ဖေဖေနဲ့မေမေက သိပ်ချစ်ကြတယ်။ ချစ်ကြလို့ လည်း ခွဲနေခဲ့ကြတယ်။ ဒါပေမဲ့ စုပြန်ပေါင်းစည်းတယ်။





ဒါပေမဲ့ သူတို့ပျော်ကြလို့လား။ ကိုကို့ဖေဖေအရင်းကြောင့် နှမြိန်လို လွတ်လွတ်ကင်းကင်းပျော်နိုင်လို့လား"

"ခရှအိမ်"

"ကိုကို့ကိုလည်း စိတ်နာတယ်။ ဖေဖေ့ကို ဖေဖေ လို့သာခေါ်ပြီး တကယ့်အဖေရင်းလို တစ်ခါမှန္တေးနွေးထွေး ထွေး မဆက်ဆံခဲ့ဘူး။ မေမေ စိတ်မကောင်းမှာကိုတွေးလို့ တန်လုပ်ပြုံးနေတဲ့ ကိုကို့အပြုံးကို ညီမ သိတယ်။ ကိုကို့ ဖေဖေသေရတာ ဖေဖေ့ကြောင့်လို့ ကိုကိုတွေးတယ်"

"ခရှအိမ်"

"ဘာမှားလို့လဲ။ ညီမစကားက ဘာမှားနေလို့လဲ။ ကိုကိုနဲ့ ဖေဖေရဲ့ ဆက်ဆံရေးကိုကြည့်ပြီး ညီမ ရင်နာတယ်။ ကိုယ်ချစ်တဲ့လူတွေနဲ့ တစ်မိုးအောက်တည်းမှာရှိနေပြီး ညီမတို့ ဘာကြောင့် လွတ်လွတ်လပ်လပ်မပျော်နိုင်ကြရ တာလဲ . . . ဟမ်"

"ခရှအိမ် မင်းဘာဖြစ်နေတာလဲ"

"ရင်ထဲက ဆန္ဒတွေကိုတော့ ပြောဖြစ်အောင်ပြော



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်။ ဂျက်နဲ့လက်ထပ်ပြီးရင် ညီမက ဒီအိမ်သား လုံး မဟုတ်တော့ဘူးဆိုရင် ဘာမှပြောပိုင်ခွင့်ရှိတော့မှာ မဟုတ် ဘူး။ ဖေဖေက သနားဖို့ကောင်းတဲ့လူပါ။ ကိုကို ဘာကြောင့် ဖေဖေ့ကို အဖေရင်းတစ်ယောက်လို မဆက်ဆံရတာလဲ"

"မင်းကရော ဘာကြောင့် မင်းရင်ထဲကဆန္ဒတွေ ကို ဖုံးကွယ်ချင်ရတာလဲ။ ပေါက်ကွဲချင်ရင် တည့်တည့် ပေါက်ကွဲပါလား။ ဘာမဟုတ်တဲ့အကြောင်းအရာသေးသေး လေးကို ယောင်ဝါးချပြီး ဘာကြောင့် အတုလုပ်ပေါက်ကွဲနေ ရတာလဲ"

"အတု . . . ဟုတ်တယ် . . . အတု။ ညီမလေးဘာ က အတုပဲ။ အတုဖြစ်တာ ဆန်းလို့လား။ အစ်ကို အတု အမေ အတု။ ပြီးတော့ . . ."

"ပြီးတော့ ဘာဖြစ်လဲ"

"ပျော်ရွှင်မှုအတု"

ဟုသာ ပါးစပ်ထဲ တွေ့ကရာပြောလိုက်တော့ ကြယ်တံခွန်မှာ ခရုအိမ်ကို စူးစိုက်စွာကြည့်ပြီး . . .



"ထပ်ပြီးအတုမရချင်ရင် စစ်မှန်အောင်နေပေါ့"

ဟုသာ ပြောချပစ်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေ့စပ်ဖို့ရက်ကို သတ်မှတ်ပြီးကြချိန်မှာ
ဂျက်က အထူးပင်ပျော်ရွှင်ဝမ်းမြောက်နေခဲ့ပါသည်။
ထားကြပြီး တစ်နှစ်လောက်ကြာမှ လက်ထပ်ပေးကြဖို့
အစဉ်ရှိပါသော်လည်း ဖေ့စပ်ပြီးရင် တစ်ဝက်သေချာနေပြီ
ဂျက်လောက်ပျော်ရွှင်သူတောင် ဂျက်ထက် ပျော်
မဟုတ်ပါ။ အခုတော့ ဂျက်က ပါမစ်ရလူမို့ ခရအိမ်
အကန့်အသတ်မရှိ နေခွင့်ရသွားတော့ ကြယ်တံခွန်အတွင်
မျက်စိနောက်စရာဖြစ်လာခဲ့ရပါသည်။ ထိုကိစ္စနှင့်ပတ်သ
၍ ညီမဖြစ်သူကိုလည်း စိတ်ဆိုးဆိုးနှင့် ရှောင်နေမိရာ





ရက်မြောက်ခဲ့ပါသည်။

အမြဲတမ်း တစ်ရက်မခွဲရှိခဲ့ကြတဲ့လူတွေမို့ စုလို ခြင်တွေ့ရဘဲ တမင်ဟန်ဆောင်ရှောင်ဖယ်နေရသည်ကို သူ့ရင်ထဲမှာလည်း ပင်ပန်းလှပေမယ့် သူ့ရဲ့မကျေနပ်မှုကို တော့ သက်သေပြသင့်သည်ဟု ယူဆမိပါသည်။

သို့သော် ခြောက်ရက်မြောက်သောနေ့တွင်မူ . . .

"ဒေါက် . . . ဒေါက်"

ဒီအချိန် တံခါးလာခေါက်တာမှာ ညီမလေးမှန်း ရိပ် မိပါသော်လည်း . . .

"ဘယ်သူလဲ"

"ညီမပါ"

"ဘာကိစ္စလဲ"

"ကိုကိုနဲ့စကားပြောချင်လို့ပါ။ ဝင်လာမယ်နော်"

ဟုဆိုတော့ သူ့မှာ မျက်နှာထားကို တမင်တည် ထ်လိုက်ရပါ၏။

ထို့ကြောင့်ပင် မရှိသောအလုပ်ကို ရှာ‌ချင်ညီပြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်ကြံနိုက် သူ့အနားရောက်လာသော အရိပ်က . . .

"ကိုကို . . . စုတလော ဘာကြောင့် ညီမကို လာ

မကြိုရတာလဲ"

"ကြိုမယ့်လူရော ပို့မယ့်လူပါ အဆင်သင့်နေတာ

ကို ငါက ဘာလုပ်ရမှာလဲ"

"ဘာပဲဖြစ်ဖြစ် အတူနေကြတဲ့အချိန်တွေမှာတော့

မှတ်မှတ်ရရလေး ပျော်ရွှင်ချင်ခဲ့တာပါ"

"အတူနေကြတဲ့အချိန် . . . ဟုတ်လား"

"စေ့စပ်ပြီးရင် ဂျက်က ဩစတြေးလျသွားလိမ့်

မယ်။ ပညာသင်"

"အဲတော့ . . ."

"ညီမလည်း ဂျက်နဲ့အတူ ပညာဆက်သင်ဖို့ လိုက်

သွားရလိမ့်မယ်"

"ဘာ"

"နောက်ထပ် နှစ်လပဲ အချိန်ရှိတော့မယ်။

လာမယ့် တနင်္လာနေ့ပဲ စေ့စပ်ပွဲဖြစ်ဖို့ ဒိတ်ရလာပြီ"





"ဘာ"

"ကိုကိုမသိလိုက်မှာစိုးလို့ပါ"

"ဘာဖြစ်လို့ အဲဒီလောက်ကြီး မြန်ရတာလဲ။ ဘာ

ဖြစ်လို့လဲ"

"တစ်နေ့ဖြစ်လာမှာပဲ။ ရင်တမမနဲ့ စိတ်မသက်

မသာ စောင့်ဆိုင်းနေရမှာထက်စာရင် မြန်လေ ကောင်းလေ

ပေါ့"

ဟု ညီမလေးက ပြောလာချိန်မှာတော့ သူ့ရင်

တစ်ခုလုံး ဆုပ်ပွသွားရပါသည်။

ရှတ်တရက်ကြီး သူပိုင်ပစ္စည်းကို ကြမ်းကြမ်းတမ်း

တမ်းပင် လုယက်ခံလိုက်ရသလို ခံစားရပါ၏။ သိပ်ချစ်ရပြီး

အရိပ်တကြည့်ကြည့်စောင့်ရှောက်လာခဲ့တဲ့ ညီမလေးဟာ

သူများပိုင်ဆိုင်တော့မှာပါလားဆိုတဲ့ အသိက သူ့တစ်ကိုယ်

လုံးကို မီးလောင်တိုက်သွင်းလိုက်သည့်အလား ပူလောင်စွာ

ခံစားရပါသည်။

တစ်နေ့ဖြစ်လာမှာပဲဟုတောင် တွေးမထားခဲ့မိ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကိစ္စက ဘွားခနဲ ရုလိုမြန်မြန်ကြီးဖြစ်လာခဲ့တော့ သူတို့ရင်ထဲမှာ ဆန္ဒဆိုတာက ဘာရယ်လို့ ရေရေရာရာရှိ မနေ၍ သူ ဘာလုပ်ရမလဲဆိုတာ သေသေချာချာ မသိပါ သော်လည်း ညီမလေးကို သူများပိုင်ပစ္စည်းမဖြစ်သွားစေလို သည့်သဘောကတော့ သူ့ရင်တစ်ခုလုံး ပြည့်နှက်နေခဲ့ပါ သည်။

ဘောင်ဘင်ခတ်နေသည့် စိတ်တို့ကြောင့် သူ ဘာမှမပြောနိုင်လောက်အောင်ပင် ဆွံ့အတိတ်ဆိတ်နေပြီး ဖမ်းကိုင်ထားမိသည့် စားပွဲစွန်းကိုသာ ဖျစ်ညှစ်နေမိပါတော့ သည်။





"ချက်"

သူတို့အဖွဲ့မှာ မကြာခင် မအို့တအိုဖြစ်လာတော့ မည့် သူတို့၏ သူငယ်ချင်းကြီးချက်ကို အကျယ်ကြီး အော် တာ ထောပနာပြုလိုက်ကြ၏။

သည်တွင် ပီတိတွေအုံခဲနေသော ချက်ရဲ့မျက်နှာ ကြီးမှာ ထိုသို့အော်ခေါ်လိုက်သောလေသံ သဘောကျကျ နှင့်ပင် ပြုံးဖြီးကြီးလုပ်ကာ ခုံတစ်လုံးဆွဲပြီး ထိုင်လိုက်ပါ သည်။

"သိပ်ပျော်နေတယ်ပေါ့လေ . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် လမ်းလျှောက်လာတဲ့အခါ သေချာ မကြည့်လိုက်ကြဘူးလား။ ခြေထောက်နဲ့မြေကြီးက တစ်ထေး လောက်ကွာနေတယ်လေ"

"ပိုင်တယ်ကွာ။ ငါတို့ ဂျက်ကတော့ အပိုင်ကို နိုင် လိုက်တာပဲ"

"နည်းလမ်းလေးရှိရင် ချီးမြှင့်ပါဦးကွ"

"နည်းလမ်း . . . ဟုတ်လား"

"ဆော်တိုင်းကြွေအောင် ဘာဆေးဆောင်ထား လဲ"

"မင်းတို့ထင်လို့ပါကွာ။ ဒီတစ်ကြိမ်က ငါစွမ်းလို့ မဟုတ်ဘူး။ ငါ့မာမီစွမ်းလို့ကွ"

"မင်းမာမီ"

"မ,ရဲ့ မိဘတွေနဲ့ မာမီက ငယ်ကျွမ်းတွေလေ"

"ငယ်ကျွမ်း မဆွေဘူးလား"

"ဆွေရင်လည်း ဆွေမှာပေါ့ကွာ။ ငါမှမသိတာ။ ပုံပြင်ထဲက မင်းသားနဲ့ မင်းသမီးလိုတွေ့ ခွင့်ရသွားတာပေါ့



ကွာ။ မထင်မှတ်ထားတာက ငါရော ဒီဇာတ်ထဲဝင်ခွင့်ရလိမ့် မယ်ဆိုတာပဲ"

"ဘာတွေလဲကွာ"

"ဒါတွေထားပါဦး။ ဒီလောက်ပေတေအောင်မြှူးနေ တဲ့ မင်းက ငါတို့ခွင်ထဲ အချိန်ပေးပြီး ဝင်လာတာက ကိစ္စနဲ့ လား"

"မင်း သိပ်ခေါင်းကောင်းပါလား ရဲဖော်။ ဟုတ် တယ်။ ငါမင်းတို့ကို ဧည့်စပ်ပွဲလာဖိတ်တာ"

"သွက်လှချည်လား"

"လာမည့်တနင်္လာနေ့ပဲ"

"ဟဲ . . . ရဲဖော် မင်းရှုံးပြီ"

ဟု အားလုံးမှာ တစ်ညီတညွတ်တည်း ပြောကြ လျှင် နိုင်တူးက . . .

"ငါက တစ်ဝက်ပဲ အခွင့်ရေးယူမှာပါ။ ငါ ရည်းစား ရှိတဲ့ဘက်က လောင်းဖူးတော့ နိုင်တယ်လို့လည်း ပြောလို့ မရ၊ ရှုံးတယ်လို့လည်း ပြောရခက်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ကြိမ်တော့ နိုင်းခကာ အပြတ်အသတ် ဗိုလ်စွဲသွားတာပဲ"

"သုံးလလောင်းကြေးက တစ်လကျော်လေး ဖြတ်သွားလိမ့်မယ်လို့ မထင်ဘူးကွာ"

"ဒါပေမဲ့ ကန့်သတ်ချက်က သုံးလပါကွာ၊ အချိန်တိုင်း ဘဝတွေဟာ ပြောင်းလဲနေကြပါတယ်"

"အကောင်ကြီး မြင်နေရတာတောင်၊ အရိပ်တို့ကြည့်ပြီး ဘာကောင်လဲလို့ ခန့်မှန်းချင်သေးတဲ့ အရှးတတော့ ကမ္ဘာမှာ သာအေးတစ်ယောက်တည်း ရှိမယ်ထင်နေတာ၊ အခု အငွန်းပါ တိုးသွားပါလား။ ကျွတ် . . . ကျွတ်၊ စိတ်မကောင်းစရာပဲ"

"ဟော့ကောင် . . . ဂျက်။ မင်းသတို့သမီးနဲ့လည်း ငါတို့ကို အကြိုမိတ်ဆက်ပွဲလုပ်ဦးလေကွာ"

"အေးကွာ . . . စေ့စပ်ပွဲမှသိရတာတော့ အခင်ဆုံး သူငယ်ချင်းတွေအနေနဲ့ အောက်ပါတယ်"

"မရှက်တမ်းပြောရရင်တော့ ငါက မ,ကို မပိုင်ဘူး





ဘွ၊ အဟဲ . . . လန့်ရတယ်ပေါ့ကွာ"

"အချစ်နဲ့တွေ့တော့ အမြဲလက်မထောင်နေတဲ့ ဂျက်တောင် အမြီးလေးကုပ်လို့ပါလား"

"ဒီလိုလုပ်ပါလား။ မနက်ဖြန် ငါတို့စေ့စပ်ပွဲ ဝတ်စုံသွားယူဖို့ရှိတယ်၊ ( – ) မှာလေ၊ မထင်မှတ်ဘဲ တွေ့ကြတဲ့ ပုံနဲ့ ဆုံကြရင်ရော"

ဟု ဂျက်က အားတက်သရောပြောလိုက်ရာ အသီးသီးခါးယမ်းသွားကြတဲ့ ထိုခေါင်းငါးလုံးက ဂျက်ကို စိတ်ပျက်စွာကြည့်ပြီး . . .

"သိပ်ကိုဦးကျိုးသွားပါလား"

"ငါတို့ရဲ့ဆရာကြီးကိုတောင် ကိုင်ထားမှတော့ ငါတို့တွေက မတွေ့ရဲလောက်အောင်ပါပဲ"

"အစက ငါ ဂျက်ကို အဲလောက်ထိ လိမ္မာလိမ့်မယ်လို့ မထင်ထားဘူး"

"နည်းနည်းအသုံးအနှုန်းကြမ်းသွားရင်တောင် ဖိုးချောင်း စိတ်မဝင်စားဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



"ငါတွေ့ဖူးသမျှ လူတွေထဲမှာတော့ ဂျက်ဟာ အပြောင်းအလဲအမြန်ဆုံးပဲ"

ဟု သူငယ်ချင်းတွေက တစ်ယောက်တစ်မျိုး မရှိုး ရလေအောင် အမျိုးမျိုးထောပနာပြုကြပါလျှင် သူက ရှက်ရမ်းရမ်းပြီး စိတ်မဆိုးသေးတဲ့အပြင် ပြုံးဖြီးကြီးလုပ်ကာ သူ့အနီးအနားရှိ နိုင်းခရဲ့ ပခုံးကို ဆွဲဖက်ပစ်လိုက်ပါသေးသည်။

"အချစ် . . . အချစ် . . . တယ်လည်းကြောက်စရာကောင်းတဲ့ စိတ္တဇနာမ်ကြီးပါလား"

"ကဲ . . . မင်းတို့နဲ့အချိန်ဖြုန်းဖို့ ငါ့မှာအချိန်မရှိဘူး။ ငါသွားတော့မယ်"

"နှံပူအောင်လေးတော့ ထိုင်ပါဦးကွာ"

"ဇော်ပိုင်ဆိုထားတယ် မဟုတ်လား။ ချစ်သူ့အမိန့်ဆိုတာလေ။ ဒီလောက်အာဏာပြင်းနေတာ ငါမပြေးလို့ဖြစ်ပါ့မလား"

"နေပါဦးကွာ"

"ကျွတ် . . . မင်းတို့တွေတော့ ငါ့ကိုကြပ်ပြီ"



ဟု ပြောကာ သူ့ဘောင်းဘီကို ဆွဲထားသော တူးလာရဲ့ လက်ကိုရည်ညွှန်းပြီး ပြောလိုက်ခြင်းဖြစ်ပါသည်။

"ဂျူတီပြီးတော့မှာ သတ်မှတ်ချိန်တွင်း ငါရောက်မှဖြစ်လိမ့်မယ်။ နို့မဟုတ်ရင် အလုအယက်ယူထားရတဲ့ ကြိုပို့လေးတောင် ပိုင်ဆိုင်ခွင့်ရှုံးနေမယ်။ ကဲ . . . ပေါက်တယ်နော်"

ဟုဆိုကာ တူးလာရဲ့လက်ကိုဆွဲဖယ်ပြီး သွားလိုက်လျှင် . . .

"တကယ်ကို မယုံနိုင်စရာဘဲ"

"သူ့မမက တကယ်စွမ်းတာပဲ"

"ဒီကောင် တကယ်ကြီးကိုခံစားနေတာနော်။ ပုံကိုကြည့်ပါလား။ ဘာမှမတူတော့ဘူး"

"သူ့မမခါချခဲ့တဲ့နေ့ကဆို မှူးရှူးသောင်းကျန်းနေလိုက်တာ ငါးရက်တောင်မှ"

"အေးကွာ . . . အဲ့ဒီချိန်က ငါဒီကောင်သွားပြီထင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပျက်သဘောက မြန်တယ်နော်"

"တရားသဘောပြောရင်တော့ သတ္တဝါတစ်ခု တစ်ခုပေါ့ကွာ"

"ဘာဆိုင်လို့လဲ"

"သိဘူးလေကွာ။ ဆိုင်တယ်မှတ်လို့"

"ဘာပဲဖြစ်ဖြစ် ကြည့်ရတာတော့ စိတ်ဝင်စားစရာပဲကွ။ ပွဲက တော်တော်လှတယ်၊ ထူးဆန်းတယ်။ မိဘတွေတောင် ဝင်ညှိနေရတယ်လေ"

"သူ့မမက သူ့အပေါ်ရော ကြွေရဲ့လားကွာ"

"အင်း . . . အဲဒီကိစ္စက စိတ်ဝင်စားစရာပဲ။ ဂျက်ပြောပုံအရဆို တော်တော်ကြီးကျယ်ပုံရတယ်။ ခုလို မြန်မြန်ကြီးပွဲပြီးနေတာက သဘာဝမကျသလိုဘဲ"

"ငါလည်း အဲ့လိုထင်တယ်"

"တွေ့ကြည့်ရအောင်လေ။ ဂျက်ပြောသွားသလို အမှတ်တမဲ့ပေါ့။ ခန့်မှန်းကြည့်ကြရအောင်"

"သူ့စိတ်ကို ဘယ်လိုသိမှာလဲ"





"မျက်ဝန်းဆိုတဲ့ ပြတင်းနှစ်ခုရှိတယ်လေ။ မျက်လုံးပါရဂူ ရဲဖော်ကို အသုံးချရမှာပေါ့။ ဒီကောင်က အကြည့်ကို အကဲခတ်တဲ့နေရာမှာ ပါရဂူရှုံးတာပဲ"

"ဘာပဲဖြစ်ဖြစ် ငါတို့ဂျက်တော့ စောစောစီးစီးအိုဦးမှာပဲ"

ဟု ဂျက်ကို သိပ်တွယ်တာသော နိုင်းခက ပြောလျှင် အားလုံးမှာထောက်ခံသလို ပြုံးစိစိလုပ်လိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲဖြူရောင် ပိုးသားဝမ်းဆက်လေးကို ဝတ်ဆ
ကြည့်နေသော မမကို သူ ငေးကြည့်နေရသည်မှာ သူ့အ
တွင် အကောင်းဆုံးသောအချိန့်ပါလားဟုပင် ရင်ထဲမှ ချ
ဆွဲလိုက်မိပါသည်။

ထိုဝတ်စုံကို ဝတ်ကြည့်နေခဲ့သော သူမရဲ့မျက်
က သိပ်ရှင်ပြုံမှုမရှိပေမဲ့ သူကျေနပ်ပါသည်။

ဒီလိုမှန်ကုတ်နေတာ သူ့အချစ်တွေကို မ.ရဲ့နလုံ
သားက မသိသေးလို့ပါ။

ရည်းစားများသော သူက မိန်းမတွေရဲ့ စိတ်



ကောင်းကောင်းသိနေပါသည်။ သာယာမှုကိုသာ အစွမ်း
ကုန်ပေးလိုက်ပါလျှင်၊ စိတ်ကူးယဉ်မကြည့်ဖူးတဲ့ အချစ်မျိုး
နှင့် နူးညံ့စွာ အစွမ်းကုန်ချစ်ပြပါလျှင် မ. နလုံးသားကလည်း
တျောက်ဆိုင်၊ ကျောက်တုံးလားဟု ရင်ထဲမှာ မိမိကိုယ်မိမိ
အကြိမ်ကြိမ်အားပေးနေမိပါသည်။

ပြီးတော့ သူ့အပေါ်သက်ဝင်မှုမရှိတဲ့ မ.ရဲ့မျက်ဝန်း
တွေကို သူငယ်ချင်းတွေ ရိပ်မိသွားမှာ စိုးရိမ်လှပါသည်။

အသည်းခြွေ လှုရမ်းကားလေးက ဘုရင်မရဲ့ခြေ
ရင်းမှာ ပိပိရိရိ ဝပ်စင်းနေခဲ့ရသည်ကို သူငယ်ချင်းတွေက
တွယ်ရာမှာ လှောင်ရယ်မှာကိုလည်း သူစိုးရိမ်ရိမ်မိပါသည်။

မ.ရဲ့အချစ်ကို ရပြီးချိန်မှ သူငယ်ချင်းတွေနဲ့ မကို
မိတ်ဆက်ပေးချင်ပေမယ့် သူနလုံးသားကို အပိုင်နှတ်ယူ
သွားတဲ့ လှဖုရားလေးမို့ အားလုံးရှေ့သို့ ကြွားချင်လှပါသည်။

ထို့ကြောင့်ပင် မနေနိုင် မထိုင်နိုင်ကြွားလုံးတွေ
ပေးထားခဲ့ပြီးမှ ခုချိန် သူငယ်ချင်းတွေများရောက်လာခဲ့ပါ
လျှင်ဆိုပြီးမှတော့ စိုးရိမ်မိသားပင်။ သူစိုးရိမ်နေမိသည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပင် ထိုဆိုင်ထဲက ထွက်ထွက်ချင်းမှာပဲ သောင်းကျန်းသောထိုအဖွဲ့နှင့် ပက်ပင်းတိုး၍ ခေါင်းမွေးများထောင်သွားရျင်ပါသည်။

သူငယ်ချင်းတွေကတော့ သူမှာကြားထားသည့်တိုင်းပင် တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ပုံမျိုးနှင့် တအံ့တဩဖြစ်ဟန်ဆောင်ကာ နှုတ်ဆက်နေ၍ သူကလည်း ဟန်မပျက်ပင် . . .

"မင်းတို့ ဒီကိုဘာကိစ္စလဲ"

ဟု သိသိချည်းနှင့် ဟန်လုပ်ကာမေးလိုက်ရသည်။

"တွေ့ရတာ ဝမ်းသာစရာကြီးပဲ။ ဖိတ်စာရတယ်။ မိတ်ဆက်ပေးဦးလေ"

ဟု သူမကြားသာအောင် ရဲဇော်က ပြောလိုက်လျှင် သူက မ,ကို အားနာပါးနာလေးကြည့်ကာ . . .

"မ, ဒါ ကျွန်တော့်သူငယ်ချင်းတွေပါ။ သူက ရဲဇော်၊ သူက တူးလာ၊ သူက အငွန်း၊ သူက နိုင်းခ၊ သူက နိုင်ဝင်း"





"ဟုတ်ကဲ့ . . . သိရတာ ဝမ်းသာပါတယ်"

ဟုဆိုကာ အငွန်းက လက်ကမ်းပေးလိုက်ပေမယ့် သူတို့တွေကို နှစ်လိုဟန်မရှိတဲ့ သူမက ဟန်ဆောင် ပန်ဆောင်လေးပင် လက်ကမ်းမပေးလာပါဘဲ စူးစူးကြီးသာ စိုက်ကြည့်နေခဲ့ပါသည်။

ထိုအကြည့်ထဲမှာ အထင်သေးစိတ်ပျက်ခြင်းတွေက ဖုံးမနိုင် ဖိမရ နှော၍ပါဝင်နေတာကြောင့် သူမအပေါ် အချစ်မရှိနှင့်ထားသော ထိုငါးယောက်မှာ တင်းသွားကြတာတော့ အမှန်ပါ။ ထိုအချိန်တွင် သူတို့ဘေး ကားတစ်စီးက ထိုးဆိုက်လာခဲ့ပြီး ခန့်ညားသော လူတစ်ယောက်က ကားပေါ်မှ ဆင်းလာကာ . . .

"ညီမလေး"

ဟု မနှစ်မြို့သံတွေ နှော့ယှက်နေသော အသံက ထွက်ပေါ်လာတော့မှ သူမက ကယ်တင်ရှင် တွေ့သွားပုံနှင့် အငွမ်းကုန် ပြုံးလာရပါတော့သည်။

"ညီမလေး ဒီကိုလာတယ်ဆိုလို့ လိုက်လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ကိုကိုတို့ ညစာအတူစားရအောင်လား"

ဟု ညီမဖြစ်သူ၏ခင်ပွန်းလောင်း ဂျက်ကို လုံးဝ ဂရုမစိုက်ဘဲ ညီမဖြစ်သူကိုသာ ပြောလိုက်တော့ ဂျက်ရင်ထဲ တစ်မျိုးတစ်မည်ဖြစ်သွားရပါသည်။

"အင်း . . . စားတာပေါ့။ ညီမလည်း ညစာမစားရ သေးဘူး။ ဂျက် . . . တို့ ကိုကိုနဲ့ပဲ ပြန်လိုက်တော့မယ် . . . ဟုတ်လား"

ဟုသာ အသိပေးရုံသက်သက် ပြောသွားကာ ထို ပုဂ္ဂိုလ်နောက် ကောက်ကောက်ပါအောင် လိုက်သွားသော ဖနီးလောင်းရဲ့ သူ့ကို ဂရုမစိုက်သည့် အပြုအမူကြောင့် သူငယ်ချင်းတွေရှေ့မှာ ရှက်မိတာ အမှန်ပါ။

"ဘယ်လိုကြီးလဲ ဂျက်"

ဟုပင် တူးလာက မအောင့်နိုင် မအီးနိုင်ပင် ထိုကား လေးမထွက်ခွာရသေးမီမေးလာ၍ ဂျက်မှာ ဖြေစရာ စကား က အဆင်သင့်ရှိမနေပါ။

"ခံစားရတယ်ကွာ။ ဒီလက်က ကမ်းပေးလိုက်

ရှုမဝ



တိုင်း ဆွဲမည့်လူက အဆင်သင့်ရှိခဲ့တာ၊ ငါ့ကို ဒေါက်ဖြုတ် မည့်လူက ဂျက်ရဲ့ခ်ိန်းကလေး ဖြစ်လိမ့်မယ်လို့ ထင်မထား ခဲ့တာအမှန်ပဲ"

"အဲ့ဒါက ဘယ်သူရဲ့ . . . သူ့အစ်ကိုလား"

"အစ်ကိုလည်း အစ်ကိုပေါ့ကွာ။ ပိုင်စိုးပိုင်နင်း လုပ်လွန်းအားကြီးပါတယ်"

"သမီးယောက်ဖချင်းပဲ နှုတ်ဆက်စကားတော့ ပြောသင့်တာပေါ့။ ဘာကောင်မို့လဲ"

"ဂျက် သိပ်ကြွေနေလို့ပေါ့။ ဂျက်နဲ့ ပတ်သက်နေ လို့လည်း ခံလိုက်တာ။ နို့မဟုတ်လို့ကတော့ ဆွဲဖြုပြီးပြီ"

"လွန်ပါတယ်ကွာ"

"အရမ်းအောက်တယ်။ ဘာအမျိုးတွေလဲ သူတို့ လုပ်ပုံက ငါတို့တွေက လမ်းဘေးက ခွေးဝဲစားအဆင့်မှာ ရောက်နေပြီ"

"မင်းရဲ့စိတ်နဲ့ဆိုပွဲကပြီးပြီ ဂျက်။ မင်း ဘာဖြစ်နေ တာလဲ၊ ဘာလို့ အဲဒီလောက်သည်းခံနေရတာလဲ"

ရှုမဝ

www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ မိန်းတွေပေါလွန်းလို့ပါကွာ။ ဘာပုံမှာ မပေါက်ဘူး"

ဟု နိုင်းခက နဂိုကတည်း ရှက်ရှက်နှင့် ဒေါသဖြစ်နေရသော ဂျက်ရဲ့ဒေါသကို ဆွလိုက်သလို ဖြစ်သွားရကာ ခေါင်းငုံ့နေသော ဂျက်ရဲ့ခေါင်းမှာ ဆတ်ခနဲ မော့လာပြီး ရုတ်တရက်ဆိုသလို နိုင်းခကို ဆွဲထိုးပစ်ပါတော့၏။ လုံးဝ ထင်မှတ်မထားတဲ့ ဖြစ်ရပ်မို့ အားလုံးမှာမှင်တက်မိနေကြစဉ် . . .

"မ.ကို တခြားမိန်းကလေးတွေနဲ့ နှိုင်းယှဉ်မပြနဲ့"

ဟုသာ စိမ်းစိမ်းကြီးပြောကာ ရှာခနဲ လှည့်ထွက်သွားသောကြောင့် အားလုံးမှာ ဂျက်ရဲ့ကျောပြင်ကို မမြင်ဘူးသူများနယ် ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြပါသည်။

မြင်ကွင်းမှ တဖြည်းဖြည်းချင်း ဂျက်ပျောက်ကွယ်သွားတော့မှ . . .

"ဘာဖြစ်သွားတာလဲ"

"အံ့သြစရာကောင်းတယ်"

"ဂျက် တကယ်ပဲ ပြောင်းလဲသွားပါလား"





"မိန်းမတစ်ယောက်ကြောင့် ငါတို့ကြား ပြဿနာတက်လိမ့်မယ်လို့ တစ်ခါမှ တွေးမကြည့်ဖူးဘူး"

ဟုဆိုကာ လဲကျနေသော နိုင်းခကို ဆွဲထူလိုက်ကြပြီး . . .

"ဂျက် အရမ်းကြွေနေတာကို သိသိချည်းနဲ့ မင်းက ဒီလိုပြောတော့ ပေါက်ကွဲချင်ချင် ဒေါသက မင်းဆီစုပြုံသွားတာပေါ့"

"ငါ့စကားက ဘာမှားလို့လဲ"

"ဂျက်ကို မင်း စိတ်မတိုနဲ့ နိုင်းခ။ တကယ်တော့ ဂျက်က မင်းကို စိတ်တိုတာ မဟုတ်ဘူး။ အားမလိုအားမရဖြစ်ပြီး ပေါက်ကွဲနေတာ"

"ငါတို့ရှေ့မှာ ဒေါက်ပြုတ်သွားတော့ ရှက်ရင်လည်း ရှက်မှာပေါ့"

"ငါတော့ ရင်လေးတယ်"

"ဂျက် အရမ်းကိုကြွေနေပြီနော်"

"သေချာတာပြောရရင် သူမမျက်လုံးတွေက



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းလောက်အောင် ဂျက်အပေါ် ငြိမ်သက်နေတယ်"

"ငါတော့မမေ့ဘူး ငါတို့ကိုကြည့်နေတဲ့ အဲ့ဒီမျက်လုံးတွေထဲက အဓိပ္ပာယ်ကို တစ်သက် မမေ့နိုင်ဘူး"

"ခွင့်လွှတ်လိုက်ပါကွာ။ သူက ငါတို့ရဲ့ ချစ်သူငယ်ချင်းကြီး သိပ်ကြွေတဲ့မိန်းမပဲ"

"အသည်းနာတယ်ကွာ။ ဘရက်ဂီတို့၊ အေးကြည်သာတို့က သူထက်အများကြီးသာတာပဲ"

"မတူဘူးလေကွာ။ ဘရက်ဂီတို့က မျက်နှာမှာကာလာတွေများတယ်။ အဲဒါ အဲဒီဆရာဝန်မနဲ့ အဓိက ကွာခြားချက်ကြီးပဲ"

"ကိုယ်မချစ်နိုင်တဲ့ လူရဲ့ ရင်ခွင်ကြား ခိုလှုံမယ့် မိန်းမရဲ့သတ္တိကိုတော့ ချီးကျူးတယ်"

"ကိုယ့်ကိုမချစ်တဲ့ မိန်းမကိုမှ ရင်ခွင်ထဲပိုက်ထားမယ့် ဂျက်ရဲ့သတ္တိကိုပါ ချီးမကျူးသင့်ဘူးလား"

"စိတ်ဝင်စားစရာပဲ။ ကဲ . . . ငါတို့ ထပ်လောင်းကြ





ရင် မကောင်းဘူးလား"

"ဘယ်လိုလဲ"

"ဂျက်ကို သူ မချစ်လာမယ်. မချစ်လာဘူး"

"ငါကတော့ ချစ်လာမယ့်ဘက်ကပဲ။ ဂျက်ကခေသူမှမဟုတ်တာ။ နာမည်ပြောင်ကတောင် အသည်းစားဘုရင်လေ"

"ငါလည်း ချစ်နိုင်မယ့်ဘက်ကပဲ"

"ဟုတ်ပြီ။ နိုင်းခန့် တူးလာက ဘက်ရသွားပြီ"

"ငါကတော့ မချစ်နိုင်ဘူး"

ဟု ရဲဇော်က ပြောလျှင် . . .

"ငါလည်း ရဲဇော်ဘက်ကပဲလောင်းတယ်"

ဟု နိုင်တူးကပြောလျှင် တစ်ချိန်လုံး ငြိမ်နေတာအငွန်းက . . .

"ငါတော့ ထုံးစံအတိုင်း ဘာမှမဟုတ်ဘူး"

"ဘာလဲကွ"

"ဘာမှမဟုတ်ပါဘူးလို့ဘဲ သိထားလိုက်ပါကွာ။



www.burmeseclassic.com

www.burmeseclassic.com



ရှုံးရှုံးနိုင်နိုင် ငါ့လောင်းကြေးအတွက် ငါတာဝန်ယူတယ်"

"လောင်းကြေးကရော"

"ငါးသိန်းကြေး"

"အပျော်ပဲ၊ နိုင်ရင်တော့ ခုနစ်သိန်းခွဲက သေချာပြီ"

"ငါနိုင်သွားရင်တော့ သိန်းနှစ်ဆယ်ပေါ့ကွာ"

ဟု အငွန်းကပြောလျှင် အားလုံးမှာ ပြုံးလိုက်ကြပါသည်၊ အငွန်း သေချာပေါက်ရှုံးမှာပဲဆိုသည့်သဘောပေါ့။



"မ"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်ရာ သူမရဲ့သတို့သားလောင်း ဂျက်ကို စိတ်ပျက်စွာတွေ့လိုက်ရပါသည်၊ စကားမရှိ စကားရှာပြောလာတော့မည်ကိုသိ၍ တမင်ပင် ဆေးမှတ်တမ်းတွေကြား အလုပ်ရှုပ်ပြနေခဲ့ပေမယ့် သူမရဲ့ ရှေ့တည့်တည့်တွင်ရပ်ကာ . . .

"မနက်ဖြန်ဆို ကျွန်တော်နဲ့ မ.က တရားဝင် သက်ဆိုင်သွားကြတော့မှာ"

"မင်းစကားကို ဆင်ခြင်ပြီးပြောပါ ဂျက်၊ အဲ တို့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှာနော်။ မင်းရဲ့ ဘာမဟုတ်တဲ့စကားကြောင့် တို့ သိက္ခာထိခိုက်တယ်"

ဟုသာ ခပ်တည်တည်နှင့် ပြောလိုက်တာဖြစ်သော မယ့် ဂျက်က မျက်နှာရှုံ့လုပ်ကာ ဘေးဘီဝဲယာကို ကြည့်လိုက်ပြီး . . .

"ဘယ်သူမှမရှိပါဘူး"

"တို့အလုပ်များနေတယ် ဂျက်"

"ပြီးတဲ့ထိထိုင်စောင့်မယ်။ မနဲ့ နေ့လယ်စာ အတူစားမလို့ လာခဲ့တာ"

"တို့အပြင်ကို မလိုက်နိုင်ဘူး။ အလုပ်များနေတယ်"

"ပြီးတဲ့အထိ ထိုင်စောင့်မယ်လို့ ပြောပြီးပြီပဲ"

ဟု ဇွတ်ပြောလာသောအခါတွင်မူ သူမက စိတ်ပျက်စွာပင် တစ်ချက်ကြည့်ပြီး အလုပ်ကို ဆက်လုပ်နေရာ ဂျက်က အလုပ်လုပ်နေသော သူမကို ခပ်လှမ်းလှမ်းမှ တစ်ချိန်လုံး ထိုင်ငေးနေပါတော့သည်။



သို့သော် ဆယ့်နှစ်နာရီခွဲအတိမှာတော့ ဗိုက်ထဲမှ တဗွိဗွိမြည်လာရ၍ မ.ရော ဆာနေမှာပဲ ဟုတွေးကာ . . .

"မ မဆာသေးဘူးလား"

ဟု စေတနာနှင့် မေးလိုက်ပါသော်လည်း ဖြေကြားခြင်းမရှိသောကြောင့် . . .

"ခဏစောင့်နော်။ မ အလုပ်များနေလည်း ဒီမှာပဲ စားကြတာပေါ့။ ကျွန်တော် ဝယ်လာခဲ့မယ်"

ဟုဆိုကာ လှစ်ခနဲ ထွက်လာခဲ့ပါသည်။

ဂျက်ထွက်သွားတော့မှ သူမက သက်ပြင်းကိုချကာ လုပ်လက်စကို အပြီးသတ်မည်ကြံတော့ ဝင်လာသောလူကြောင့် . . .

"ဟင် . . . ကိုကို"

"ဘာဖြစ်လို့ထိတ်လန့်နေရတာလဲ။ ခုတော့ ကိုကိုက သရဲနဲ့ တူနေပြီလား"

"မဟုတ်ပါဘူး။ ခါတိုင်း ကိုကို ဒီလိုအချိန်လာမေနကျ မဟုတ်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နေလို့မရတော့တာနဲ့ လာခဲ့တာ။ ညီမလေး အချိန်ရှိရဲ့လား"

"ဘာလို့လဲ ကိုကို"

"ကိုကိုနဲ့ နေ့လယ်စာစားရင်း စကားပြောရအောင်"

ဟု ပြောလာချိန်မှာတော့ သူမက . . .

"အင်း . . . သွားတာပေါ့။ ညီမလည်း မစားရသေးဘူး"

ဟုဆိုကာ အတူထွက်လာခဲ့ကြရာ ဆေးရုံဝင်ပေါက်တွင် စားစရာတွေ ဝယ်ပြီးပြန်လာသော ဂျက်နှင့် တန်းတိုးပါတော့သည်။

သူမ ဂျက်ကို အားနာသွားရပါသည်။

ဂျက်က တစ်ချိန်လုံး သူမကိုစောင့်ပြီး ခေါ်နေစဉ် တုန်းမတော့ မရှုပ်သည့်အလုပ်ကို ဟန်ရေးပြ ရှုပ်ပြနေပြီးမှ ခုတော့ ကိုကိုက တစ်ကြိမ်လေး လာခေါ်တာလေးနဲ့ လိုက်ခဲ့သည့်အတွက်ကြောင့်ပါ။

ရင်ထဲ၌ ဂျက်ကို အားနာမိပေမယ့်လည်း ကိုကိုတ





သေးနားမှာရှိနေသည်မို့ အထုပ်တွေဆွဲထားသော ဂျက့်ကို မမြင်ချင်ယောင်ပြုကာ ဖြတ်ကျော်လာခဲ့ပြီးမှ ကိုကို့ကားပေါ် တက်ရန် အပြင်တွင် သူမလက်ကို ဆွဲကိုင်ခြင်းခံလိုက်ရသောကြောင့် သူမရင်ထဲသို့ မွှမ်းကြပ်မှုတွေ အတုန်းအရုန်း တိုးဝင်လာခဲ့ရပါသည်။

"လွှတ်စမ်း . . . ဂျက်"

"မလွှတ်ဘူး"

"လွှတ်စမ်းလို့ပြောနေတယ်နော်"

"မလွှတ်ဘူးဗျာ။ လုံးဝမလွှတ်နိုင်ဘူး"

ဟု ခပ်ပြတ်ပြတ်ပင်ပြောပြီး ဆောင့်ဆွဲလိုက်တော့ သူမက ဂျက်ကို စူးစူးရဲရဲကြီး စိုက်ကြည့်ပစ်ကာ ဆောင့်ရုန်းလိုက်ပြန်ပါသည်။ သို့သော် မြဲမြံလှတဲ့ ဂျက်ရဲ့လက်တို့ကြောင့် သူမရဲ့ လက်ကောက်ဝတ်မှာ နာကျင်နေလှပါပြီ။ ထိုအချိန်တွင် သူမလက်ကို ကိုင်ထားသော ဂျက်ရဲ့လက်မှာ ဝတ်စုံတစ်ယောက်၏ အားပြင်းစွာရိုက်ချခြင်း ခံလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ရှိက်ချခြင်းခံလိုက်ရတော့ သူမနှင့် ဂျက်မှာ မှင်တက်မိနေကြခိုက် ဂျက်မှာ ထပ်မံ၍ မျက်နှာပေါ်ထိုးခြင်း ခံလိုက်ရပါ၏။

"ငါ့အရှေ့မှာ ငါ့ညီမကို အဲလိုလာမရိုင်းနဲ့"

ဟု အမိန့်သံဆန်ဆန်ပြောလိုက်သော ကောမက်ရဲ့အသံမဆုံးသေးခင်မှာဘဲ လဲကျနေသော ဂျက်မှာ ရည်ခြည်းထလာပြီး ကောမက်ကို ပြန်၍ ဆွဲထိုးပစ်လိုက်ပြန်သည်။

"ခွပ်"

"ဂျက်"

"ငါ့ကို အဲဒီလို လာမကြောနဲ့ ကြယ်တံခွန်"

"ဘာ . . . မင်း"

ကြယ်တံခွန်မှာ ဒေါသဖြစ်ဖြစ်နှင့်ပင် ထပ်မံဆွဲထား မယ်ကြံခိုက် မာန်တင်းလာသော ဂျက်နှင့်မျက်နှာချင်းဆိုင် ဖြစ်သွားကာ တစ်ယောက်ရဲ့အင်္ကျီလည်ပင်းစကို တစ်ယောက်က မလွှတ်တမ်းဆွဲကိုင်ထားလိုက်မိကြပါသည်။





"ဂျက် တော်တော့။ ကိုကို"

သူမမှာ ဆောက်တည်ရာမရဖြစ်ရှာပင် သူမကြောင့် ရန်ဖြစ်နေကြသော ထိုယောကျ်ားနှစ်ယောက်ကို ဘယ်လို ဖြန်ဖြေရမှန်းမသိအောင်ပင် ရောက်တတ်ရာရာ ဖြစ်နေရပါသည်။

"မင်းကို ငါမသိဘူး မထင်နဲ့ ကြယ်တံခွန်၊ ငါ့ကို ဘယ်ကောင်မှ လာကြောလို့ မရဘူး"

"မကျော်တိုင်တက်ပြမနေနဲ့။ မင်း ငါ့ညီမကို ဘယ်တော့မှ ပိုင်ခွင့်ရမှာ မဟုတ်ဘူး"

"ဘယ်တော့မှ ပိုင်ခွင့်မရတာက မင်းပဲ ဖြစ်လိမ့်မယ် ကြယ်တံခွန်၊ အရင်တစ်ခါက ယောက်ဖလောင်းမှတ်ပြီး သည်းခံလိုက်တာ။ မက ငါရဲ့သတို့သမီးလောင်းပဲ၊ မင်းသာ ပိုင်စိုးပိုင်နင်းလာမလုပ်နဲ့"

"ဘာ . . . မင်း"

ဟုဆိုကာ ဂျက်ကို အားကုန်တွန်းပစ်ခိုက် ဂျက်ကလည်း မကျေနပ်နေတာကြာပြီဖြစ်တဲ့ ကြယ်တံခွန်ကို



www.burmeseclassic.com

www.burmeseclassic.com



အားကုန်တွန်းပစ်ပါသည်။

"ဂျက် . . . ကိုကို . . . တော်ကြပါတော့"

မာန်ဖီနေကြသော ထိုနှစ်ယောက်က သူမ ဒီ

အောဟစ်နေရုံမျှနှင့် မရဘူးဆိုတာ သိသွားပြီး သူမ

ထိုသို့အားပြိုင်နေသူနှစ်ယောက်ကြားရပ်ကာ ဖြေဖြန်

ကြံရိုက် ထိုနှစ်ယောက် တွန်းနေကြသောအားမှာ သူမ

သို့ ရောက်လာပြီး . . .

"အား"

အားမမျှတဲ့သူမပင် မြေပြင်ပေါ် လဲကျသွားခဲ့ရ

တော့သည်။

သူမရဲ့ညည်းညူသံကြားရတော့မှ ထိုနှစ်ယော

ရဲ့ရန်ပွဲမှာ အော်တိုရပ်သွားကာ . . .

"မ"

"ညီမလေး"

ဟု အသီးသီးခေါ်ကာ သူမကို တွဲထူလာကြနိုင်

သူမမှာ ဒေါသဖြစ်ဖြစ်နှင့်ပင် ထိုနှစ်ယောက်ရဲ့လက်ကို ဖု





ရှုတာ ထထွက်လာခဲ့ပါတော့သည်။

ညီမဖြစ်သူ၏ ထိုသို့ပြုမူခြင်းကို ပထမဆုံး အကြိမ်

ခံလိုက်ရသောကြောင့် ကြယ်တံခွန်ရဲ့ရင်ထဲသို့ ဝမ်းနည်း

ခြင်းများက အတိုင်းအဆမဲ့ တိုးဝင်လာရပါသည်။

ထို့ကြောင့်ပင် ကြယ်တံခွန်က နေရာမှာတင်ပဲ ငူငူ

ကြီး ကျန်ရစ်ခဲ့ပေမယ့် သူမရဲ့ခါးသက်စွာပြောဆိုခြင်းကို

သာ အစဉ်အမြဲရရှိခဲ့သော ဂျက်ကတော့ သူမနောက်သို့

အတုန်းဘုန်းပြေးလိုက်သွားပြီးမှ သူမရဲ့လက်မောင်းကို ခပ်

ကြမ်းကြမ်းဖမ်းဆွဲလိုက်ပါသည်။

"ဘာလုပ်တာလဲ"

"အခု မ,က ကျွန်တော့်ကို စိတ်ဆိုးသွားတာလား"

"မင်း တို့ကို အဲလိုအပြုအမူကြမ်းကြမ်းမျိုး လုပ်ပိုင်

ခွင့်မရှိဘူး ဂျက်။ မင်းနဲ့တို့က ခုချိန်လို အဲဒီလို မပတ်သက်

ကြသေးဘူး"

"ကျွန်တော်ဆိုတဲ့ ဂျက်က အဲလောက်ထိ သည်းခံ

အတ်သူမျိုးမဟုတ်ဘူး မ။ မကို သိပ်ချစ်လွန်းလို့သာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ဒီလောက်သည်းခံနေရတာ"

"မင်း . . . ကိုကို့ကို တို့ရှေ့မှာ ဒီလိုလုပ်စရာ ဘာ အကြောင်းမှ မရှိဘူး"

"သည်းခံရမယ်ပေါ့ ဟုတ်လား။ သည်းခံလိုက်တာ မနေ့က တစ်ရက်ပဲ မလုံလောက်သေးဘူးလား။ ကျွန်တော့် ရှေ့မှာ ကျွန်တော့်မိန်းကလေးကို ကျွန်တော့်ရှင့်ပြုချက်အ ဘဲ ခေါ်သွားတယ်။ ဒါ တရားမလွန်ဘူးလား မ။ အဲ့ဒါကို တရားလွန်တယ် မခေါ်ဘူးလား"

"တို့တွေက မောင်နှမ။ မင်းနဲ့မတွေ့ခင် ဟိုးနှစ် ပေါင်း နှစ်ဆယ်ကျော်တည်းက အတူနေလာခဲ့သူတွေ။ မင်း လွန်လွန်းတယ် ဂျက်။ မင်းနဲ့ တို့တွေ့ကာစုမှ လပိုင်းပဲရှိသေး တယ်။ ဒါကို မင်းသိထားစမ်းပါ"

"သိတယ်၊ သိလို့သည်းမခံနိုင်တာ။ မရဲ့ စိတ်ထဲမှာ ဘယ်လောက်ပဲ အစ်ကိုဆိုပြီး ရှိုးသားဦးတော့ ဒီငနဲရဲ့စိတ် က ရှိုးသားမယ်ထင်သလား မ"

"ဘာ"





"ညည်းစားထားခွင့်တောင်းမပေးခဲ့တဲ့ အဲဒီအစ်ကို ဟုတ်တဲ့ အစ်ကိုက ဘယ်လောက်များ ရှိုးသားမှာမို့ ကျွန် တော်က ကျွန်တော်ချစ်တဲ့ မကို ဒီအတိုင်းကြည့်နေရမှာ လား"

"ဖြန်း"

ထိုအခါမှာတော့ ဂျက်ရဲ့ ပါးတစ်ခြမ်းမှာ နီရဲသွားရ ပါသည်။

"မိုက်ရိုင်းဦး"

"အရှိက်ထိတော့ နာတာပေါ့"

"ဘာ"

"ဒီတစ်လောကလုံးမှာ မနဲ့ကြယ်တံခွန်ပဲ နာကျင် ခံစားတတ်တယ်ထင်နေသလား။ ကျွန်တော့်ဘက်ကိုလည်း ကြည့်လိုက်ဦးမ။ ဒီပတ်သက်မှုတွေကို မ သိနေသလို ကြယ် တံခွန်လည်းသိတယ်။ ကျွန်တော်လည်း သိတယ်၊ သိသိ ချည်းနဲ့ ဘာမှသွေးသားမတော်တဲ့ ယောကျ်ားနောင် ကျွန်တော့်ကိုချန်ပြီး ခုလို ကောက်ကောက်ပါအောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားမှာကို ကျွန်တော်က ဒီအတိုင်းကြည့်နေရမှာလား။ ကျွန်တော် အဲလောက်သဘောထားမကြီးနိုင်ဘူး မ။ ကျွန်တော် ကျောကိုထိုးဝင်နိုင်တဲ့ ဓားတစ်ချောင်းကိုတော့ ကျွန်တော်ကိုယ်တိုင် မသွေးပေးနိုင်ဘူး။ ယောကျ်ားတစ်ယောက်ရဲ့သဘောထားကို ယောကျ်ားဖြစ်တဲ့ ကျွန်တော်က အသိဆုံးပါ"

"မင်း ရိုင်းလွန်းတယ် ဂျက်"

"ဟုတ်ပါတယ်။ ကျွန်တော် ရိုင်းပါတယ်။ ကျေးဇူးပြု၍တော့ ကျွန်တော့်အပေါ် မ. မရိုင်းပေးပါနဲ့။ ကျွန်တော် ရှုးရလိမ့်မယ်။ ကျွန်တော် မ.ကို သိပ်ချစ်တယ်"

ဟုသာ ကမူးရှူးတိုးပြောချင်ရာပြောပြီး ထွက်သွားသော ဂျက်ရဲ့ ကျောပြင်ကြောင့် သူမရင်ထဲမှာ ဆောက်တည်ရာမဲ့ ခံစားလိုက်ရပါသည်။

ဘာကြောင့်လဲ ဘာဖြစ်နေတာလဲ၊

သူမရင်ထဲမှာ ဘာဖြစ်နေတာလဲ။



"ညီမလေး ဒီစေ့စပ်ပွဲကို မင်းလက်မခံလို့ မရဘူးလား"

"ဘာအကြောင်းပြချက်မှ မရှိဘဲ ငြင်းလို့ရော ရလို့လား"

ဟု အေးစက်စက် ပြန်ဖြေလိုက်ရာ သူ ဘာမှပြန်မပြောနိုင်ဘဲ ဖြစ်သွားရပါသည်။

ထိုကြောင့်ပင် စားပွဲပေါ်မှာရှိသော ရေခွက်ကိုသာ ရောက်တတ်ရာရာကိုင်ပြီး အိမ်ရှေ့သို့ထွက်လာခဲ့ကာ ဒန်းပေါ် ထိုင်ချလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တွင် တစ်စုံတစ်ယောက်က သူ့ရဲ့ရှေ့မှာ လာရပ်လာ၍ သူမော့ကြည့်လိုက်ရာ –

"ဟင် . . . ဦးဦး"

မြစ်ကြီးနားမှာ သွားနေပါသည်ဆိုသော ဦးဦးကို ခုလိုတွေ့လိုက်ရတော့ သူ့မှာမှင်တက်မိသွားသည်မှာ အမှန်ပါ။

"ဘယ်တုန်းက ပြန်ရောက်လဲ"

"နေ့လယ်ကပါ"

"ညီမလေးရဲ့ ဧစ့ဝပ်ပွဲကြောင့် ပြန်လာတာလား"

"အင်း . . . ဟုတ်တယ်။ ဒါနဲ့ မင်းက ဘာဖြစ်နေတာလဲ၊ မျက်နှာလည်း မကောင်းပါလား"

"ကျွန်တော် ခုတလော နေရတာ မပျော်ဘူးဦး"

"ဘာဖြစ်လို့လဲ"

"ရင်ထဲမှာ နင့်ပြီး နာနေတယ်"

"ဟမ်"

"ဘာကြောင့်လဲမသိဘူး"



"ဟင် . . . မင်းရဲ့ပါးက ဘာဖြစ်တာလဲ၊ ညိုမည်းနေပါလား"

"ဂျက်နဲ့ ရန်ဖြစ်လာတာ"

"ဂျက် . . . ဂျက်ဆိုတာက မဆည်းဆာပျိုရဲ့သား မဟုတ်လား"

"အင်း"

"ဘာဖြစ်လို့လဲ။ မကြာခင် အမျိုးတွေဖြစ်ကြတော့မည့်ဟာကို"

"အဲဒါကို သည်းမခံနိုင်တာဘဲ။ ညီမလေးနဲ့ ပတ်သက်ပြီး ဒီမိသားစုထဲခေါ်မသွင်းနိုင်ဘူး"

"ဩော် . . . ကောမက်ရယ်။ အပင်တို့မည်သည် သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ပေါ့"

"ဒါပေမဲ့ ကျွန်တော့် ဂျက်ကို သဘောမကျဘူး"

"မမကတောင် လက်ခံနိုင်မှတော့ ဒီကောင်လေး မင်းညီမကိုချစ်လို့ပဲပေါ့။ ဘာလိုသေးလို့လဲကွာ၊ အရေးကြီးတာ ဒါပဲလေကွာ"

www.burmeseclassic.com

www.burmeseclassic.com



"တခြားလူနောက်လိုက်သွားတော့မယ့် ညီမလေး ကြောင့်ပဲ"

"ဘာ . . .ဘယ်လို"

"ညီမလေးနဲ့ ဂျက်ကို ပူးတွဲပူးတွဲမြင်ရရင် ကျွန် တော် စိတ်တိုတယ်။ စိတ်ရှိလက်ရှိ သောင်းကျန်းချင်တယ်"

"ကောမက်"

"ဂျက်မှ မဟုတ်ဘူး။ ဘယ်သူနဲ့မှ ညီမလေးကို သဘောမတူနိုင်ဘူး"

"မဟုတ်ဘူး . . . ငါ့တူရာ"

"ဟုတ်တယ်။ ဒီစေ့စပ်ပွဲကို ကျွန်တော် လုံးဝ သဘောမတူနိုင်ဘူး။ ညီမလေးကို မပေးနိုင်ဘူး။ ကျွန်တော် ညီမလေးကို ဘယ်လောက်ထိချစ်ရသလဲ။ အရာအားလုံး ထက် ညီမလေးကိုပဲ ဦးစားပေးခဲ့တဲ့လူပါ။ ဒါကို ညီမလေး က မသိဘူး။ ကျွန်တော့်ကို ခွဲသွားဖို့ပဲ စဉ်းစားတယ်"

"အဲလိုလည်း မဟုတ်ဘူးလေကွာ။ အစ်ကိုဆိုတာ ဆိုင်သာဆိုင်တယ် မပိုင်ဘူးကွ"





"အစ်ကိုဖြစ်နေလို့လား"

"မိသားစုဆိုတာ ဆိုင်ကြတဲ့လူတွေပါကွာ။ မိန်း ကလေးရဲ့ဘဝဆိုတာ ,သူနဲ့ထာဝရနေမယ့် ယောကျ်ားကပဲ ပိုင်တာ"

ဦးလေးတံခွန်က ပြောလိုက်သောစကားကို ကြယ် တံခွန်က လေးနက်စွာတွေးခေါ်စဉ်းစားနေခဲ့မယ်ဆိုတာ လေတံခွန်ဆိုသော ပုဂ္ဂိုလ်က ဘယ်သိလိမ့်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"အင်း"

ပွဲတက်ဝတ်စုံနှင့် လှလှပပပြင်ဆင်နေသော မေမေ့ကို သူက ခေါ်လိုက်တော့ တဖျတ်ဖျတ် လက်နေသော နားကပ်ကို ဝတ်ဆင်နေသော မေမေက ထူးလာခဲ့ပါသည်။

"သား . . . ညီမလေးကို ဂျက် ယဘောမတူဘူး"

"သားရယ် ကလေးကျနေတာပဲ။ ကိုယ့်ညီမကို ကပ်စေးနဲ့တန်ရောပဲ။ ဒီနေ့ပဲ စေ့စပ်ပြီ"

ရှေ့ဆော



"ကိုယ့်ညီမ . . အဲဒါ ဟုတ်မှမဟုတ်တာ"

ဟု သူက ခက်ခက်ခဲခဲ အားယူပြောချလိုက်တော့ ဒေါ်ဆရီရောင်အိုင်မှာ ဝတ်လက်စ လက်စွပ်ပင် ပြုတ်ကျလု လုဖြစ်ရအောင် တုန်လှုပ်သွားရပါသည်။

"ဒီ . . . စေ့စပ်ပွဲကို ဖျက်ပေးပါ မေမေ"

"သား"

သူမမှာ တအံ့တဩပင် သားဖြစ်သူကို စေ့စေ့ ဆော်ဆော်ကြည့်ပြီးမှ . . .

"မတွေးကောင်းတာတွေ သားရယ်"

"သားကိုယ်သားသိနေပြီ မေမေ၊ မေမေသာ တစ်ခုခုမလုပ်ပေးဘူးဆိုရင် သားကိုယ်တိုင် လုပ်ရလိမ့်မယ် မေမေ"

"ဘာ"

"သား . . . ညီမလေးကို ချစ်တယ်"

ဒေါ်ဆရီရောင်အိုင်မှာ မဖြစ်စဘူး သားကို ဒေါသ ဖြစ်သွားရပါသည်။

ရှေ့ဆော

www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း . . . ခွေးလိုကောင်မျိုး"

သူ အံ့ဩသွားရပါသည်။

သူ့ကို စကားကြမ်းကြမ်းတောင် မပြောခဲ့ဘူးသော မေမေက ခုတော့ ရိုက်ချလိုက်၍ အသားနာရသည်ထက် ရင်ထဲက ပိုနာသွားမိပါသည်။ ထို့ကြောင့်ပင် မေမေ့ကို စိတ်ကြည့်ကာ ဝုန်းဒိုင်းပင် အခန်းထဲမှ ထွက်လာတော့ ဝတ်စားပြင်ဆင်ထားသော ဦးဦးနှင့်တွေ့ပါသည်။

"ကောမက် . . . ဘာဖြစ်လာတာလဲ"

သို့သော် သူပြန်မဖြေပါ။ ဒေါသဖြစ်ဖြစ်နှင့်ပင် ဦးဦးကိုပါ ပေစောင်းစောင်းကြည့်ပြီး ညီမလေး၏အခန်းထဲသို့ ဝင်လာခဲ့သည်တွင် မှန်တင်ခုံဘေးထိုင်နေသော ညီမဖြစ်သူနှင့် ဆုံပါ၏။

ခရုအိမ်က မျက်နှာပျက်ယွင်းနေသော သူ့ကို အကဲခတ်မိကာ . . .

"ကိုကို ဘာဖြစ်လာတာလဲ"

"ကိုယ့်စကားက ဘာမှားလို့ ကိုယ့်ကို အဲလိုပြော





ပြီး ရိုက်ရတာလဲ။ ရိုက်လိုက်တာက တစ်ချက်တည်းပေမယ့် ရင်ထဲထိနာတယ်။ ကိုယ် ဒီနေ့ပဲ အိမ်ပေါ်ကဆင်းတော့မယ်"

"ဟမ်"

"မေမေ သိပ်တရားလွန်တယ်၊ သူဖြစ်ချင်ရာပဲ လုပ်တယ်။ မင်းရော ကိုကို့နောက်လိုက်ခဲ့ပါ"

"ဟမ်"

"ဂျက်ရဲ့နားမှာ တစ်သက်လုံး ငရဲကျသလို နေဦးမလို့လား"

"ကိုကို ဘာတွေပြောနေတာလဲ"

"မင်း ကိုကို့နောက်လိုက်မလား၊ ဂျက်နဲ့နေခဲ့မှာလား။ ဒါပဲပြော"

"ကိုကို"

"ဘာလဲ မောင်နှမတွေလို့ပြောဦးမလို့လား။ ဘာမောင်နှမလဲ။ ဘာသွေးသားတော်စပ်နေလို့ ဒီစိတ်တွေကို ထိန်းသိမ်းနေရမှာလဲ။ ဘာတော်စပ်လို့ ခွေးလိုကောင်မျိုးလို့ အပြောခံရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပြောခံသင့်လို့ ခံရတာပေါ့"

"ဘာ"

"ကိုကိုတွေးသလို ညီမလေး မလုပ်နိုင်ဘူး။ ဒါတွေ ဒီလိုဖြစ်သင့်ရဲ့လား စဉ်းစားပါ။ ကိုကိုက ကလေးလား။ ဒီလို မိုက်ရူးရဲတွေးရအောင် ကိုကိုရူးနေသလား"

"ရူးချင်တယ် . . . ကိုကို ရူးသွားချင်တယ်။ ရူးသွားတာကမှ ကောင်းဦးမယ်။ ကိုယ့်ရင်ထဲမှာ ဘယ်လောက်ထိ ကြေမွနေကုန်သလဲ မင်းမှမသိတာ ခရုအိမ်ရယ်။ ရင်ထဲကဆန္ဒကို ပြောမရတဲ့ ငါ့ရဲ့နေရာကနေ မင်းနေကြည့်စမ်းပါ။ တွေးလိုက်တိုင်း စောင့်စည်းထိန်းသိမ်းရမှာတွေ များနေတော့ သူများနောက်ပါသွားမည့် မင်းကို ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား။

ဒါလည်း တစ်ခါတစ်ရံ အရူးတစ်ယောက်လို ပေါက်ကွဲချင်တယ်။ မေမေက ဘာကြောင့် ဒီလိုရက်စက်ရတာလဲ"

"မေမေ့ကို ပြန်တောင်းပန်လိုက်ပါ ကိုကို"





"ဘာ . . . ကိုယ် ဘာမှားလို့ တောင်းပန်ရမှာလဲ"

"မှားတာပေါ့။ ကိုကိုမမှားဘဲ မေမေက ဒီလိုလုပ်ပါ့မလား။ မေမေဟာ ဘယ်လိုလူမျိုးလဲဆိုတာ ကိုကိုအသိဆုံးပါ"

"မတောင်းပန်နိုင်ဘူး"

"ကိုကို"

"ဒီကိစ္စမှာတော့ လုံးဝမတောင်းပန်နိုင်ဘူး"

ဟု ဇွတ်တရွတ်ပြောနေသော ကိုကို့ကို သူမဒေါသဖြစ်ဖြစ်နှင့်ပင် . . .

"ကိုကို့ကို သိပ်စိတ်ပျက်တယ်"

"ဘာ"

"ကိုကိုကြောင့် ခုဆို မေမေသိပ်ခံစားနေရမယ်။ မေမေ ဒီလိုလုပ်တယ်ဆိုတည်းက ကိုကို့က မေမေ့ကို ခံစားရအောင် ပြောလို့ဆိုတာ ညီမသိတယ်။ တစ်သက်လုံး မေမေက ဘာလိုအပ်ခဲ့လို့လဲ။ ဖေဖေကရော ကိုကို့ကို ဘာ စိတ်ဒဏ်ရာပေးဖူးလို့လဲ။ ဖေဖေရော မေမေရော ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပေးခဲ့ကြတာ ကိုကို ဘာဖြစ်လို့ ဒီလိုလုပ်ရက်တာ လဲ"

"ခရုအိမ်"

"ကိုကို မေမေ့ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့၊ တောင်းပန်လိုက်ပါ"

"ခရုအိမ်"

သူ အံ့သြစွာကြည့်နေမိလိုက်ပါသည်။ ညီမလေး ကရော ဘာဖြစ်လို့ ပြောင်းလဲနေရတာလဲ။

"ညီမကြောင့် ဖေဖေနဲ့မေမေ့ကို ဘယ်တော့မှ စိတ်မဆင်းရဲစေချင်ဘူး။ ကျေးဇူးဆပ်ခွင့်မရှိခဲ့ဘူးဆိုရင် တောင် စိတ်ဒုက္ခတော့ ဘယ်တော့မှ မပေးဘူး"

"ညီမလေး"

ဟုသာ တမ်းတမ်းတတ ခေါ်လိုက်မိပေမယ့် ခရုအိမ်ကတော့ သူ့ကို တည်ကြည်လေးနက်စွာ ကြည့်ပြီး သူ့ရဲ့လက်ကောက်ဝတ်ကို ဖမ်းဆွဲကာ မေမေရဲ့ အခန်းထဲ သို့ ခေါ်လာခဲ့သည်တွင် . . .





"အစောကြီးကတည်းက ရှင်းရှင်းလင်းလင်း ပြောပြသင့်တာ မမ။ ခုလို မပြောထားတော့ အားလုံးဟာ ရှုပ်ကုန်ရတာပေါ့"

တံခါးဝနားပဲ ရောက်တုန်းရှိပါသေးသည် အခန်းထဲမှစကားသံကြောင့် သူနှင့် သူမမှာ တိတ်တဆိတ် နားစွင့်နေလိုက်မိ၏။

"ဆန်ဒေသွားတာပဲ ဘယ်လောက်ကြာနေပြီလဲ၊ ကောမက်ရဲ့ ရင်ထဲမှာ ချွန်ဟာ ပထွေးပါလို့ ခံယူနေတယ်၊ ဒါကို လုံးဝမဖြစ်သင့်တာ"

"လေဆန်အပေါ် အပြစ်ရှိတယ်လို့ ခံစားနေလို့ သူ့ကိုယ်သူ ဒုက္ခပေးနေတာပဲဆိုတာ မမ နားလည်းတယ်၊ ဒါကြောင့် မပြောခဲ့တာပါ"

"အမှန်က မမ ဖွင့်ပြောသင့်တယ်၊ ချွန်က သူ့နာကျင်မှုနဲ့သူ မပြောတာဆိုပေမယ့် မမက ကြားကနေ ပြောပြသင့်တယ်။ ချွန့်ရင်ထဲမှာ ဘယ်လောက်ထိ နာကျင်နေရမလဲ၊ သားအရင်းဖြစ်ပါလျက်ကယ်နဲ့ သားက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပထွေးလို ခံစားနားလည်နေတာ ကျွန်တော်တို့ထက် သူ ပိုခံစားရမှာပေါ့။ ပြီးတော့ ကောမက်အတွက်လည်း အပြစ်ကြီးတယ်။ တစ်ခါတစ်ရံ ကောမက်ရဲ့ပုံက ဖေဖေခေါ်နေရပေမယ့် ချွန်နဲ့အပေါ် သိပ်အေးစက်လွန်းတယ်။ မမတို့ ခုလို မပြောခဲ့တာ ပြဿနာတွေ ဖြစ်ကုန်ရပြီ။ ဘာပဲဖြစ်ဖြစ် သွေးက သွေးပါပဲ။ ငယ်ကတည်းနဲ့ သူ့အဖေက ဆန်ပါလို့ ဘယ်လောက်ပဲနာမည်ခံထားဦးတော့ ချွန်ရဲ့သားမို့ ချွန်ရဲ့စိတ်ဓာတ်ပဲဆိုတာ မမလည်း သိတယ်၊ ကျွန်တော်လည်း သိတယ်၊ ဆန်ကလည်း သိတယ်"

ထိုစကားသံတွေကို တံခါးအပြင်ဘက်မှကြားနေရသူ နှစ်ယောက်မှာတော့ သွေးလေချောက်ချားကုန်ရပါသည်။

ထိုစကားသံတွေကို ဆက်၍နားထောင်နိုင်စွမ်းမရှိတော့သည့် ကောမက်ကတော့ ဧစ္စစပ်ပွဲဆိုတာလည်း စိတ်မဝင်စားတော့ဘဲ အားလုံးနှင့်ဝေးရာသို့ ကမူးကရှူးထိုးပြေးထွက်လာခဲ့ပါတော့သည်။

●——ဈေးသော——●



ကောမက်မပါသော ထိုဧစ္စစပ်ပွဲမှာ စိတ် မသတ်မသာဖြင့်ပင် အောင်မြင်စွာပြီးဆုံးသွားခဲ့ပါသည်။

ဧစ္စစပ်ပွဲပြီးသွားမှ ဂျက်က သူမကို စကား အေးဆေးပြောချင်သည်ဟုဆိုသဖြင့် သူမ ဂျက်နှင့်အတူ ကျန်ထားရစ်ခဲ့ပါသည်။

ဂျက်က သိပ်ကိုလှပသော နေရာတစ်ခုကို ခေါ်သွားပြီး ခါတိုင်းထက် တည်ငြိမ်နေသော သူမရဲ့မျက်နှာကို ကြည့်ကာ . . .

"မ. မပျော်ဘူးလား"

●——ဈေးသော——●

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလာတော့ သူမမှာ ထိုအမေးစကားကို ပြန်မဖြေပါ။

"မကို ကျွန်တော် ပျော်အောင်ထားမှာပါ။ အခု မ ကျွန်တော့်ကို မချစ်ပေမဲ့ နောက်တော့ ချစ်လာမှာပါလို့ ကျွန်တော် ယုံကြည်တယ်။ ကျွန်တော့်မှာ ရှိရှိသမျှ အချစ်တွေအားလုံးကို စုပြုံပြီး မ.ကိုချစ်မှာပါ။ ဒါကြောင့် မ တစ်နေ့ ပျော်လာမှာပါ"

ဟု တခမ်းတနားပြောနေသော ထိုကောင်လေးကို သူမတွေဝေစွာ ငေးကြည့်နေဖြစ်ခဲ့ပါသည်။

"ကျွန်တော်တစ်ခါမှမတွေးခဲ့ဖူးဘူး။ ကျွန်တော်ဟာ မ.ထက် အသက်ငယ်ပေမယ့် ရင့်ကျက်အောင် အများကြီး ပြင်ဆင်ကြိုးစားသွားမှာပါ။ မ အားကိုးရတဲ့ လူတစ်ယောက် ဖြစ်အောင် ပြင်ဆင်သွားမယ်။ ကျွန်တော့်အချစ်တွေက တစ်နေ့သက်သေပြကွက်တစ်ခုဖြစ်လာမှာပါ။ ကျွန်တော် ဟာ ဒီလောက်ကြီးပဲ တခြားလူကို ချစ်တတ်သွားလိမ့်မယ် လို့ မတွေးဖူးဘူး။ မ. သိထားပါ။ ကျွန်တော်ဟာ မ.ထင်ထား





တာထက်ပိုပြီး မ.ကိုချစ်နေတယ်"

ဟုဆိုပြီး မရဲ့လက်ကိုကိုင်မည်ပြုတော့ အနည်းငယ်တွန့်သွားတဲ့ သူမပုံကြောင့် သူ့လက်ကို ပြန်ရုပ်သိမ်းလိုက်ပြီး . . .

"မ ချစ်လာမည့်နေ့ကို ကျွန်တော် စိတ်ရှည်ရှည်နဲ့ စောင့်ပါ့မယ်။ အချစ်က လူတစ်ယောက်ကို အများကြီး ပြောင်းလဲစေတာပဲ။ တော်တော်ရယ်ရတယ်နော်။ ကျွန်တော်က မနဲ့မှ သည်းခံစိတ်ရှည်ချင်နေတယ်"

ဟု ရှက်ကိုးရှက်ကန်းလေးနှင့်ပြောကာ . . .

"ဒါပေမဲ့ ကျွန်တော် မ.ကို လက်ထပ်ချင်တယ်"

"ဘာ"

"သူများအမြင်မှာ လက်ထပ်ထားချင်တာပါ။ ကျွန်တော့်ကတိကို ယုံပါ။ ကျွန်တော် ကတိပေးပါတယ်၊ မရဲ့ အချစ်ကို မရမချင်း မ.ကို ကျွန်တော် လက်ဖျားနဲ့ မတို့ပါဘူး၊ ဘာဖြစ်လို့လက်ထပ်ချင်သလဲဆိုတော့ မ.ကို စိတ်မချလို့ပါ။ ဒါ မ.ကို မယုံလို့ မဟုတ်ပါဘူး။ ပြောင်းလဲတာတဲ့



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးကို မယုံတာပါ။ မ.နဲ့ ဝေးရရင် ကျွန်တော် ရှူးရှုလိမ့်မယ်"

ဟု သူမရှေ့တွင် ဒူးထောက်လေးထိုင်ကာ သူမကို မော့ကြည့်ပြီးပြောနေသော ထိုကောင်းလေးရဲ့ပုံကြောင့် သူမ ရင်ထဲမှာ ခံစားရတာတော့ အမှန်ပါပဲ။ သို့သော် ထိုကောင်လေးကို မျက်နှာသာမပေးချင်တဲ့ သူမက မာန်လေးတင်းကာ . . .

"တို့ကို ဘာလို့ ဒီလိုပြောနေရတာလဲ"

"တောင်းဆိုတာပါ"

"မင်းလုပ်ရင် ဘာမဆိုဖြစ်နိုင်တာဘဲ။ တောင်းဆိုတယ်ဆိုတာ အချိန်ဖြန်းရုံသက်သက်ပဲ မဟုတ်လား"

"ဒီစေ့စပ်ပွဲဟာ တစ်ဖက်သတ်လိုဖြစ်နေတဲ့အတွက် မ. စိတ်ဆိုးမယ်ဆိုတာ ကျွန်တော် သိပါတယ်။ မ ကျွန်တော့်ကို ထပ်ပြီး စိတ်မဆိုးစေချင်ပါဘူး။ ဒါကြောင့် မရဲ့ ခွင့်ပြုချက်ကို တောင်းဆိုနေတာပါ။ ကျွန်တော့်ကို ခွင့်ပြုပေးပါ မ။ မ.ရဲ့ ခွင့်ပြုချက်နဲ့ပဲ ကျွန်တော် မ.ကို လက်ထပ်ချင်





တယ်"

"တို့အိမ်ပြန်ချင်ပြီ ဂျက်"

ဟုဆိုကာ သူမကို သိပ်ချစ်နေသော ဂျက်က သူမဆန္ဒကို မသွေဖယ်ဘဲ လိုက်ပို့ပေးခဲ့ပါသည်။

သူမ အံ့သြရပါသည်။

ဂျက်ပုံက သိပ်ကိုပြောင်းလဲသွားလို့ပါ။

တွေ့စကလို ကမ္ဘာ့ရှူးတိုး ကလေးတစ်ယောက်လို မဟုတ်တော့ဘဲ သူမရဲ့ ချစ်သူတစ်ယောက်လိုပင် သူမဆန္ဒကို ရှေ့တန်းတင်နေသောကြောင့် သူမရင်ထဲ တစ်မျိုးတစ်မည်ကြီး ခံစားနေရတာတော့ အမှန်ပါပဲ။

အိမ်ရှေ့ရောက်တော့ သူမက ဂျက်ကို ကားရပ်ခိုင်းပြီး တိတ်တဆိတ်ဝင် အိမ်ဝင်ထဲသို့ ဝင်လာကာ အိမ်ထဲမဝင်ချင်သေးတာနှင့် ဒန်းပေါ်ထိုင်နေမိပါသည်။

ထိုအိမ်ထဲဝင်ဖို့ သူမရင်ထဲမှာ ခက်ခဲနေမိပါသည်။

ကိုကို့ကို သူမ ချစ်ပါသည်။

ဖေဖေကိုရော၊ မေမေကိုရော၊ ဦးဦးကိုရော ချစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူမ သိပ်ချစ်ရသော လူတွေက၊ ဒွေးသားရင်းချာတွေ မိသားစုတွေတဲ့လေ။ သူမ ရင်ထဲနာကျင်ခံစားရပါသည်။

သူမတစ်ယောက်တည်းသာ မိသားစုရဲ့ ပြင်ပရောက်နေသူလို ခံစားရပါသည်။

ထို့ကြောင့်ပင် သူမအတွက် သိပ်နွေးထွေးခဲ့သော ထိုအိမ်ကြီးဟာလည်း ဒီနေ့တော့ စိမ်းနေသလို ခံစားရပါသည်။

ဦးဦးလေဆန်ရဲ့သားလို့ သိထားခဲ့တဲ့ ကိုကို့ကို ဖေဖေ့ရဲ့သားလို့ သိလိုက်ရချိန်မှာ သူမရင်ထဲနာကျင်သွားရပါသည်။

ဒီမိသားစုနဲ့စိမ်းနေတဲ့ သူမအတွက် အနည်းဆုံးတော့ ဖေဖေက အဖော်ရှိနေသေးသည် မဟုတ်ပါလား။ ခုတော့ ဖေဖေကပါ ဒီမိသားစုဝင်ဆိုတော့ သူမရင်ထဲ ထိနိုက်သွားခဲ့မိသည် အမှန်ပါ။



သူမရင်ထဲ ထိနိုက်သွားသလိုပဲ ကိုကိုလည်း ဘယ်လောက်ထိများ နာကျင်ခံစားနေရပါမလဲဟု တွေးကာ ကိုကို့ကို စိတ်ပူမိပါသည်။ ကိုကိုကလည်း ဖေဖေ့အပေါ် ပထွေးဆိုပြီး အေးစက်စက် ဆက်ဆံခဲ့သူလေ။ ဒီတော့ ကိုကိုက ပိုနာကျင်ခံစားရမှာပေါ့။

ကိုကို ဘယ်များသွားနေသလဲ။ အိမ်ထဲမှာရောက်နေပြီလား။ ကိုကိုသာ အိမ်ထဲမှာဆိုရင် သူတို့မိသားစုတွေ ဘာတွေများပြောနေကြမှာလဲ။

ထိုအချိန်မှာ သူမက ဝင်သင့်သလား၊ မဝင်သင့်ဘူးလားဟု စိတ်ထဲ ဒွိဟဖြစ်နေခဲ့ပေမယ့် နောက်ဆုံးတော့ အိမ်ထဲဝင်ရန် တံခါးရွက်ကို အဖွင့်မှာတော့ . . .

"စိုးရိမ်တဲ့အတိုင်းဖြစ်လာခဲ့တာပဲ"

ဟူသော မေမေ့ရဲ့စကားကြောင့် တံခါးရွက်ကို ပြန်စေ့ပြီး နားစွင့်နေလိုက်ပါသည်။

"နင်ပဲစဉ်းစားကြည့် ချွန်။ သမီးပါလို့ သတ်မှတ်ထားတဲ့ လူကို ဘယ်လို ချွေးမတော်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သားက။ ဟာကွာ . . . ဒီလိုပြဿနာမျိုး"

"ငါကတော့ ကြုံမြင်တယ်။ သွေးသားမတော်ပါဘူးလို့ ကိုယ်စီသိနေကြတဲ့ ဒီကလေးနှစ်ယောက်ဟာ တစ်နေ့တော့ ဒီလိုဖြစ်လာမှာပဲလို့။ ဒါကြောင့် သမီးကို ဂျက်နဲ့ အမြန်ဆုံး စီစဉ်ရတာပဲ"

"မင်း သားကို ဘာတွေပြောပစ်လိုက်သေးလဲ"

"ဘာမှမပြောလိုက်ပါဘူး"

"ကိုယ်တော့ စိတ်ပူပြီကွာ"

"မပူပါနဲ့။ မောင်လေးလိုက်သွားပါတယ်။ သူဖျောင်းဖျမှာပါ။ မောင်လေးက သားနဲ့ သူငယ်ချင်းလိုနေလာတဲ့လူပဲ။ မောင်လေးက သားကိုပြောသင့်တာပဲ ပြောမှာပါ"

"ကိုယ်မတွေးခဲ့ဘူး။ သားစိတ်ထဲ ဒီလိုဖြစ်နေလိမ့်မယ်လို့ တစ်ခါမှ တွေးမကြည့်ခဲ့မိဘူး"

"သမီးကို မင်္ဂလာဆောင်ပေးရင် မကောင်းဘူးလားဟင်"

"ဘာ"





"အဲဒါမှ စိတ်အေးရမှာမို့ပါ"

"ဆရီရယ် သမီးပုံကို ကြည့်ပါဦး။ ဂျက်ကို နည်းနည်းမှ စိတ်မလှုပ်ရှားတဲ့ပုံနဲ့။ ခုလို စေ့စပ်ပွဲလုပ်ပေးရတာတောင် ကိုယ်တို့ကို မလွန်ဆန်ချင်လို့ဘဲဆိုတာ ကိုယ် သိတယ်။ သမီးရဲ့ပုံကြောင့် ကိုယ့်ရင်ထဲမှာလည်း ခံစားရတယ်"

"ဒါပေမဲ့ အဲ့လိုမှမလုပ်ရင် ဘယ်လိုလုပ်မှာလဲ။ သမီးက နင့်သမီးရင်း မဟုတ်မှန်းသာ ပြန်သိသွားရင် သားက ပြန်ငြိမ်နေမှာမို့လား။ မောင်လေးက သားကိုရှင်းပြပါလိမ့်မယ်။ နင်က သူ့အဖေရင်းလို့။ ဒါပေမဲ့ သားက ဒါကို ယုံမယ်ထင်နေသလား"

"ကိုယ် ဘာလုပ်ရမလဲ"

"မဖြစ်သင့်တာ မဖြစ်ရအောင် သမီးကို ဖျောင်းဖျပါ။ သမီးနဲ့ ဂျက်လက်ထပ်ပွဲက အဖြစ်သင့်ဆုံးပါပဲ"

ထိုစကားကြောင့် သူမရင်ထဲ ပူလောင်သွားရပါသည်။

သူမဟာ တကယ်ပဲ ဒီမိသားစုအတွက် အရှစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်နေပြီလား။

အမှိုက်တစ်စလား။

အမှိုက်တစ်စမို့လည်း သူမကိုရှင်းလင်းချင်နေကြဟာပေါ့။

သူမ ဝမ်းနည်းလာပါသည်။

ထို့ကြောင့်ပင် ဒန်းပေါ်မှာ ပြန်ထိုင်ပြီး ငိုချပစ်မိပါသည်။

ထိုမျက်ရည်တွေက မိဘနှစ်ပါးကို အပြစ်တင်၍ မဟုတ်ပါ။ သူမဘဝကို သူမ ဝမ်းနည်းရလွန်း၍ ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် သွေးသားမတော်စပ်ပါဘဲနဲ့ ဒီလောက်ထိကောင်းပေးခဲ့တဲ့ မေမေနဲ့ဖေဖေက သူမရဲ့ ကျေးမိဘတွေပဲလေ။ သူမ သိတတ်ရမှာပေါ့။

ထိုသို့တွေးလိုက်တော့ လက်ကိုင်အိတ်ထဲမှ ဟန်းဖုန်းကို နှိက်လိုက်ပါ၏။

တုခနဲ ဆိုပြီး အသံရှည်ကြီးမြည်သွားတော့မှ ပါးပြင်ပေါ်မှ မျက်ရည်စက်များကို ခပ်ကြမ်းကြမ်း သုတ်





လိုက်ပြီး ဟယ်လိုဆိုသော ထူးသံကြားသည်နှင့် . . .

"ဂျက် မင်းကို တို့ အမြန်ဆုံးလက်ထပ်မယ်"

ဟုသာပြောပြီး ဖုန်းကို ပိတ်ပစ်မိ၏။ ပြီးနောက် ဝမ်းနည်းနေတဲ့မျက်နှာသွင်ပြင်ကို အနည်းငယ် ပြင်ဆင်ကာ အိမ်ထဲသို့ဝင်လာခဲ့ပြီး ထိုင်နေသော ဖေဖေနှင့် မေမေရဲ့ ရှေ့တွင်ရပ်ကာ . . .

"သမီးကို ဂျက်က လက်ထပ်ခွင့်တောင်းတယ်"

"အင်း"

"အဲဒါ သမီးလက်ခံလိုက်တယ်၊ သမီးကို ခွင့်ပြုပါ"

"ဟင်"

အံ့ဩနေပုံနှင့် မိဘနှစ်ပါးကို နှုတ်ဆက်ကာ ထွက်လာခဲ့ပေမယ့် သူမသိပါသည်၊

သူမရဲ့အပြောစကားကြောင့် သူမရဲ့ မိဘနှစ်ပါးမှာ သိပ်ကို စိတ်ချမ်းသာသွားကြမယ် ဆိုတာပေါ့။

ကျေးဇူးဆိုတာကို မဆပ်နိုင်ခဲ့ရင်တောင် ကျေးဇူးသိသောလူတော့ ဖြစ်ချင်ခဲ့တာ သူမရဲ့ စိတ်ရင်းမှန်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ပါ မေမေရယ်။ သမီးမကြာခင် ဒီမိသားစုက ထွက်သွားတော့မှာပါ။

ကျေးဇူးတင်ပါတယ် ဖေဖေ။

သမီးကို သမီးရင်းလို စောင့်ရှောက်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဘယ်အချိန်ချိန်ပဲ ဖြစ်ဖြစ် ဖေဖေနဲ့မေမေက မပြောင်းလဲတဲ့ သမီးရဲ့ မိဘတွေပါပဲ။



မည်သူကိုမှမတွေ့ချင်၍ သူ့ကို အကြိမ်ကြိမ်လာရှာသော ဦးဦးကိုပါ ပုန်းနေမိပါသည်။ ထို့ကြောင့် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းဖြစ်သူ ကောင်းဇော်မှာ သူ့ကို သတိအားမိသွားတာ ...

"ကြယ်တံခွန် ... မင်း အခုတလော ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"မင်းအိမ်ကတွေ မေးလာတာလည်း အကြိမ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဘာကြောင့် မရှိဘူးရှည်း လိမ်ပြောနိုင်းနေရတာလဲ"

"ငါ ရှက်နေလို့ပါ"

"ရှက်နေလို့"

"ဒီလိုပြောရင် ဝိုမှန်မယ်ထင်လို့ပါ"

"မင်းမှာ စိတ်ညစ်စရာရှိနေတယ် မဟုတ်လ

ပြောပါကွာ၊ သူငယ်ချင်းတွေပဲ ရင်ဖွင့်လိုက်တော့ ခံ

သက်သာတာပေါ့"

"တစ်နှစ်တည်းမှာ အဖေတစ်ယောက်တည်း

တော့ ကလေးနှစ်ယောက် မွေးနိုင်တယ် မဟုတ်လား"

"မွေးနိုင်တာပေါ့ကွ၊ နှစ်ယောက်မဟုတ်ဘူး၊

ယောက် ဆယ်ယောက်လည်းဟုတ်တယ်"

"အဖေတူပြီး အမေမတူတာတွေလည်း မောင်နှ

ပဲပေါ့"

"မောင်နှမပေါ့ကွ၊ ဒါအရင်းကြီးတွေပဲကို"

"ဒါပေမဲ့ ငါတော့ မယုံဘူး၊ မှသားစကားဆို

အမျိုးမျိုးပြောလို့ရတာပဲ"



"မင်း ဘာကိုပြောနေတာလဲ ကြယ်တံခွန်"

"ငါ့အသိပါကွာ၊ အဖေဘက်ကပါတဲ့ သမီးကို အမေဘက်ကပါတဲ့ သားက ကြိုက်တယ်ပြောတယ်"

"ဟာ . . . ဒါတော့ကြိုက်လို့ရတာပဲ၊ သွေးသားမှ မတော်တာ"

"ဒါပေမဲ့ လူကြီးတွေက ငြင်းတယ်၊ ဒီလူက အဖေ ရင်းပါလို့ပြောပြီး ငြင်းနေတယ်"

"ဒါများ လွယ်လွယ်လေး၊ ခေတ်တွေဒီလောက်တိုး တက်နေပြီ ဒီအမ်အေစစ်ကြည့်ပေါ့၊ ဆံပင်ရှင်းချိတ်ကြည့် လို့ရတာပဲ"

ဟုပြောလာချိန်မှာတော့ သူ့ဦးနှောက်တစ်ခုလုံး လင်းလက်သွားရပါသည်။

ဒါကို သူမတွေးမိတာ အမှန်ပါ။

သူ့ကို လိမ်တယ်ဆိုတာကို သူ ကောင်းကောင်း သက်သေပြချင်မိပါ၏။

ထို့ကြောင့်ပင် ထိုကိစ္စကို အမြန်ဆုံးအကောင်

www.burmeseclassic.com

www.burmeseclassic.com



အထည်ဖော်ရန်အတွက် သူကြိုးစားရပါတော့မည်။

ဒါမှ သူချစ်သော ခရေအိမ်က သူညီမ မဟုတ်ဘူး ဆိုတာ သက်သေပြနိုင်မှာပေါ့။





ဒီအမ်အေအဖြေထွက်လာသောအချိန်မှာတော့ သူက ဆောက်တည်ရာမဲ့စွာပင် အနေခက်ခဲ့ရပါ၏။ ထို့ကြောင့်ပင် လက်ထပ်ပွဲအတွက်ပြင်ဆင်နေသူများကို မနှောင့်ယှက်တော့ဘဲ မိမိစိတ်ကို မိမိရှက်ကာ မွေးရပ်မြေဖြစ်သော မြစ်ကြီးနားသို့ ရှောင်ပုန်းလာခဲ့မိပါသည်။

မှတ်ဉာဏ်ထဲ လင်းတစ်ချက် မှိတ်တစ်ချက်ဖြစ်နေသော သာယာလှပသည့် ထိုဘုရားကျောင်းထဲသို့ ဝင်လာခဲ့တော့ ဗိမာန်တော်ထဲမှ ထွက်လာသူနှင့် ဆုံမိသွားရပါသည်။ သူက လွယ်ထားသော အိတ်ကိုချကာ ....

www.burmeseclassic.com



"ဖာရှိသာ"

ဟု ရင်းရင်းနှီးနှီးကြီး ခေါ်ပစ်လိုက်ပါသည်။

"ကျွန်တော့်ကို မမှတ်မိတော့ဘူးလား"

ဟုဆိုတော့ ဖာရှိသာမှာ မျက်မှောင်တွန့်၍ စဉ်းစားလိုက်ပါသည်။ ပြီးနောက် . . .

"ကောမက်"

"ဟား . . . ဖာရှိသာက မှတ်မိသားပဲ"

"မှန်းမိတာပါ။ မင်းရဲ့ အဖေနဲ့ ဖာရှိသာက တစ်ချိန်က သူငယ်ချင်းတွေပဲ။ မင်းက အဖေနဲ့ ဆင်တာကိုးကွ"

"အဖေ . . . ဟုတ်လား။ ဦးလေးဆန်ဆိုသူလား။ ဦးချွန်ဆိုသူလား"

ထိုအမေးစကားမှာတော့ ဖာရှိသာမှာ ဘာမှပြန်မဖြေနိုင်လောက်အောင်ကို မှင်တက်သွားရပါသည်။

သို့သော် သူကပဲ ပျက်ယွင်းနေသော မျက်နှာဟန်ပန်ကိုပြုပြင်ပြီး . . .

"ညီမလေး ခရုအိမ် ဒီလထဲမှာပဲ လက်ထပ်တော့





မယ်"

"ဟော . . . ဒီအရွယ်တောင်ရောက်သွားပြီကိုး"

"ဖာရှိသာ သိမှာမှ မဟုတ်တာပဲ"

"ဖာရှိသာ သိမှာပါ။ ဖာရှိသာ သိပါတယ်"

"ဘယ်သူလဲ"

"အန်တီဆည်းဆာပျို့ရဲ့သား ဂျက်ပါ"

"ဩော်"

"ဖာရှိသာ"

"အင်း . . . ပြောလေ"

"အဖေတူ အမေကွဲ ညီမကို ချစ်မိတာအပြစ်ရှိသလား"

"ဟမ်"

"ကျွန်တော့်ကိုယ် ကျွန်တော်ရက်မိတယ်။ ဒါကြောင့် ကျွန်တော် ရောင်ပုန်းလာခဲ့တာပါ။ မေမေ ဒါကြောင့် အရမ်း စိတ်ဆိုးပြီး ကျွန်တော့်ကို ခွေးလိုလူလို့ ပြောတာပေါ့။ အခုကတော့ ကျွန်တော် မေမေ့ကို စိတ်ဆိုးမိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့မှ ကျွန်တော့်ကိုယ် ကျွန်တော် ရှက်လာခဲ့တယ်။ ဒါကြောင့် ဖာရ်သာ့ဆီလာခဲ့တာပါ။ အရှက်ပြေသွားမှ ကျွန်တော်ပြန်ချင်တယ်။ နေလို့ရတယ် မဟုတ်လား ဖာရ်သာ"

"ရတာပေါ့ကွာ . . . ရပါတယ်"

ဟုသာ ပြောလိုက်ရပေမယ့် ဖာရ်သာရဲ့ မျက်ဝန်းတွေမှာ ပြုံးဆင်းနေရပါသည်။

ကောမက်ရင်ထဲ ဘယ်လောက်ထိ ခံစားနေရမယ်ဆိုတာလည်း ဖာရ်သာရိပ်မိပါ၏။ သိပ်ကို ကြေကွဲနေမည့် ကောမက်ကို နှစ်သိမ့်ပေးချင်မိပါသည်။

နှစ်တွေအတန်ကြာသည်ထိ တည်ဆောက်ထားခဲ့သော ကောမက်ရင်ထဲက ခရုအိမ်အပေါ် သက်ဝင်မှုကို ဖာရ်သာ နားလည်ခံစားမိပါ၏။ သို့သော် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ အကျိုးမရှိဘူးဆိုလျှင် မည်သို့သော စကားလုံးမျိုးကိုမှမပြောတာဟာ အကောင်းဆုံး ရွေးချယ်မှုပါပဲဟု ဖာရ်သာရင်ထဲ တွေးထားပါတော့သည်။

မွှေးသော



"ပထမဆုံးစွန့်သွားတဲ့ ငါတို့သူငယ်ချင်းအတွက်"

ဟု အကြိမ်ကြိမ် တိုက်နေခဲ့တာကြောင့် ဂျက်မှာ မူးရှိနေခဲ့သော်လည်း သူငယ်ချင်း ငါးယောက်လုံးမှ တစ်ခွက်မျှ မသောက်ခဲ့ကြသေးပါ။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ လောင်းကြေးတွေကိုပဲ စိတ်ဝင်စားနေခဲ့ကြတာလေ။ ထို့ကြောင့် ဂျက်ရဲ့ သတို့သမီးအသစ်စက်စက်လေး ထွက်လာခဲ့သည်ထိ သောင်းကျန်းနေခဲ့ကြရာ သူတို့ မျှော်လင့်ထားခဲ့သလိုပဲ အတန်ကြာသောအခါတွင်မှ ဂျက်ရဲ့သတို့သမီးက ပေါ်လာခဲ့ပါသည်။

မွှေးသော

www.burmeseclassic.com



"ဂျက် မင်း တအားမူးနေပြီ"

"ငါးခွက်ပဲ သောက်ရပါသေးတယ်။ သိပ်မမူးသေးဘူး"

ဟုဆိုတော့ သူမက ဘာမှထပ်မပြောတော့ဘဲ အိမ်ထဲဝင်မည်အပြုမှာတော့ . . .

"အစ်မ"

ဟု တားမြစ်လိုက်သောအသံကြောင့် သူမမှာ ရပ်တန့်နေမိပါသည်။

"ကျွန်တော်တို့က အစ်မထွက်လာအောင် စောင့်ပြီး ပြန်မလို့ပါဘဲ"

ဟု ပြောလာတော့ သူမက ထိုအုပ်စုကို လှည့်ကြည့်လိုက်ပါသည်။

"ကျွန်တော်တို့သိချင်တာ တစ်ခုတော့ မှန်မှန်ကန်ကန်ဖြေပေးပါ။ ဒါဆို ကျွန်တော်တို့ပြန်မယ်"

"ဘာလဲ"

"အစ်မ ဂျက်ကို ချစ်လို့ လက်ထပ်တာလား၊ မချစ်





ဘူးလား"

"ဟမ်"

"ကျွန်တော်တို့က ဒီက အစ်မကို ခင်ပါတယ်။ ကျွန်တော်တို့ကို ခင်ရင်ဖြေပေးပါ။ ဂျက်ကို မချစ်ဘူးလို့ ဖြေလည်းရတယ်။ ကျွန်တော်တို့က အစ်မရဲ့ဆန္ဒမှန်ကို သိချင်လို့ပါ"

ဟု မှသားမပါ လက်ာမချောပင် နိုင်တူးက ပြောလိုက်လျှင် သူမက သူတို့တွေအားလုံးကို ပြတ်ပြတ်သားသားပင်ကြည့်ကာ . . .

"တို့ မဖြေရဲစရာ ဘာမှမရှိဘူး။ တို့ဘယ်သူ့ အရှေ့မှာမဆို အမှန်အတိုင်း ဖြေနိုင်ပါတယ်။ အခု တို့ ဂျက်ကို မချစ်ပါဘူး။ ဒါပေမဲ့ တို့လက်ထပ်လိုက်တယ်။ တို့ တစ်ချိန်မှာတော့ ချစ်လာနိုင်လိမ့်မယ်ထင်လို့ပါ။ ဂျက်အပေါ် မှုတည်ပါတယ်။ စိတ်ဆိုတာက မကြာခဏ ပြောင်းလဲနေတတ်ပါတယ်။ ဂျက်က တို့ခင်ပွန်းဖြစ်သင့်ပါသလားဆိုတာ သိတဲ့နေတော့ ဂျက်ကို ချစ်လာမှာပါ။ ဘာဖြစ်လို့လဲဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ တို့နှလုံးသားက အဖြူထည်ဖြစ်နေလို့ပါ။ ဂျက်ရဲ့ အပေါ်မှုတည်ပြီး တို့ရဲ့ချစ်သူ အချိန်မရွေးဖြစ်ချင်ဖြစ်လာနိုင်တယ်။ မနက်ဖြန်လား နောက်လလား။ နောက်နှစ်လား နောက်နှစ်ပေါင်းများစွာလား တို့မသိဘူး။ ကဲ . . . တို့ ဒီလောက်ဖြေပြီးရင် ပြည့်စုံပြီလို့ထင်ပါတယ်"

ဟုသာ ပြောပြီးအိမ်ထဲဝင်သွားသော ထိုအမျိုးသမီးကြောင့် အားလုံးမှာ ငြိမ်သက်ကာ စဉ်းစားနေကြပြီးမှ အချိန်တစ်ခုကြာသွားတော့ အဝွန်းက . . .

"ပေး . . . တစ်ယောက်ငါးသိန်းစီ"

"ဘာကြောင့်ပေးရမှာလဲ"

"ဒီနေ့ သုံးလတိတိပြည့်တဲ့နေ့ပဲ။ ခုချိန်ထိ သူက ဂျက်ကို မချစ်သေးဘူး။ ဒါမချစ်တာလည်း မဟုတ်ဘူး။ ချစ်တာလည်း မဟုတ်ဘူး။ မချစ်သေးတာလေ။ ကဲ . . . ဒါကို ဘယ့်သူနိုင်တယ်ပြောမလဲ"

*"ရွှေသော . . . အဝွန်း။ ဘယ်နတ်ဝတ်နတ်ဖြတ်က* မလိုက်ပြန်ပြီလဲ မသိဘူး"



"လောင်းကြေးနှစ်ခုလုံးမှာ ငါနိုင်တယ်"

"သက်သေပြကွာ"

"လက်ခံလိုက်စမ်းပါ။ ဒီလောင်းကြေးငါးသိန်းမှာ ငါအပြတ်နိုင်တယ်။ ပထမလောင်းကြေးမှာလည်း ငါပဲနိုင်တယ်။ နိုင်တူးပြောသလို သူမမှာ ရည်းစားရှိတယ်ဆိုတာ ရော ဟုတ်လို့လား။ ရဲဇော်လောင်းသလိုလည်း ဂျက်က မရှုံးပြန်ဘူး။ အဲ . . . နိုင်းခလောင်းသလိုလည်း ဂျက်က နိုင်လို့ လား"

"ဘာလို့မနိုင်ရမှာလဲ"

"မချစ်တဲ့ မိန်းမကို လက်ထပ်ထားရတော့ နိုင်တယ်ဆိုဦးမလား။ တူးလာပြောသလိုဆို တကယ်တက်စင်လွဲရောပဲ။ လက်ထပ်မည့်လူလည်း မရှိဘူး။ ဂျက်ကိုလည်း မကြိုက်ဘူး။ ဟဲ . . . ဟဲ . . . ဒါကြောင့် ကမ္ဘာကြီးဟာ လုံးပါတယ်လို့ ပြောတာပေါ့ကွ"

"ဂျက်ပေးတဲ့ နောက်ဆုံးပြစ်ဒဏ်ပေါ့ကွာလို့ သဘော မှတ်ပြီး လှူဒါန်းကြတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရဲဖော်က အရွှမ်းဖောက်တော့ အားလုံးမှာ တဝါးဝါးနှင့် ရယ်ပစ်လိုက်ကြပါတော့သည်။ သူငယ်ချင်းတွေ ပြန်သွားတော့မှ ဂျက်အိမ်ထဲသို့ ဝင်လာခဲ့ပါ၏။

အိမ်ထဲရောက်တော့ မူးနေသော သူပင်လျှင် လှုပ်ရှားနေသောစိတ်တို့ကြောင့် အမူးပြေချင်ချင် ဖြစ်လာရပါသည်။ ထို့ကြောင့်ပင် စိတ်တည်ငြိမ်သွားအောင် ရေတစ်ခွက်သောက်လိုက်ပြီး သူမ၏ မင်္ဂလာခန်းထဲသို့ ဝင်လာတော့ ခုတင်ပေါ်မှာ အိပ်ပျော်နေသော သူ့ရဲ့သတို့သမီး အသစ်စက်စက်လေးကို တွေ့ရ၏။

သူ ပြုံးလိုက်မိပါသည်။

ခုတော့ သူသိပ်ချစ်ရသော မ.နှင့် တစ်မိုးအောက်တည်းမှာ အတူနေခွင့်ရှိပြီလေ။ သူ မပျော်ဘဲနေပါ့မလား။

အိပ်ပျော်နေသော သတို့သမီးရဲ့နဖူးပြင်ကို ဖွဖွလေး နမ်းချင်လှပါသော်လည်း စိတ်တို့ကို ချုပ်တည်းကာ ခေါင်းအုံးတစ်လုံးကိုသာ ဆွဲပွေ့လိုက်ပြီး လှပသော သူ၏ ချစ်မမကိုငေးကြည့်တာ . . .

•——ရွှေပေသာ——•



"good night"

ဟု နှုတ်ဆက်လိုက်ပါသည်။

"ကောင်းကောင်း အိပ်နော်။ အိပ်မက်ထဲမှာ ကျွန်တော့်ကို တွေ့နေပါ။ ကျွန်တော်ကတော့ အိပ်မက်မက်ပြီး ဆုတောင်းလိုက်ဦးမယ်။ မ. ကျွန်တော့်ကို မြန်မြန်ချစ်လာပါစေလို့။ အဲဒီခါကျမှ မ.ရဲ့နဖူးကို ဖွဖွလေးနမ်းတော့မယ်နော်။ အိပ်မက်လှလှမက်ပါစေ"

ဟုသာ တီးတိုးလေးပြောပြီး မူးမူးနှင့်ပင် ခုတင်အောက်တွင် အိပ်ပျော်သွားပါတော့သည်။

ဂျက်ထံမှ စကားသံတိတ်သွားတော့မှ သူမ မျက်လုံးပွင့်လာရပါသည်။

ဂျက် ဆုတောင်းသလိုပဲ သူမလည်း ဆုတောင်းမိပါသည်။ သူမ သိပ်ချစ်ရသော ကိုကိုလည်း နေ့သစ်တွေကို အမြန်ဆုံးရောက်ရှိပါစေပေါ့။

သူမရဲ့ ချစ်ရသူတွေကို သူမ ပျော်ရွှင်စေချင် မိပါသည်။

•——ရွှေပေသာ——•

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်ကနက်သည်ထက်နက်လာသော အချိန်ထိ သူမ အိပ်မရသေးပါ။

ခုတင်အောက်တွင် ခွေခွေလေး အိပ်ပျော်နေသော ဂျက်ကို ကရုဏာသက်စွာကြည့်လိုက်ပြီးမှ စောင်ပါးပါး တစ်ထည်ကို ဂျက်၏ကိုယ်ပေါ်မှာ လွှမ်းတင်ပေးလိုက်ပါ၏။

အိပ်ပျော်နေသော ဂျက်ကိုကြည့်ပြီး သူမ ပြုံးလိုက်မိပါသည်။

သူမ ဘာကြောင့်ပြုံးတာလဲ။

အကယ်၍ ထိုအပြုံးကိုသာ တစ်စုံတစ်ယောက်က ဖတ်တတ်ခဲ့ပါလျှင် အဓွန်းက အမှန်တကယ် နိုင်ဦးမှာလား။

ရသတို့နှင့် ပြည့်စုံပါစေ၊

မယ်နိုင်

www.burmeseclassic.com